# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### အကြောင်းသုံးပါးဖြင့် နတ်ပြည်ရောက်

မှန်သောစကားကို ပြောဆိုရာ၏။ အမျက်မထွက်ရာ။ တောင်းလာသည်ရှိသော် အနည်းငယ်မျှကိုသော်လည်း ပေးလှူရာ၏။ ဤအကြောင်းသုံးပါးတို့ဖြင့် နတ်ပြည်သို့ ရောက်ရ၏။ ကောဓဝဂ်(ဓမ္မပဒ-၂၂၄)


၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၄ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၆၂)၊ အမှတ်(၃၃၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆေးကုသရေးအဖွဲ့ မိတ္ထီလာမြို့၌ ကွင်းဆင်းဆေးကုသ



ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆေးကုသရေးအဖွဲ့မှ အထူးကုဆရာဝန်များက မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများအား ဆေးကုသမှုဆောင်ရွက်ပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၃**

မန္တလေးပြည်သူ့ဆေးရုံကြီးနှင့် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) တို့မှ နှလုံးရောဂါ ဆေးပညာ၊ အထွေထွေရောဂါ ဆေးပညာ၊ ရင်ခေါင်းဆေးပညာ၊ အစာအိမ်နှင့်အူလမ်းကြောင်း ဆေးပညာ၊ အသည်းဆေးပညာ၊ ဦးနှောက်နှင့် အာရုံကြောဆေးပညာ၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ပညာ၊ ဆီးချိုနှင့် ဟော်မုန်းဆေးပညာ၊ သွေးရောဂါဆေးပညာရပ်ဆိုင်ရာ ပါမောက္ခ/အထူးကု ဆရာဝန်ကြီးများ ပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့သည် စက်တင်ဘာ ၂ ရက်နှင့် ၃ ရက်တို့တွင် ကျန်းမာရေးဝန်ကြီးဌာနအစီအစဉ်ဖြင့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့သို့သွားရောက်၍ ပြည်သူ့ဆေးရုံကြီး မိတ္ထီလာမြို့မှ အထူးကုဆရာဝန်ကြီးများနှင့်အတူ ဒေသခံပြည်သူများကို ဆေးကုသမှုများ ဆောင်ရွက်ပေးသည်။

အဆိုပါ အထူးကုဆေးကုသရေးအစီအစဉ်တွင် မိတ္ထီလာမြို့ပေါ်သာမက မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြားသောမြို့နယ်များမှ လာရောက်ပြသနိုင်ရန်အတွက် လူနာများကို ကြိုတင်စုဆောင်းခြင်း စနစ်တကျဆောင်ရွက်ခဲ့ခြင်းကြောင့် မန္တလေးတိုင်းဒေသကြီးမှ မြို့နယ်ပေါင်း ၁၀ မြို့နယ်နှင့် မကွေးတိုင်းဒေသကြီးမှ မြို့နယ် နှစ်မြို့နယ်ရှိ မြို့ပေါ်နှင့် ကျေးလက်နေပြည်သူများ လာရောက်ပြသခဲ့ကြသည်။

ခရီးစဉ်အတွင်း နှလုံးရောဂါ ဆိုင်ရာ ၁၂၄ ဦး၊ ရင်ခေါင်းဆေးကုလူနာ ၃၀၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ၆၇ ဦး၊ ဦးနှောက်နှင့် အာရုံကြော ဆေးကုသမှုဆိုင်ရာ ၁၄၃ ဦး၊ ဦးနှောက်နှင့် အာရုံကြော ခွဲစိတ်ကုသမှုဆိုင်ရာ ၁၅ ဦး၊ အသည်းရောဂါဆိုင်ရာ ၃၈ ဦး၊ သွေးရောဂါဆိုင်ရာ ရှစ်ဦး၊ ဆီးချိုနှင့်ဟော်မုန်းဆိုင်ရာ ၈၀၊ အထွေထွေရောဂါ ဆေးပညာဆိုင်ရာ ၃၃၀၊ စာမျက်နှာ ၄ ကော်လံ ၁ ❍


ယနေ့ ဖတ်စရာ

အရည်အချင်း ညှံ့ညှံ့ အစွမ်းအစ မဲ့မဲ့ ဆောင်းပါး စာ ၆

ပယင်း - ကျန်းမာခြင်း၊ လှပခြင်းတို့အတွက် ရတနာ သေးငယ်လတ်စီးပွားရေးလုပ်ငန်း စာ ၁၀

ဇင်ဘာဘွေနိုင်ငံ၌ စက်တင်ဘာ ၄ ရက်တွင် ရွေးကောက်ခံသမ္မတ ကျမ်းသစ္စာကျိန်ဆိုပွဲ ကျင်းပမည် နိုင်ငံတကာသတင်း စာ ၁၃


## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၄၁၆၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် စက်တင်ဘာ ၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေး ကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်း ဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၄ ရက်မှ စက်တင်ဘာ ၁၀ ရက်အထိ စာမျက်နှာ ၄ ကော်လံ ၁ ❑

## နိုင်ငံတစ်ဝန်း ငြိမ်းချမ်းရေးအတွက် စိတ်ကောင်း စေတနာကောင်းထားရန်လို

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၅ ဖွဲ့တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲကို နေပြည်တော်တွင် ဩဂုတ် ၂၉ ရက်မှ ၃၁ ရက်အထိ ကျင်းပခဲ့သည်။ သုံးရက်တာ ဆွေးနွေးညှိနှိုင်းမှုများအပြီးတွင် အပြီးသတ်ရရှိလာသည့် သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်ခဲ့ကြသည်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) သည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စု တည်ဆောက်ရေးတွင် လက်နက်ကိုင်ပဋိပက္ခများကို ရှောင်ရှားပြီး နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပကာ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည့် တစ်ခုတည်းသော လမ်းကြောင်းဖြစ်သည့် အတွက် မည်သည့်အစိုးရ တာဝန်ယူထားသည်ဖြစ်စေ ရှင်သန် နေရန်လိုအပ်သည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် အစိုးရလွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၈) ဖွဲ့တို့က နိုင်ငံတကာအသိသက်သေများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဥရောပသမဂ္ဂနှင့် ကုလသမဂ္ဂတို့မှ သံတမန်များ၊ ပြည်တွင်း အသိသက်သေများ ရှေ့မှောက်တွင် ခမ်းနားထည်ဝါစွာ လက်မှတ်ရေးထိုးခဲ့ကြသည့်အပြင် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုထားသည့် သမိုင်းဝင်စာချုပ် တစ်ခုဖြစ်သည်။ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်တွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းနှစ်ဖွဲ့ ထပ်မံပါဝင် လက်မှတ်ရေးထိုးခဲ့သဖြင့် NCA တွင် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့ ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၇) ဖွဲ့၊ NCA လက်မှတ်မရေးထိုးထားရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၃) ဖွဲ့နှင့် နိုင်ငံရေးပါတီတို့ တွေ့ဆုံဆွေးနွေးခဲ့ကြပြီး "ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် ပါတီစုံဒီမိုကရေစီနိုင်ငံရေးစနစ် ခိုင်မာစေရေးအတွက် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်မည်၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လိုလားချက်ပန်းတိုင်ဖြစ်သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်မည်၊ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲပူးပေါင်း အကောင်အထည်ဖော်မည်" ဆိုသည့် အချက်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်နိုင်ရေးအတွက် ပုဒ်မများမှ ၂၁ ချက်တို့ကို သဘောတူညီခဲ့ကြရာ ငြိမ်းချမ်းရေးဆွေးနွေးပွဲများသည် ရှေ့သို့ဆက်လက်သွားလျက်ရှိပြီး ဖြစ်ပေါ်တိုးတက်မှုများလည်း ရရှိနေခြင်းပင်ဖြစ်သည်။

"ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် တိုင်းပြည်အပေါ်တွင် စိတ်ကောင်း စေတနာကောင်းထားရန်လိုကြောင်း၊ နိုင်ငံရေးမျှော်မှန်းချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းများတွင် တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းပါဝင်ကြရန် လိုအပ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၃/၂၀၂၃) တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာကောင်းများနှင့် အရင်းအမြစ်များစွာတို့ကို ပိုင်ဆိုင်ထားပါလျက် ဆင်းရဲနွမ်းပါးမှုနှင့် ခေတ်နောက်ကျမှုအခြေအနေများမှ ရုန်းမထွက်နိုင်ရခြင်းမှာ အခြေခံအကျဆုံးလိုအပ်ချက်ဖြစ်သော ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို မတည်ဆောက်နိုင်သေးခြင်းက အဓိကအကြောင်းရင်းဖြစ်သည်။ မည်သို့ပင်ဖြစ်စေကာမူ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) နှင့်အညီ တွေ့ဆုံဆွေးနွေးခြင်းများမှ တစ်ဆင့်ပြီးတစ်ဆင့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး လိုလားသည့် ငြိမ်းချမ်းသာယာဝပြောသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် အခြေခံသော ပြည်ထောင်စုနိုင်ငံတော်ကြီးကို မျက်မှောက်ပြုနိုင်ကြမည်ဟု ယုံကြည်ပါကြောင်း။ ။

## တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်းပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၃**



တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင် အလှူငွေများလှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော် တပ်ကုန်းမြို့ ငွေတောင်တောရကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ တပ်ကုန်းမြို့ မြို့ရှေ့စန္ဒာရုံ ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒသီရိ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ တပ်ကုန်းမြို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စေတနာရှင်၊ အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက တပ်ကုန်းမြို့ မြို့ရှေ့စန္ဒာရုံ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒသီရိထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်သည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာကြားကြသည်။

ဆက်လက်၍ မြို့ရှေ့စန္ဒာရုံ ကျောင်းတိုက် ဆရာတော်ထံ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးက လည်းကောင်း၊ ဂိုဏ်းထောက်ပရိယတ္တိ စာသင်တိုက်ဆရာတော်ထံ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်က လည်းကောင်း၊ ရွှေအင်းရိပ်သာ ကျောင်းတိုက် ဆရာတော်ထံ စစ်ဦးစီးအရာရှိချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်က လည်းကောင်း လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသော ဆွမ်းဆန်တော်နှင့် ဆီ၊ ဆား၊ ပဲ၊ ဆေးများအား မြို့ရှေ့စန္ဒာရုံ ကျောင်းတိုက် ဆရာတော်နှင့် ဆရာတော်၊ သံဃာတော်များအား ဆက်ကပ် လှူဒါန်းကြသည်။ ယင်းနောက် ဆွမ်းပဒေသာပင် အလှူတော်ငွေများကို တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက အသီးသီး ပေးအပ်လှူဒါန်းကြရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဇွဲဝင်းမြင့်နှင့် စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်တို့က လက်ခံရယူကြသည်။ ယင်းနောက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်များ လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) မှ တပ်မတော်အရာရှိကြီး တစ်ဦးက ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် မြို့ရှေ့စန္ဒာရုံ ကျောင်းတိုက် ဆရာတော်ထံမှ အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားအား ရုပ်သိမ်းသည်။

နေပြည်တော် တပ်ကုန်းမြို့နယ်၊ ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီး ကျောင်းများ၊ သီလရှင် စာသင်တိုက်များနှင့် သဒ္ဓါမိကဘိုးဘွားရိပ်သာ တို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများက ၂၀၀၆ ခုနှစ်မှစ၍ နှစ်စဉ်လှူဒါန်းလျက်ရှိပြီး ယနေ့ လှူဒါန်းမှုအစုစုမှာ အလှူငွေကျပ် ၂၅၀၈၅၀၀၀၊ ဆန် ၄၉၈ အိတ်၊ ဆီ ၁၄၉ ဒသမ ၄ ပိဿာ၊ ပဲ ၁၄၉၄ ပိဿာ၊ ဆား ၁၄၉၄ ပိဿာ၊ ဆေးမျိုးစုံဘူး ၃၄၈၀ တို့ကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပျဉ်းမနားမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ စာပေဟောပြောပွဲနှင့် စာအုပ်စာစောင် လှူဒါန်းပွဲကျင်းပ

**ပျဉ်းမနား စက်တင်ဘာ ၃**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပျဉ်းမနားမြို့နယ် လူထုအခြေပြု ဗဟိုဌာန (Community Centre) ၌ စာပေဟောပြောပွဲနှင့် စာအုပ်စာစောင် လှူဒါန်းပွဲကို ယမန်နေ့က ကျင်းပသည်။

ဦးစွာ အမျိုးသားစာပေဆုရှင် စာရေးဆရာကြီး ချစ်နိုင် (စိတ်ပညာ) က အလှူရှင် အမျိုးသားစာပေဆုရှင် စာရေးဆရာကြီး စိုးတင့် (ရောဝတီ) နှင့် မိတ်ဆက်ပေးပြီး လူငယ်များအတွက် စိတ်ဓာတ် ခွန်အားဖြစ်စေမည့် အကြောင်းအရာများ ဟောပြောဆွေးနွေးသည်။ ထို့နောက် စာရေးဆရာကြီးစိုးတင့် (ရောဝတီ) က အမျိုးသားစာပေဆု ရရှိခဲ့သည့် "ဖိုးထောင်ဇာတ်လမ်းစုံ" စာအုပ်ရေးသားဖြစ်ခဲ့ပုံနှင့် စာပေရေးရာများ ဟောပြောဆွေးနွေးသည်။ ယင်းနောက် အလှူငွေပေးအပ်ပွဲနှင့် စာအုပ်စာစောင်လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ စာရေးဆရာကြီးစိုးတင့် (ရောဝတီ) က ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပြည်သူ့စာကြည့်တိုက် ရှစ်တိုက်အတွက် စာကြည့်တိုက်တစ်တိုက်လျှင် အလှူငွေကျပ်တစ်သိန်းနှင့် စာအုပ်စာစောင်များ၊ စာရေးဆရာကြီး ချစ်နိုင်(စိတ်ပညာ) က စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။



ထို့နောက် စာရေးဆရာ မောင်ရေချမ်း ရေးသားသည့် စာအုပ်များ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် စာကြည့်တိုက်များ ဖောင်ဒေးရှင်းတို့မှ ပြည်သူ့စာကြည့်တိုက်များ အတွက် လှူဒါန်းသည့် စာအုပ်စာစောင်များနှင့် ပျဉ်းမနားမြို့နယ် တောင်ပေါ်ကျေးရွာများ အတွက် လှူဒါန်းသည့် စာအုပ်စာစောင်များအား တာဝန်ရှိသူများက ပေးအပ်လှူဒါန်းရာ နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးနှင့် ခရိုင်/ မြို့နယ်ဦးစီးမှူးများက လက်ခံရယူကြကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**

# တရုတ်နိုင်ငံ၏ အရည်အသွေးပိုင်းဆိုင်ရာညီလာခံသို့ တက်ရောက်ခဲ့သည့် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ



**ရန်ကုန် စက်တင်ဘာ ၃**

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ် ချန်ဒူးမြို့တွင် စက်တင်ဘာ ၁ ရက်မှ ၂ ရက်အထိ ကျင်းပခဲ့သည့် (၅) ကြိမ်မြောက် တရုတ်နိုင်ငံ၏ အရည်အသွေးပိုင်းဆိုင်ရာညီလာခံ (The Fifth China Quality Conference) သို့ တက်ရောက်ခဲ့ပြီး ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ သံမှူးကြီး Mr. Zheng Zhihong နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။

ခရီးစဉ်အတွင်း ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ဩဂုတ် ၃၁ ရက် နံနက်ပိုင်းတွင် စီချွမ်ပြည်နယ် ပါတီအတွင်းရေးမှူး Mr. Wang Xiaohui နှင့် အဖွဲ့အား လက်ခံတွေ့ဆုံပြီး အခြေခံအဆောက်အဦ တည်ဆောက်ရေးကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ လူမှုရေးနှင့် ယဉ်ကျေးမှုကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရေးနှင့် ခေတ်မီစိုက်ပျိုးရေးနည်းပညာများ ပံ့ပိုးကူညီရေးစသည့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကိုလည်းကောင်း၊ မွန်းလွဲပိုင်းတွင် စီချွမ်ပြည်နယ်စွမ်းအင်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအဖွဲ့ (Sichuan Energy Investment Group Co., Ltd.) အား လက်ခံတွေ့ဆုံပြီး မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် စွမ်းအင်ဆိုင်ရာကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးခဲ့သည်။ **(အောက်ပုံ)**

စက်တင်ဘာ ၁ ရက်တွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် Chengdu Century City New International Convention Center ၌ ပြုလုပ်သည့် (၅) ကြိမ်မြောက် တရုတ်နိုင်ငံ၏ အရည်အသွေးပိုင်းဆိုင်ရာ ညီလာခံ (The Fifth China Quality Conference) သို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ အဆိုပါညီလာခံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Zhang Guoqing၊ တရုတ်နိုင်ငံ၏ဈေးကွက်ထိန်းချုပ်စောင့်ကြည့်ရေး စီမံအုပ်ချုပ်ရေးဌာနဝန်ကြီး Mr. Luo Wen၊ စီချွမ်ပြည်နယ် ပါတီအတွင်းရေးမှူး Mr. Wang Xiaohui ၊ စီချွမ်ပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Huang Qiang၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ နိုင်ငံတကာ စံနှုန်းသတ်မှတ်ရေးအဖွဲ့နှင့် အခြားနိုင်ငံတကာအဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။



ညနေပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် စီချွမ်ပြည်နယ် လဲ့ရှန်းမြို့ရှိ ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင် လဲ့ရှန်းဘုရားကြီးသို့ သွားရောက်လေ့လာဖူးမြော်ခဲ့ပြီး လဲ့ရှန်းမြို့ ပါတီအတွင်းရေးမှူး မစ္စတာမာဘိုမှ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။ ယင်းညစာစားပွဲတွင် လဲ့ရှန်းမြို့အစိုးရမှ အဆိုပြုထားသည့် လဲ့ရှန်းမြို့နှင့် မြန်မာနိုင်ငံ ပုဂံမြို့တို့အကြား ချစ်ကြည်ရေး ညီအစ်မမြို့ သတ်မှတ်ရေးကိစ္စ အပါအဝင် စိုက်ပျိုးရေး၊ နည်းပညာ ဖလှယ်ရေးနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်လုပ်ဆောင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

စက်တင်ဘာ ၂ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် အော့မေတောင်ရှိ ဟွာကျန့်ဘုရားကြီးအား သွားရောက်ဖူးမြော် ကြည်ညိုခဲ့ပြီး ကောချောင်လီ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း (Gao-qiao-li Rural Revitalization Project) သို့ ဆက်လက်သွားရောက်ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။ **(အပေါ်ပုံ)**

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ချန်ဒူးမြို့မှ ပြန်လည်ထွက်ခွာရာ ချန်ဒူးရှွမ်းလျူအပြည်ပြည်ဆိုင်ရာ လေဆိပ် (Chengdu Shuangliu International Air-port) တွင် စီချွမ်ပြည်နယ်အစိုးရ ဒုတိယ အထွေထွေအတွင်းရေးမှူး Mr. Ge Xiaopeng နှင့်အဖွဲ့က ပို့ဆောင် နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ငလိုက်ရာဘာ ရေလွှဲဆည်နှင့် ရေပေးဝေရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၃

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့ မွန်းလွဲပိုင်းက ဇမ္ဗူသီရိမြို့နယ်ရှိ ငလိုက်ရာဘာရေလွှဲဆည်နှင့် ရေပေးဝေရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။**



စစ်ဆေးစဉ် ဒုတိယဝန်ကြီးက ငလိုက်ရေလှောင်တမံ ရေသောက်စနစ်အတွင်းရှိ သီးနှံစိုက်ဧရိယာများ စိုက်ပျိုးရေ ဖူလုံစွာပေးဝေနိုင်ရန် ရေကူးပေးပို့ရေးအတွက် တံခွန်တိုင်ချောင်းပေါ်တွင် ရေကူတမံ တည်ဆောက်နိုင်ရေး စူးစမ်းလေ့လာခြင်း လုပ်ငန်းများအား သတ်မှတ်ကာလအတွင်းပြီးစီးရေးနှင့် ဒီဇိုင်းပုံစံများ မြန်မြန်ဆန်ဆန်ရရှိစေရေး ဆောင်ရွက်ကြရန် တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဒက္ခိဏသီရိမြို့နယ် ဆည်စုကျေးရွာအနီးရှိ ငလိုက်ဆည်ရေသောက်စနစ်ကို ရေကူပေးလျက်ရှိသော ရေကိုပြန်လည်အသုံးချသည့် နည်းစနစ်ဖြင့် ဆောင်ရွက်ထားသော ဆည်စုရေလွှဲဆည်မှ မိုးစပါးရေပေးဝေမှုကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ထို့နောက် ငလိုက်ဆည်ရေသောက်စနစ် လက်ယာလက်တံ (၂) ရေသောက် မျိုးစေ့ထုတ်မျိုးစပါး စိုက်ခင်းကို ကြည့်ရှုပြီး ရေအသုံးချသူများအဖွဲ့ (WUG) နှင့်တွေ့ဆုံ၍ စိုက်ပျိုးမြေဧရိယာအားလုံး စိုက်ပျိုးရေ အညီအမျှ ရရှိသုံးစွဲနိုင်ရေးနှင့် သီးနှံများအထွက်တိုးရေးအတွက် သက်ဆိုင်ရာဌာနများနှင့် တောင်သူများအားလုံး ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မိုးရွာသွန်းချိန်တွင် တောင်ညိုချောင်းနှင့် တံခွန်တိုင်ချောင်းမှ ကျရောက်လာသော ရေများကို အလေအလွင့်မဖြစ်စေဘဲ ငလိုက်ရေလွှဲဆည်အတွင်းသို့ တိုက်ရိုက်ဝင်ရောက်စေပြီး ရေလွှဲဆည်မှတစ်ဆင့် ဆည်ရေသောက်ဧရိယာများသို့ ပို့လွှတ်ပေးလျက်ရှိရာ လက်ရှိအချိန်တွင် ငလိုက်ရေလှောင်တမံမှ ရေကို သီးထပ်စိုက်ပျိုးနိုင်ရေးအတွက် ချွေတာသုံးစွဲလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



# ကျောက်တော်၌ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

**ကျောက်တော် စက်တင်ဘာ ၃**

ရခိုင်ပြည်နယ် ကျောက်တော်မြို့ အထက(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ယနေ့ နံနက်ပိုင်းက ပန်းခင်း (၂) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။ **(ဝဲပုံ)**

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ပန်းခင်း (၂) စီမံချက်ဖြင့် "လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့" ဆောင်ပုဒ်နှင့်အညီ နိုင်ငံသားတိုင်း နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေရေး၊ နိုင်ငံသား ဂုဏ်သိက္ခာနှင့်အညီ နေထိုင်နိုင်ရေးအတွက် ကျောင်းသား ကျောင်းသူများကို ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးဦးသိန်းမောင်က ပြောကြားသည်။

အဆိုပါ ပန်းခင်း (၂) စီမံချက်ဖြင့် အထက (၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၄၈ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခဲ့ပြီး ကျန်ရှိသည့် အခြေခံပညာကျောင်းများနှင့် ရပ်ကွက်ကျေးရွာများသို့ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **ခင်မောင်ထွန်း(ပြန်/ဆက်)**

# အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်) စီမံကိန်းသည် နိုင်ငံတော်အတွက်အရေးကြီးသည့် စီမံကိန်းဖြစ်၍ အောင်မြင်အောင်ကြိုးစားဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၃**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းသည် ယမန်နေ့ နံနက်ပိုင်းတွင် တောင်ကြီးမြို့ရှိ ဗုဒ္ဓတက္ကသိုလ်သို့ သွားရောက်၍ အောက်စဖို့ဒ် ဆရာတော် ဒေါက်တာအရှင်ဓမ္မသာမိအား ဖူးမြော်ကြည်ညိုပြီး နဝကမ္မဝတ္ထုငွေများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ ဗုဒ္ဓတက္ကသိုလ်ဝင်းအတွင်း ခရေပင်များကို စိုက်ပျိုးပေးကာ စာကြည့်တိုက်ကို လေ့လာကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) သို့ ရောက်ရှိပြီး စက်ရုံအစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းသည် နိုင်ငံတော်အတွက် အရေးကြီးသည့် စီမံကိန်းဖြစ်၍ ဝန်ထမ်းများက အောင်မြင်အောင် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်ရုံရှိဝန်ထမ်းများအနေဖြင့် ခေတ်မီနည်းပညာများ ရရှိရေး၊ ကိုင်တွယ်မောင်းနှင်ရမည့် စက်ပစ္စည်း ကိရိယာများနှင့် ပတ်သက်၍ ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်အောင် စဉ်ဆက်မပြတ် လေ့လာသင်ယူရန်၊ အလုပ်ရုံခွဲအလိုက် ပြုပြင်ပြီးဖြစ်သည့် စက်ပစ္စည်းကိရိယာများကို စမ်းသပ်မောင်းနှင်ရန်နှင့် အမြဲမပြတ်စစ်ဆေးပြုပြင်သွားရန်၊ စက်ပစ္စည်းကိရိယာများအား ပြုပြင်ခဲ့သည့် အခြေအနေများကို မှတ်တမ်းထားရှိရန်၊ စက်ရုံခွဲအလိုက် တပ်ဆင်ထားရှိသည့် စက်ပစ္စည်းကိရိယာများ၏ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို ကျေညက်အောင် လေ့လာထားရန်၊ စက်ပစ္စည်းကိရိယာများ တစ်စုံတစ်ရာ ဖြစ်ပွားပါက ဆောင်ရွက်ရမည့်လုပ်ငန်းစဉ် (SOP) များကို ကြိုတင်မျှော်တွေးရေးဆွဲထားရန်၊ စက်ရုံ၌ မမျှော်မှန်းနိုင်သည့် အရေးပေါ်ကိစ္စရပ်များ ဖြစ်ပွားလာပါက ဆောင်ရွက်မည့် အစီအမံများကိုလည်း ပြုစုရေးဆွဲထားရန် မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ စက်ရုံမှူးက တပ်ဆင်ထားရှိသည့် စက်ပစ္စည်းကိရိယာများအား စစ်ဆေးပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် အစီအမံတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စီမံကိန်းလုပ်ငန်းများ ပြီးပြတ်အောင် ဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည့် အစီအမံများကို ကဏ္ဍအလိုက် အသေးစိတ်ညှိနှိုင်းဆွေးနွေးသည်။

ယနေ့ နံနက်ပိုင်းတွင် အမှတ်(၂) သံမဏိစက်ရုံ၏ မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတော်ကို စက်ရုံဝင်းအတွင်း၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်တို့က သတ်မှတ်နေရာများ၌ ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးကြသည်။



ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများသည် ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှု အားပေးသည်။ ယနေ့ အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) ၏ ၂၀၂၃ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်တွင် ရတနာတန်းဝင် ကျွန်းပင် ၁၀၀ နှင့် ထင်းရှူး၊ စိန်ပန်းပြာပင် ၄၀၀၊ စုစုပေါင်း သစ်ပင် ၅၀၀ စိုက်ပျိုးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စက်ရုံ အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ စီမံကိန်းလုပ်ငန်းများ ပြီးပြတ်အောင် ဆောင်ရွက်နိုင်ရေးအတွက် စက်ရုံခွဲများအလိုက် စစ်ဆေးပြုပြင်ရမည့် အစိတ်အပိုင်း တစ်ခုချင်းစီအလိုက် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ညှိနှိုင်းပေါင်းစပ်ဖြေရှင်း ဆောင်ရွက်ခဲ့ပြီး အောက်ဆီဂျင် ထုတ်လုပ်ရေး အလုပ်ရုံ သံရည်ကျိုမီးဖိုနှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

# (၅) ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲ (Farmers' Forum) ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၃**

တောင်သူနည်းပညာ ဆွေးနွေးပွဲ (Farmers' Forum) ကို ယမန်နေ့ နံနက်ပိုင်းက ဇေယျာသီရိမြို့နယ် ရေဆင်းတက္ကသိုလ် နယ်မြေရှိ စိုက်ပျိုးရေး သုတေသနဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် ဦးစီးဌာနများမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးဌာနအောက်ရှိ နည်းပညာ ကျွမ်းကျင်ပညာရှင်များနှင့် တပ်ကုန်းမြို့နယ်မှ တောင်သူများ တက်ရောက်ကြသည်။ **(ယာပုံ)**



ဦးစွာ ဒုတိယဝန်ကြီးက လယ်ယာကဏ္ဍထုတ်ကုန် မြင့်မားစေရေးအတွက် သီးထပ်စွမ်းအားများကို မြှင့်ဆောင်ကြရမည်ဖြစ်ကြောင်း၊ မြေဆီလွှာများကို ဓာတ်ခွဲစမ်းသပ်မှု သုတေသနမှတ်တမ်းများအရ ဒေသအသီးသီးမှ မြေဆီလွှာအမျိုးမျိုးတွင် အော်ဂဲနစ်မက်တာခေါ် ဇီဝအကြွင်းအကျန်များ နည်းပါးလျက်ရှိရာ အပင်လိုအပ်သည့် အာဟာရဓာတ်များ ထိန်းသိမ်းနိုင်စွမ်း မရှိသည်ကို လေ့လာ တွေ့ရှိရကြောင်း၊ မြေဆီလွှာ ကျန်းမာရေးကောင်းမှ သီးထပ်စွမ်းအား တိုးမြှင့်နိုင်မည်ဖြစ်ကြောင်း။

ယခုကဲ့သို့ နှီးနှောဖလှယ်ပွဲများမှတစ်ဆင့် အသိပညာနှင့် အသက်မွေးဝမ်းကျောင်း ပညာရပ်များ တိုးပွားလာစေမည်ဖြစ်ပြီး သုတေသီများ၊ ပညာရှင်များနှင့် တောင်သူများအကြား နည်းပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲများ ပုံမှန်ကျင်းပပြီး သိသာထင်ရှားသော ပြောင်းလဲတိုးတက်မှုများ ဖော်ဆောင် ပေးနိုင်ရေးအတွက် လုပ်နည်းလုပ်ဟန် အသွင်ကူးပြောင်းမှု မြန်မြန်ဆန်ဆန်ဖြင့် ကြိုးပမ်းသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် တောင်သူ နည်းပညာ ဆွေးနွေးပွဲ (Farmers' Forum) ကို ဆက်လက် ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသန္တာညီနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန စိုက်ပျိုးရေးဆိုင်ရာ သဘာဝအရင်းအမြစ်များ သုတေသနဌာနခွဲ မြေဆီလွှာသိပ္ပံသုတေသနဌာနမှ သုတေသနမှူး ဒေါက်တာနီနီတင်တို့က မြေဆီလွှာကျန်းမာရေးနှင့် သီးနှံစိုက်စွမ်းအား တိုးမြှင့်ရေးကို တောင်သူများနှင့် အပြန်အလှန် နှီးနှောတိုင်ပင် ဆွေးနွေးကြသည်။

**စနေနေ့တိုင်းကျင်းပသွားမည်**

တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ နည်းပညာ အခက်အခဲများ ဖြေရှင်းပေးရာတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် သုတေသီများ၊ ပညာရှင်များ၊ စိုက်ပျိုးပညာပေး တာဝန်ရှိသူများနှင့် တောင်သူများ အကြား နီးကပ်စွာ ဆွေးနွေး အဖြေရှာ ဖော်ထုတ်ပေးနိုင်ရေး အတွက် တောင်သူနည်းပညာ ဆွေးနွေးပွဲ (Farmers' Forum) ကို အပတ်စဉ်စနေနေ့တိုင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

○ ***ရှေ့ဖုံးမှ***

အရိုးရောဂါဆိုင်ရာ ၃၉ ဦး၊ အထွေထွေခွဲစိတ်ကုသမှုဆိုင်ရာ ၂၀၊ သားဖွားမီးယပ်ဆိုင်ရာ ခုနစ်ဦး၊ အရေပြား ရောဂါဆိုင်ရာ ၂၆ ဦး၊ သွား/ခံတွင်းဆိုင်ရာ ၂၉ ဦး၊ ကိုယ်အင်္ဂါ ပြန်လည်သန်စွမ်းရေးဆိုင်ရာ ၃၅ ဦး၊ မျက်စိရောဂါဆိုင်ရာ ၉၉ ဦး၊ စုစုပေါင်းဒေသခံပြည်သူ ၁၀၉၀ တို့ကို ကြည့်ရှုကုသမှုပေးခဲ့ပြီး အဆိုပါလူနာများအနက် နှလုံးပုံရိပ်ဖော်စက်ဖြင့် ကြည့်ရှုခြင်း (Echocardiography) ၂၃ ဦး၊ အစာအိမ်နှင့် အူလမ်းကြောင်း မှန်ပြောင်း ကြည့်ရှုခြင်း(OGDS) ၁၆ ဦး၊ အဆုတ်အမြှေးပါးအတွင်းမှ အရည်ဖောက် ထုတ်ကုသမှုပေးခြင်း တစ်ဦး၊ ကွန်ပျူတာဓာတ်မှန် ဖြင့် စစ်ဆေးခြင်း (CT scan) ၁၃ ဦး၊ ဓာတ်မှန်ဖြင့် ရောဂါရှာဖွေခြင်း ၁၇၈ ဦး၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း ၃၃၀၊ Ultrasound ရိုက်ကူးခြင်း ၁၁၃ ဦး၊ နှလုံးစက်ဖြင့် စစ်ဆေးခြင်း (ECG) ၉၅ ဦး၊ သွေးချိုဓာတ် (HbA1C) တိုင်းတာခြင်း ၁၇၈ ဦးတို့ကို စမ်းသပ်စစ်ဆေး ကုသပေးနိုင်ခဲ့သည်။ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများသည် ပြည်သူ့ဆေးရုံကြီး မိတ္ထီလာမြို့တွင် ဆေးရုံတက်ရောက် ကုသမှုခံယူနေကြသော အတွင်းလူနာများကိုလည်း ဘာသာရပ်အလိုက် ကြည့်ရှုပေးခဲ့ပြီး လိုအပ်သော ကုသမှုနှင့် အကြံပြုချက်များ ဆောင်ရွက်ပေးသည်။

ထို့ပြင် ရင်ခေါင်းရောဂါ ဆေးကုသမှုဆက်လက်ဆောင်ရွက်ရန် လိုအပ်သောလူနာ လေးဦး၊ နှလုံးရောဂါဆိုင်ရာ ဆေးကုသမှုဆက်လက်ဆောင်ရွက်ရန် လိုအပ်သောလူနာ လေးဦး၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ဆေးကုသမှု ဆက်လက်ဆောင်ရွက်ရန် လိုအပ်သောလူနာ သုံးဦး၊ ဦးနှောက်နှင့် အာရုံကြောဆေးကုသမှု ဆက်လက်လိုအပ်သော လူနာ ၂၅ ဦး၊ အထွေထွေရောဂါဆိုင်ရာ ဆက်လက်စစ်ဆေးကုသမှု လိုအပ်သောလူနာ ခြောက်ဦးတို့ကို မန္တလေးပြည်သူ့ဆေးရုံကြီးသို့ လည်းကောင်း၊ ဦးနှောက်နှင့် အာရုံကြော ခွဲစိတ်ကုသမှု လိုအပ်သောလူနာ ခြောက်ဦးကို နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) သို့လည်းကောင်း လွှဲပြောင်းကုသနိုင်ရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် မိတ္ထီလာလေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ် ဝင်းမောင်သိန်းနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်သူ့ဆေးရုံကြီး မိတ္ထီလာမြို့သို့ရောက်ရှိကာ လာရောက်ပြသကုသမှုခံယူကြသော လူနာများကို ကြည့်ရှုအားပေးပြီး ပါမောက္ခ/အထူးကုဆရာဝန်ကြီးများအား ကျေးဇူးတင်စကား ပြောကြား၍ လာရောက်ပြသကြသော လူနာများကို နေ့လယ်စာထမင်းဘူးများ လှူဒါန်းခြင်းနှင့် အထူးကုဆေးကုသရေးအဖွဲ့ကို ဒေသထွက်အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြသည်။

အထူးကု ဆေးကုသရေးအဖွဲ့များသည် ၂၀၂၃ ခုနှစ်အတွင်း ကျန်းမာရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ သုံးကြိမ်နှင့် ပုသိမ်မြို့၊ တောင်ကြီးမြို့၊ မကွေးမြို့၊ ပြည်မြို့တို့သို့ သွားရောက်၍ ဆေးကုသမှုများ ဆောင်ရွက်ပြီးဖြစ်ကာ ကျန်တိုင်းဒေသကြီး/ ပြည်နယ်များသို့လည်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❑ ***ရှေ့ဖုံးမှ***

ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၄၁၆၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင် ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

**ဝင်ရောက်ကြည့်ရှုနိုင်**

အခြေခံလက်ကားရည်ညွှန်း ဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm ၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးအတွင်း အခြေခံစားသုံးကုန်များအား သက်သာသောနှုန်းထားဖြင့် ဝယ်ယူစားသုံးနိုင်ရေး နေ့စဉ်စီမံပေးလျက်ရှိ

**ပဲခူး စက်တင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက ပဲခူးမြို့ မြို့မဈေးကြီးအတွင်း၌ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်စီစဉ်မှုဖြင့် နေ့စဉ်ဖွင့်လှစ်ရောင်းချလျက်ရှိသော ကိုယ်တိုင်စိုက်ပျိုးမွေးမြူ ထုတ်လုပ်သူများ၏ တိုက်ရိုက်အရောင်းဆိုင်များ ဖွင့်လှစ်နေမှုကို ကြည့်ရှုအားပေးခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲခူးမြို့ မြို့မဈေးကြီး၌ ကိုယ်တိုင်စိုက်ပျိုးမွေးမြူ ထုတ်လုပ်သူများ၏ တိုက်ရိုက်အရောင်းဆိုင်များ ဖွင့်လှစ်နေမှုကို ကြည့်ရှုအားပေးပြီး အခြေခံစားသုံးကုန်များ သန့်ရှင်းလတ်ဆတ်ရန်နှင့် စားသုံးကုန်ပစ္စည်းအလိုက် သတ်မှတ် ရည်ညွှန်းဈေးနှုန်းအတိုင်း ရောင်းချရန်၊ တာရှည်ခံဓာတုဆေးဝါးများဖြင့် ပြုပြင်ဆောင်ရွက်ထားသည့် စားသုံးရန် မသင့်သော စားသုံးကုန်များ ရောင်းချမှုမရှိစေရေး FDA နှင့် ချိတ်ဆက်၍ စစ်ဆေးခြင်းများ ဆောင်ရွက်ရန်၊ ပြည်သူလူထု၏ အဓိက အခြေခံစားကုန်ဖြစ်သည့် ဆန်၊ ဆီ၊ ဥ၊ ငါး ပြတ်လပ်မှုမရှိစေရေး ရောင်းချပေးရန် တာဝန်ရှိသူများအား မှာကြားသည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပဲခူးမြို့ မဇင်းရပ်ကွက် ရွှေသာလျောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ယာဉ်ရပ်နားဝင်း၌ Mobile Shop Car များဖြင့် အခြေခံစားသုံးကုန် ဆန်၊ ဆီ၊ ငါး၊ ကြက်ဥများအား သက်သာသော ရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မဇင်းရပ်ကွက် ရွှေသာလျောင်းဘုရားဈေးသို့ ရောက်ရှိပြီး အခြေခံစားသုံးကုန် ပစ္စည်းအမျိုးအစားအလိုက် လက်လီရောင်းချနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပဲခူးတိုင်းဒေသကြီးအစိုးအဖွဲ့၏ ဦးဆောင်စီစဉ်မှုဖြင့် ဒေသခံပြည်သူများ ဆန်၊ ဆီ၊ အသား၊ ငါး၊ ဥ၊ ဟင်းသီးဟင်းရွက်များကို သန့်ရှင်း လတ်ဆတ်ပြီး ဈေးနှုန်းသက်သာစွာ ဝယ်ယူ စားသုံးနိုင်ရေး သက်ဆိုင်ရာ ကိုယ်တိုင်စိုက်ပျိုးမွေးမြူ ထုတ်လုပ်သူများနှင့် ချိတ်ဆက်ကာ ၎င်းတို့ကိုယ်တိုင် တိုက်ရိုက်လာရောက် ရောင်းချနိုင်သည့် အရောင်းဆိုင်များဖွင့်လှစ်၍ ဇွန် ၁၇ ရက်မှစတင်ပြီး တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိ မြို့မဈေးများတွင် နေ့စဉ်ရောင်းချပေးလျက်ရှိကာ ရပ်ကွက်များသို့လည်း နေ့စဉ် Mobile Shop Car များဖြင့် အခြေခံစားသုံးကုန်များကို သတ်မှတ်ရည်ညွှန်းဈေးနှုန်းအတိုင်း လိုက်လံ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင် ဦးစီးသည့် ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့ ပျဉ်းမနားမြို့နယ်အတွင်းရှိ တောင်ပေါ်ကျေးရွာများ၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆက်လက်ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၃**

နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိ တောင်ပေါ်ကျေးရွာများ၌ နယ်မြေတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိသော နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မင်းနောင် ဦးစီးသည့် ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့တွင် ပြည်ထောင်ကိုးကျေးရွာအုပ်စု ပြဒါးချောင်းကျေးရွာသို့ ရောက်ရှိကြပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ရှေးဦးစွာ ဗိုလ်မှူးကြီး မင်းနောင်သည် ပြဒါးချောင်းကျေးရွာ ရွာဦးကျောင်း၌ ခရီးစဉ်တွင် လိုက်ပါလာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေး တာဝန်ခံများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေးနှင့် သောက်သုံးရေရရှိရေး လုပ်ငန်းစဉ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ရမည့် အခြေအနေများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ကျေးရွာများနှင့် အခြေခံပညာကျောင်းများကိုအခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်မည့် အစီအမံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ပြဒါးချောင်းကျေးရွာအတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ကြရာ နေပြည်တော် ပညာရေးမှူးရုံးမှ မြို့နယ်ပညာရေးမှူးက ပျဉ်းမနား တောင်ပေါ်ဒေသရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများအား တွေ့ဆုံ၍ စာပေသင်ကြားလျက်ရှိသည့် အခြေအနေများကို မေးမြန်းကာ လိုအပ်သည်များ ဆောင်ရွက်ပေးခြင်း၊ နေပြည်တော် ကုသရေးဦးစီးဌာနမှ နယ်လှည့် ဆေးကုသရေးအဖွဲ့သည် ပြဒါးချောင်း ကျေးလက်ကျန်းမာရေးဌာန၌ သံဃာတော်များနှင့် ကျေးလက်နေ ပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။



အလားတူ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပျဉ်းမနားမြို့နယ်ဦးစီးရုံးမှ တာဝန်ရှိသူများသည် ပြည်ထောင်ကိုးကျေးရွာအုပ်စုရှိ ကျေးရွာသူ၊ ကျေးရွာသားများနှင့် ကျောင်းသားကျောင်းသူများအား ပန်းခင်းစီမံချက် (၂) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကို ဆောင်ရွက်ပေးခြင်း၊ နေပြည်တော် လျှပ်စစ် ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ရှိသူများက ကျေးရွာအုပ်စုများအတွင်း လျှပ်စစ်ဓာတ်အား ပုံမှန်ရရှိစေရေး ဓာတ်အားလိုင်းများ လိုက်လံစစ်ဆေးခြင်းတို့ကိုဆောင်ရွက်ပေးကြသည်။ **သတင်းစဉ်**

# သာသနာ့နွယ်ဝင်သီလရှင်များအား ကျန်းမာရေးစောင့်ရှောက်ပေး

**ပဲခူး စက်တင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ပူးပေါင်းပြီး စက်တင်ဘာ ၁ ရက်က ပဲခူးမြို့ရှိ သဒ္ဓမ္မဂုဏ်ရည် သီလရှင်စာသင်တိုက်နှင့် ပညာရေးကျောင်းတွင်ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ပြုလုပ်သည်။

ရှေးဦးစွာ ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ



ပြုလုပ်ရာ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာနမှ တာဝန်ရှိသူများက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးနှင့်ပတ်သက်၍ လည်းကောင်း၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ တာဝန်ရှိသူများက အကြမ်းဖက်/လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာများကို လည်းကောင်း၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့တာဝန်ရှိသူများက လက်ဆေးခြင်းဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း အသိပညာပေးဟောပြောကြသည်။

ထို့နောက် သဒ္ဓမ္မဂုဏ်ရည်သီလရှင်စာသင်တိုက်နှင့် ပညာရေးကျောင်းအပါအဝင် သီလရှင်ကျောင်းတိုက်ပေါင်း ၂၄ ကျောင်းမှ သာမဏေများ၊ သီလရှင်ဆရာကြီး၊ဆရာလေးများ စုစုပေါင်း အပါး ၆၀၀ အား ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးသည်။ ယနေ့ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ပေးရာတွင် သက်ဆိုင်ရာအဖွဲ့အသီးသီးမှ ကျန်းမာရေးဝန်ထမ်းများက အာဟာရနှင့် ပတ်သက်သည့် ရောဂါများ၊ ပုံမှန်ကာကွယ်ဆေးထိုးခြင်းများ၊ သွားကျန်းမာရေးနှင့် ပတ်သက်သည့် ရောဂါများ၊ တီဘီရောဂါ၊ ငှက်ဖျား၊ အနာကြီးရောဂါ၊ ကူးစက်နိုင်သည့် ရောဂါနှင့် မကူးစက်နိုင်သည့် ရောဂါများကို ကုသပေးခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

# ရခိုင်ပြည်နယ် ဂွမြို့နယ်၌ မိုးစပါးလျာထားဧကပြည့်မီသည်အထိ စိုက်ပျိုးနိုင်ခဲ့

**ဂွ စက်တင်ဘာ ၃**

ရခိုင်ပြည်နယ် ဂွမြို့နယ် ရဟိုင်ကွင်းကျေးရွာ ကွင်းအမှတ်၂၉၇ တွင် ယနေ့နံနက် ၈ နာရီက မိုးစပါးထွန်တုံးပိတ်ပွဲ အခမ်း အနားကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇာနည်ကျော်နှင့် အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကွင်းဆင်းကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်ထွန်းလင်းက ၂၀၂၁၊ ၂၀၂၄ ခုနှစ်တွင် မိုးစပါး လျာထားဧကပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဂွမြို့နယ်အနေဖြင့် ယခုနှစ်မိုးစပါးရာသီတွင် ရေကြီးရေလျှံမှုများ မရှိခဲ့သဖြင့် မိုးစပါးများကို လျာထားဧကပြည့်မီသည်အထိ အောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက စိုက်ကေများ ပြည့်မီကျော်လွန်ရေးနှင့် အထွက်နှုန်းများ တိုးတက်ရေးအတွက် ကြိုးစားကြရန်ပြောကြားခဲ့ပြီး စပါးခင်းများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ရွှေရည်ဝင်းကျော်(ပြန်/ဆက်)**

စက်ရုံလွှင့်ထုတ် လေညစ်ပုပ် တောတွင်းသစ်ပင် အကုန်စုပ် တို့တွေရှူသွင်း လေသန့်ရှင်း မခြွင်းရမှာ တောကသာ

မြန်မာ့အလင်း



# အရည်အချင်း ညံ့ညံ့ အစွမ်းအစ မဲ့မဲ့

ကျော်မြင့်ထွန်း (ပါရီ)

ဆယ်စုနှစ်ပေါင်းများစွာကြာအောင် ကိုလိုနီအရှင်သခင်ကြီးတွေရဲ့ ကုပ်သွေးစုပ်မှုကို လူးလူးလွန့်လွန့်ခံစားခဲ့ကြရအပြီး အာဖရိက ရှစ်နိုင်ငံဟာ ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ခွင့်ကို ရယူလိုက်ကြပါပြီ။ အခုထိတော့ ရှစ်နိုင်ငံ၊ နောက်ထပ်တိုးဖို့ ရှိနေလေသေးရဲ့။

ဂျီနီဗာနဲ့ နယူးယောက်မြို့ကြီးတွေရှိ အိုင်ဗျူရီတာဝါတွေထဲရှိနေကြတဲ့ ကိုယ့်ဘက်ယက်ကိုယ်ကျိုးရှာ အတ္တဟိတသမားတွေ၊ အရည်အချင်းညံ့ညံ့ အစွမ်းအစမဲ့မဲ့ ကိုယ်ကျိုးအတ္တကြီးသူတွေနဲ့ အတူသမူဟပြုပေါင်းစုထားတဲ့ အနောက်တိုင်းနိုင်ငံတွေဟာ ဒီမိုကရေစီ စံတန်ဖိုးတွေကတော့ ဒီလိုရှိပါတယ်လို့ အမြဲတစေ အာပေါင်အာရင်းသန်သန် ဟောပြောနားချလေ့ရှိကြတယ်။ ဒါပေမယ့် နိုင်ငံတစ်နိုင်ငံမှာ မိသားစုတစ်စုတည်းက နှစ်ပေါင်း ၆ဂ (နှစ်ပေါင်း ၆ဂ တဲ့ဟေ့) အုပ်စိုးနေချိန်မျိုး၊ ဖခင်အရိုက်အရာကို သားကဆက်ခံပြီး အာဏာဆက်ယူနေချိန်မျိုး၊ ပြည်သူတွေဆီကနေ ငွေကြေး ဘီလီယံပေါင်းများစွာကို ခိုးဝှက်နေချိန်မျိုးမှာ ဒါတော့ဖြင့် ဒီမိုကရေစီနည်းလမ်းမကျပါဘူးလို့ သူတို့မရှုမြင်ကြဘူး။ အစဉ်တစိုက် မှန်မှန်ကျင်းပလာတဲ့ ရွေးကောက်ပွဲတွေမှာတော့ မဲလိမ်ကြ၊ မဲခိုးကြနဲ့။ ဒီအချိန်မှာ ဂျီနီဗာနဲ့ နယူးယောက်က အတ္တဟိတသမားတွေ ဘယ်ရောက်နေကြပါလိမ့်။

### အတ္တဟိတသမားတွေ လျှို့ဝှက်ဘဏ်စာရင်းတွေဖွင့်ထားကြ

အတ္တဟိတသမားတွေဟာ လျှို့ဝှက်ဘဏ်စာရင်းတွေ ဖွင့်ထားကြပြီး လူကုံထံတို့ ဆင်မြန်းစရာ ဖက်ရှင်အမှတ်တံဆိပ်တွေ ရောင်းချပေးတဲ့ နာမည်ကျော်စျေးတန်းတည်ရှိရာ လန်ဒန်မြို့တော်က ဘွန်းလမ်းမကြီး၊ လူ့မလိုင်တွေ ပျော်ပါးရာ နေရာတစ်နေရာဖြစ်တဲ့ ပါရီမြို့က လက်စ်ဂယ်လရီကုန်တိုက်ကြီး၊ သာယာနာပျော်ဖွယ်ရာ ဂျီနီဗာမြို့တော်ကြီးတို့မှာ ပျော်ပျော်ပါးပါးလည်ပတ်ခွင့်ရှိနေသမျှကာလပတ်လုံး လူ့အခွင့်အရေးတို့၊ ဒီမိုကရေစီတို့နဲ့ ပတ်သက်ပြီး အာပေါင်အာရင်းသန်သန် ဟစ်ကြွေးနေလေ့မရှိပါဘူး။

တိုင်းပြည်ကို ဘယ်သူပဲအုပ်ချုပ် အုပ်ချုပ် သူတို့အတွက် အရေးမကြီးလှပါဘူး။ တိုင်းပြည်အုပ်ချုပ်သူဟာ မိသားစုတစ်စုတည်းလည်း ဖြစ်နိုင်တယ်၊ လူတစ်ဦးတည်းလည်း ဖြစ်နိုင်တယ်။ တိုင်းပြည်ဟာ သဘာဝအရင်းအမြစ်တွေ ပေါကြွယ်ဝပေမယ့်၊ ကုန်းကောက်စရာမရှိတဲ့ ပြည်သူတွေနေထိုင်တဲ့ နိုင်ငံဖြစ်ပေမယ့် ဒီအချက်ဟာ အတ္တဟိတသမားတွေအတွက် အရေးမကြီးလှပါဘူး။

သက်ဆိုင်ရာနိုင်ငံတစ်နိုင်ငံဟာ အင်အားရှင်နိုင်ငံကြီးအချို့နဲ့ ဟန်ချက်ညီညီ သဟဇာတ ပြုနိုင်သေးသရွေ့၊ အစွန်းရောက်ဝါဒီတွေကို တိုက်ထုတ်နိုင်ဖို့ဆိုတဲ့ ဟန်ရေးပြမှုနဲ့အတူ စစ်စခန်းတွေကို အင်အားရှင်နိုင်ငံတွေ အသုံးပြုခွင့် ရနေသေးသရွေ့ အတ္တဟိတသမားတွေအတွက် အရာရာဟာ အဆင်ပြေချောမွေ့နေဆဲပါ။

သိပ်မကြာလှသေးပါဘူး၊ ပြီးခဲ့တဲ့ ရက်သတ္တပတ်က ဂါဘွန်နိုင်ငံမှာ ရွေးကောက်ပွဲလုပ်တယ်။ ဒါပေမယ့် နိုင်ငံခြားက လာရောက်တဲ့ရွေးကောက်ပွဲအကဲခတ်တွေကို တစ်ယောက်တလေမျှ မတွေ့မြင်ရဘူး။ တတိယကမ္ဘာမှာ ကျင်းပတဲ့ ရွေးကောက်ပွဲတွေဟာ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲ ဟုတ်၊ မဟုတ် အကဲဖြတ်ဖို့၊ မဲလိမ်မဲခိုးခြင်း ရှိ၊ မရှိ စောင့်ကြည့်ဖို့ ရွေးကောက်ပွဲအကဲခတ်တွေကို စေလွှတ်ပေးလေ့ရှိပါတယ်။

ပြောရဦးမယ် အရပ်ကတို့၊ နယူးယောက်မြို့ရှိ အတ္တဟိတသမားတွေရှိနေတဲ့ အဆောက်အအုံအတွင်းမှာ ရွေးကောက်ပွဲအထောက်အကူပေးရေးဌာနခွဲတစ်ခုရှိပါတယ်။ သူတို့ ဟောက်စား၊ ခြောက်စားလုပ်လို့ရတဲ့ (အနိုင်ကျင့်လို့ရတဲ့) တတိယနိုင်ငံ တစ်နိုင်ငံမှာ ရွေးကောက်ပွဲတစ်ပွဲ လုပ်တော့မယ်ဆိုရင်တော့ ရွေးကောက်ပွဲအကဲခတ်တွေကို အပူတပြင်းစေလွှတ်နိုင်ဖို့အတွက် သူတို့ မဖြစ်မနေ တွန်းတွန်းတိုက်တိုက် လုပ်ကိုင်လေ့ရှိကြတယ်။ အဲ...ဒါပေမယ့် တတိယကမ္ဘာရှိ နိုင်ငံတစ်နိုင်ငံဟာ အနောက်တိုင်း အင်အားရှင်နိုင်ငံတွေရဲ့ ကာကွယ်စောင့်ရှောက်မှုအောက်မှာ ရှိနေမှဖြင့် အတ္တဟိတသမားတွေ ကြက်ပျောက်၊ ငှက်ပျောက် ပျောက်ကုန်ကြပြီ။ ဂါဘွန်နိုင်ငံမှာ မကြာမီက ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲ၊ ၂ဂ၁၇ ခုနှစ်မှာ ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲတွေဟာဖြင့် သူတို့အမြင်မှာ ဒီမိုကရေစီနည်းလမ်းနဲ့ အညီအညွတ်ဖြစ်တယ်လို့ ဆိုပဲ။



❍ ပြီးခဲ့တဲ့ ရက်သတ္တပတ်က ဂါဘွန်နိုင်ငံမှာ ရွေးကောက်ပွဲလုပ်တယ်။ ဒါပေမယ့် နိုင်ငံခြားက လာရောက်တဲ့ ရွေးကောက်ပွဲအကဲခတ်တွေကို တစ်ယောက်တလေမျှ မတွေ့မြင်ရဘူး။ တတိယကမ္ဘာမှာကျင်းပတဲ့ ရွေးကောက်ပွဲတွေဟာ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲ ဟုတ်၊ မဟုတ် အကဲဖြတ်ဖို့၊ မဲလိမ်မဲခိုးခြင်း ရှိ၊ မရှိ စောင့်ကြည့်ဖို့ ရွေးကောက်ပွဲအကဲခတ်တွေကို စေလွှတ်ပေးလေ့ရှိ

❍ နယူးယောက်မြို့ရှိ အတ္တဟိတသမားတွေရှိနေတဲ့ အဆောက်အအုံအတွင်းမှာ ရွေးကောက်ပွဲအထောက်အကူပေးရေးဌာနခွဲတစ်ခုရှိပါတယ်။ သူတို့ ဟောက်စား၊ ခြောက်စားလုပ်လို့ရတဲ့ (အနိုင်ကျင့်လို့ရတဲ့) တတိယနိုင်ငံတစ်နိုင်ငံမှာ ရွေးကောက်ပွဲတစ်ပွဲ လုပ်တော့မယ်ဆိုရင်တော့ ရွေးကောက်ပွဲအကဲခတ်တွေကို အပူတပြင်းစေလွှတ်နိုင်ဖို့အတွက် သူတို့ မဖြစ်မနေ တွန်းတွန်းတိုက်တိုက် လုပ်ကိုင်လေ့ရှိကြတယ်။ အဲ...ဒါပေမယ့် တတိယကမ္ဘာရှိ နိုင်ငံတစ်နိုင်ငံဟာ အနောက်တိုင်း အင်အားရှင်နိုင်ငံတွေရဲ့ ကာကွယ်စောင့်ရှောက်မှုအောက်မှာရှိနေမှဖြင့် အတ္တဟိတသမားတွေ ကြက်ပျောက်၊ ငှက်ပျောက် ပျောက်ကုန်ကြပြီ။ ဂါဘွန်နိုင်ငံမှာ မကြာမီကကျင်းပခဲ့တဲ့ ရွေးကောက်ပွဲ၊ ၂ဂ၁၇ ခုနှစ်မှာကျင်းပခဲ့တဲ့ ရွေးကောက်ပွဲတွေဟာဖြင့် သူတို့အမြင်မှာ ဒီမိုကရေစီနည်းလမ်းနဲ့ အညီအညွတ်ဖြစ်တယ်လို့ဆို

### ကျားမတန်းတူညီမျှမှုရဖို့ ဟောပြောနားချလေ့ရှိ

အတ္တဟိတသမား ဒီလူတွေကပဲ အမျိုးသမီးတွေ အခွင့်အရေးရဖို့၊ ကျားမတန်းတူညီမျှမှုရဖို့ ဟောပြောနားချလေ့ရှိကြတယ်။ ဒီရက်သတ္တပတ်အတွင်း နိုင်ဂျာနိုင်ငံ မြို့တော်နိုင်ယာမေမှာ အမျိုးသမီးကြီးတွေ ရာပေါင်းများစွာ ကန့်ကွက်ဆန္ဒပြခဲ့ကြတယ်။ ဒီအတ္တဟိတသမားတွေဟာ ဆန္ဒပြနေကြတဲ့ အမျိုးသမီးတွေရဲ့ အရေးကိစ္စအတွက် ဘာများလုပ်ပေးခဲ့ကြလို့လဲ။ ဒီအမျိုးသမီးတွေဟာ ဆယ်စုနှစ်ပေါင်းများစွာကြာအောင် မိသားစုတစ်စုတည်းက ဆိုးဆိုးသွမ်းသွမ်း ဖိနှိပ်အုပ်ချုပ်မှုရဲ့ အောက်မှာ နေထိုင်ကြီးပြင်းလာခဲ့ကြရသူတွေပါ။

မကြာသေးမီ ရက်သတ္တပတ်များအတွင်းမှာတော့ လစ်ဗျားနိုင်ငံ မြို့တော်ထရီပိုလီမှာ တိုက်ပွဲတွေပြန်ဖြစ်တယ်။ လပေါင်းအတန်ကြာ ကာလအတွင်း အဆိုးရွားဆုံးတိုက်ခိုက်မှုတွေပါ။ အတ္တဟိတကိုယ်ကျိုးသမားတွေ အဲဒီမြို့တော်မှာ လှုပ်ရှားနေခဲ့တာ ၁ဂ နှစ်ရှိခဲ့ပါပြီ။ ၁ဂ နှစ်အကြာကာလ ယနေ့လစ်ဗျားအခြေအနေ ဘဇာသို့နည်း။

ဆူဒန်နိုင်ငံအကြောင်း ဆွေးနွေးကြစို့ရဲ့။ ဆူဒန်ပြည်တွင်းစစ်ဟာ ထိန်းမနိုင်၊ ချုပ်မရ အခြေအနေနဲ့အတူ ဆိုးရွားသည်ထက် ဆိုးရွားလာနေပြီး ပြည်သူတစ်သန်းခန့် စစ်ဘေးလွတ်ရာသို့ ထွက်ပြေးနေကြရပါတယ်ဆိုတဲ့ သတင်းခေါင်းစဉ်တွေကို မကြာမီက ဖတ်ရှုခဲ့ရပြန်ပါတယ်။ ကိုယ်ကျိုးအတ္တသမားတွေ ဆူဒန်နိုင်ငံမှာ ဆယ်စုနှစ်ပေါင်းများစွာကြာအောင် ဟန်ရေးပြ လှုပ်ရှားနေခဲ့ကြပြီးပြီမဟုတ်လား။ ဆူဒန်ပြည်သူတွေရဲ့ ဒုက္ခအဝဝ ဖြေလျှော့နိုင်အောင် သူတို့ဘာတွေ လုပ်ပေးနိုင်ခဲ့လို့လဲ။

ဟေတီနိုင်ငံကို အာရုံစိုက်ဦးမလား။ သူတို့ရဲ့ အလွဲအချော်တွေ၊ အရည်အချင်းညံ့ဖျင်းမှုတွေ တစ်ပုံတစ်ခေါင်းကိုပဲ ဆက်တိုက်တွေ့မြင်နေကြရပါတယ်။ ။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့်(သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန်လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## Electric Vehicle သုံး လီသီယမ်ဘက်ထရီဆိုင်ရာ သုတေသနများ ထိရောက်စွာမြှင့်တင်ဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၃**

နိုင်ငံ့အမျိုးသားရေးရည်မှန်းချက်များ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ဟန်ချက်ညီညီ အထောက်အပံ့ပြုမည့် သုတေသနများကို အဓိကဆောင်ရွက်ရန် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ယနေ့တွင် ဒြပ်ပစ္စည်းသိပ္ပံသုတေသနဌာန(အေလာ)၌ တာဝန်ရှိသူများကို တိုက်တွန်းပြောကြားခဲ့သည်။

ထို့ပြင်ဒုတိယဝန်ကြီးက သယံဇာတရင်းမြစ်များမှ အဖိုးတန်သတ္တုများ ထုတ်လုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် သတ္တုဗေဒနှင့် ဒြပ်ပစ္စည်းသိပ္ပံ သုတေသနလုပ်ငန်းများသည် အခရာကျသဖြင့် ခေတ်မီနည်းပညာများ အသုံးချနိုင်ရေးနှင့် အရည်အသွေးပြည့်မီသော မျိုးဆက်သစ်သုတေသီများ စဉ်ဆက်မပြတ် မွေးထုတ်သွားရန်၊ ဌာနတွင်း တက္ကသိုလ်များအပြင် ဆက်စပ်ဌာနများဖြင့်ပါ ပူးပေါင်းဆောင်ရွက်ပြီး နိုင်ငံ့အကျိုးပြုသုတေသနရလဒ်များ ဖြန့်ဝေပေးရန်၊ သုတေသီများစွမ်းရည်မြှင့်မားရေး အစဉ်ဆောင်ရွက်ရန်၊ နိုင်ငံ့ရေရှည်အကျိုးဖြစ်ထွန်းစေမည့် သုတေသနများဖြင့် ရှင်သန်နေသော ရပ်ဝန်းကောင်းတစ်ခုဖြစ်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန်၊ Electric Vehicle သုံး လီသီယမ်ဘက်ထရီဆိုင်ရာ ဒြပ်ပေါင်းများစမ်းသပ်ထုတ်လုပ်ခြင်း၊ စွန့်ပစ်ဘက်ထရီများ စီမံခန့်ခွဲမှုပြုလုပ်ခြင်းနှင့် လျှပ်စစ်စွန့်ပစ်ပစ္စည်းများမှ အဖိုးတန်အသုံးဝင်သော သတ္တုများ စမ်းသပ်ထုတ်လုပ်ခြင်း သုတေသနတို့ကို ထိရောက်စွာ မြှင့်တင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တာဝန်ခံက ရွှေတိဂုံစေတီတော်မြတ်ကြီးရှိ ကြာမှောက်ကြာလှန်ဇရိယာမှ ရွှေစင်ရွှေပြားများကို ပြန်လည်သန့်စင်၍ ရွှေစင်ထုတ်လုပ်ခြင်းနှင့် အခြားဆောင်ရွက်ပြီး သုတေသနများကိုလည်းကောင်း၊ သတ္တုဗေဒသုတေသနဌာနခွဲ၊ သံ၊ သံမဏိနှင့် သတ္တုစပ်ဌာနခွဲတို့တွင် လက်ရှိဆောင်ရွက်ဆဲ သုတေသနများကို လည်းကောင်း ရှင်းလင်းတင်ပြပြီး ဝန်ထမ်းများ၏ အခက်အခဲတင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဝန်ထမ်းများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ဓာတုသုတေသနဌာနစုရှိ လီသီယမ်ဒြပ်ပေါင်း သုတေသနလုပ်ငန်းများ၊ ဓာတ်ခွဲခန်းဌာနစုရှိ ဝန်ဆောင်မှုလုပ်ငန်းများ၊ ဇလ သတ္တုဗေဒနှင့် အင်္ဂသတ္တုဗေဒဌာနစုတို့ရှိ မြေရှားဒြပ်စင် သုတေသနလုပ်ငန်းများ၊ တွင်းထွက်ဗေဒနှင့် သတ္တုရိုင်းသန့်စင်ဌာနစုတို့ရှိ သတ္တုအရည်အသွေးမြှင့်တင်ခြင်း သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ **(အပေါ်ဝဲပုံ)** နိုင်ငံ့စီးပွားမြှင့်တင်ရေး သုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်နှင့် လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံရေတပ်ဦးစီးအရာရှိများ တွေ့ဆုံဆွေးနွေးပွဲ (6th Myanmar-Bangladesh Navy to Navy Staff Talks) ပြုလုပ်

**နေပြည်တော် စက်တင်ဘာ ၃**

ရန်ကုန်မြို့၌ပြုလုပ်မည့် ဆဋ္ဌမအကြိမ်မြောက် မြန်မာ – ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံရေတပ်ဦးစီးအရာရှိများ တွေ့ဆုံဆွေးနွေးပွဲ (6th Myanmar–Bangladesh Navy to Navy Staff Talks) သို့ တက်ရောက်ရန် ဘင်္ဂလားဒေ့ရှ်ရေတပ်မှ Commodore Mustaque Ahmed, (G), NPP, pcs, BN ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၃၀ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ပြီး တပ်မတော်(ရေ)မှ ဗိုလ်မှူးချုပ်ကျော်ကျော်ထူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် စက်တင်ဘာ ၁ ရက် နံနက်ပိုင်းတွင် ရေဝတီရေတပ် စခန်းဌာနချုပ် အရာရှိရိပ်သာ၌ တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ရေကြောင်း လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံပူးပေါင်းကင်းလှည့်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံရေတပ်စစ်ရေယာဉ်များနှင့် အရာရှိ၊ စစ်သည်များ အပြန်အလှန် အလည်အပတ်ခရီးစဉ်ဆိုင်ရာကိစ္စရပ်များ၊ သတင်းအချက်အလက် ဖလှယ်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် ပင်လယ်ပြင် ညစ်ညမ်းမှု ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးချက်များအား သဘောတူလက်မှတ်ရေးထိုးပွဲကို စက်တင်ဘာ ၂ ရက် မွန်းလွဲပိုင်းတွင် ဆက်လက်ပြုလုပ်ပြီး အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန်ပေးအပ်ကာ စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဘင်္ဂလားဒေ့ရှ်ရေတပ်မှ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင်ရန်ကုန်မြို့မှလေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင် နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## နယ်စပ်ရေးရာဝန်ကြီးဌာနက ပျဉ်းမနားမြို့ မြို့လယ်ကျောင်းတိုက်သို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ကြက်ဥနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၃**

နယ်စပ်ရေးရာ ဝန်ကြီးဌာနသည် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ မြို့လယ်ကျောင်းတိုက်သို့ နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ထွဋ်နှင့် တာဝန်ရှိသူများ သွားရောက်၍ ဝါတွင်းကာလ ဝါဆိုဝါကပ်တော်မူကြသည့် သံဃာတော်များ ဆွမ်း၊ ကွမ်း အခက်အခဲမရှိစေရေး ဆရာတော်၊ သံဃာတော်များနှင့် ရှင်သာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ကြက်ဥနှင့် အခြားလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

**သစ်ပင်စိုက်မှ အရိပ်ရ၏ ၊ ရိပ်ခိုနားနေ အပန်းပြေ၏**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဌာနဆိုင်ရာဝန်ထမ်းများ၊ အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုကြသဖြင့် အထူးစည်ကား



နေပြည်တော်　စက်တင်ဘာ　၃

**ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားကိုးကွယ်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ယနေ့တွင် ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက် ဖြစ်သည်နှင့်အညီ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဌာနဆိုင်ရာဝန်ထမ်းများ၊ အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုကြသဖြင့် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း အထူးစည်ကားလျက်ရှိသည်။**

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား စတင်ဖူးမြော်ခွင့်ရသည့် နံနက်ပိုင်းမှစတင်၍ ဘုရားဖူးမော်တော်ယာဉ်များ လာရောက်မှုများပြားသဖြင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ယာဉ်အန္တရာယ်ကင်းရှင်းစေရန်အတွက် ယာဉ်ကြောရှင်းပေးခြင်းနှင့် တာဝန်ရှိသူများကလည်း ဘုရားဖူးလာပြည်သူများကိုဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စိတ်အေးချမ်းသာစွာ ဘုရားဖူးမြော်နိုင်ရေးအတွက် ဘုရားမုခ်ဦးရှေ့များတွင် လုံခြုံရေးအရလိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပေးကြသည်။

ထိုသို့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းသံဃာများ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် သက်ကြီးဘိုးဘွားများအား ကျန်းမာရွှင်လန်းစွာဖြင့် ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ ဘုရားရင်ပြင်တော်ဆီသို့ သွားလာရေး လွယ်ကူစေရန်အတွက် မော်တော်ယာဉ်ငယ်များဖြင့် ပို့ဆောင်ပေးခြင်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များကလည်း လမ်းလျှောက်ရန် အခက်အခဲဖြစ်သည့် သက်ကြီးဘိုးဘွားများအား ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း အဆင်ပြေစွာဖြင့် ဘုရားဖူးမြော် ကြည်ညိုနိုင်ရန် Wheel Chair များဖြင့် လိုက်လံပို့ဆောင်ပေးကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၏ အစီအမံဖြင့် ဝန်ထမ်းများအစိုးရရုံးပိတ်ရက်တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် စီစဉ်ပေးခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာ ၁၉ ခုနှင့် ခရိုင် ၈ ခရိုင်မှ အရာထမ်းအမှုထမ်းများနှင့် ဝန်ထမ်းမိသားစု စုစုပေါင်း ၈၀၀ ခန့် ရန်ကုန်မြို့မှ နေပြည်တော်သို့ လာရောက်၍ ဘုရားကြီးအားဖူးမြော်ကြည်ညိုကြရာ ဝန်ထမ်းများနှင့် အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူဘုရားဖူးလာပြည်သူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား စိတ်ကြည်နူးချမ်းမြေ့စွာဖူးမြော်ကြည်ညိုခြင်း၊ စိတ်အေးချမ်းသာစွာဖြင့် တရားဘာဝနာပွားများ အားထုတ်ခြင်း၊ ဝတ်ရွတ်ပူဇော်ခြင်းများ ဆောင်ရွက်ကြပြီး ရင်ပြင်တော်ပတ်လည်ရှိ စကျင်ကျောက်များ အသုံးပြု၍ အနုပညာလက်ရာ ကွဲပြားစွာတည်ဆောက်ထားသည့် ဂန္ဓကုဋီတိုက် ၂၄ ဆောင်တို့ကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကြကာ ရင်ပြင်တော်ပေါ်ရှိ သဒ္ဓါဓိပတိခေါင်းလောင်းတော်ကြီးအား တီးခတ်၍ ကုသိုလ်အဖို့ဘာဂ အမျှဝေကြသူများ၊ ဘုရားရင်ပြင်တော် အောင်မြေပေါ်တွင် အဓိဋ္ဌာန် ဆုတောင်းဖူးမြော်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

အလားတူ ဗုဒ္ဓဥယျာဉ်တော်အတွင်း မာရဝိဇယကျောင်းတော်နှင့် သာသနာရေးဆိုင်ရာအခမ်းအနားများကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပနိုင်ရန်အတွက် သံဃာတော် အပါး ၉၀၀ နှင့် လူပရိသတ် ၁၂၀၀ ဝင်ဆံ့နိုင်သည့် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီးကို သွားရောက်လေ့လာကြည့်ရှုကြပြီး အဋ္ဌကထာဋီကာကျမ်းစာများကို စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ ထွင်းထုထည့်သွင်း တည်ဆောက်ထားသည့် ကျောက်စာရုံစေတီတော်အဆူ ၇၂၀ နှင့် ဩဝါဒါစရိယာ ဆရာတော်ကြီးများ၏ ဩဝါဒခံယူလျက် ပိဋကတ်တော်လာ အဆိုများ၊ မဟာဗုဒ္ဓဝင်ကျမ်းဂန်တော်များနှင့်အညီ ပြည့်စုံစွာတည်ထားသည့် မုစလိန္ဒကန်နှင့် နဂါးရုံဘုရားတို့ကိုလည်း စိတ်ဝင်စားစွာ ဖူးမြော်လေ့လာကြည်ညိုကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်းနှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ စနစ်တကျခမ်းနားထည်ဝါစွာ တည်ဆောက်ထားသည့် ရေပန်းရင်ပြင်၊ ရေပန်းဝိုင်းအကြီး၊ ရေပန်းဝိုင်းအသေးနေရာများ၊ ရင်ပြင်တော်၊ ဗောဓိညောင်ပင်၊ လင်းလွန်းပင်နှင့် လုမ္ဗိနီအင်ကြင်းပင်ပျိုများအနီး အစုအဖွဲ့အလိုက်၊ မိသားစုအလိုက် ပျော်ရွှင်စွာအမှတ်တရဓာတ်ပုံရိုက်ကြပြီး ကျွန်းတိုင်များအသုံးပြု၍ မြန်မာမှုလက်ရာများဖြင့် ရှေးမူမပျက်ဆောက်လုပ်ထားသည့် သုဓမ္မာဇရပ်များ၌ အေးချမ်းစွာ အပန်းဖြေအနားယူကြသည်ကို တွေ့ရသည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြသည့် ဌာနဆိုင်ရာဝန်ထမ်းအဖွဲ့များနှင့် ဘုရားဖူးပြည်သူများသည် ဘုရားကြီးအားကြည်ညိုသဒ္ဓါပွားများလျက် အလှူငွေများကို ဘုရားဂေါပကအဖွဲ့ထံ လှူဒါန်းကြ၍ သက်ဆိုင်ရာနေရာအသီးသီး၌ ထားရှိသည့် အလှူခံပုံးများတွင်လည်း စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် ထည့်ဝင်လှူဒါန်းကြပြီး ဘုရားဖူးလာရောက်သူများအနက်မှ အချို့ကလည်း သဒ္ဓါတရားအရ ဘုရားရင်ပြင်တော် သန့်ရှင်းရေးကုသိုလ်များဆောင်ရွက်ခြင်း၊ အမှိုက်ပုံးများကို စနစ်တကျထားရှိထားရာ အမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်းနှင့် ဖိနပ်များကို စနစ်တကျ သိမ်းဆည်းပေးခြင်းတို့ကိုလည်း ကုသိုလ်ဖြစ်ပြုလုပ်ပေးကြသည်ကို တွေ့ရသည်။

ထို့ပြင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးပြည်သူများ သောက်သုံးရေအခက်အခဲမရှိစေရန် နေပြည်တော် သောက်ရေသန့်စက်ရုံမှ သောက်ရေသန့်ဘူးအရောင်းဆိုင် ဖွင့်လှစ်ရောင်းချပေးနေသည့်အပြင် သုဓမ္မာဇရပ်များနှင့် ဘုရားဝင်းအချို့နေရာများတွင် အလှူရှင်များက လှူဒါန်းထားသည့် ရေသန့်ဘူးများကို စနစ်တကျသန့်ရှင်းစွာ ထားရှိပေးထားသကဲ့သို့ ဘုရားဖူးပြည်သူများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်စဉ် ကျန်းမာရေးတစ်စုံတစ်ရာဖြစ်ပေါ်လာပါက ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာန နေပြည်တော် ကုသရေးဦးစီးဌာနမှ ကျန်းမာရေး စောင့်ရှောက်မှုဆေးခန်းဖွင့်လှစ်ထားသည်ကိုလည်း တွေ့ရသည်။

**သတင်း- ဟိန်းမင်းစိုး၊ ဂျိုင်းလော**

**ဓာတ်ပုံ- ကျော်ရဲဆွေ**





## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော်　စက်တင်ဘာ ၃**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန် - တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန် - တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# "ပြည်သူတွေကလည်း အခုလိုကြည်ညိုသပ္ပာယ်စရာကောင်းပြီး ခမ်းနားထည်ဝါတဲ့ ဘုရားကြီးကို စည်းကမ်းရှိစွာဖူးမြော်ပြီး ဝိုင်းဝန်းထိန်းသိမ်းစေချင်သလို တာဝန်ရှိသူတွေကလည်း ဘုရားကြီးအစွန့်ရှည်အောင် ပြုပြင်ထိန်းသိမ်းမှုတွေပြုလုပ်ပေးစေချင်ပါတယ်"

ဒေါ်နွေးထွေးဦး

နေပြည်တော် စက်တင်ဘာ ၃


**ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်းရှင်လူ အများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ဩဂုတ် ၈ ရက်မှစတင်၍ အခမဲ့ဝင်ရောက်ဖူးမြော်ခွင့်ပေးလျက်ရှိရာ ယနေ့တွင် လာရောက်ဖူးမြော်ကြသည့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဌာနဆိုင်ရာဝန်ထမ်းများနှင့် အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် ဗုဒ္ဓဥယျာဉ်တော်အတွင်း အထူးစည်ကားလျက်ရှိသည်ကို တွေ့မြင်ရသည်။**

**ထိုသို့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြသည့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဌာနဆိုင်ရာဝန်ထမ်းများနှင့် အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများ၏ ကိုယ်တိုင်ကိုယ်ကျ ဖူးမြော်ကြည်ညိုခဲ့ရသည့် ရင်တွင်းဝမ်းသာပီတိစကားသံများကို ရေးသားဖော်ပြလိုက်ရပါသည်။**


ဦးသူရိယ


ဦးလှမောင်


ဦးစိုးငြိမ်းထက်


ဦးကိုငယ်

**ဦးသူရိယ ( အမရပူရခရေပင် ကျောင်းတိုက်၊ မန္တလေးမြို့)**

ကိုယ်တိုင်လည်း ဖူးမြော်ချင်တဲ့ ဆန္ဒရှိတာကြောင့် ဒါယကာ၊ ဒါယိကာမတွေကို လိုက်ပို့ရင်း လာရောက်ဖူးမြော်တာပါ။ ကမ္ဘာပေါ်မှာရှိတဲ့ ထိုင်တော်မူ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်တွေအနက် ဉာဏ်တော်အမြင့်ဆုံး ဘုရားကို ပထမဆုံး ဖူးမြော်ရတဲ့အတွက် အလွန်ဝမ်းသာပီတိဖြစ်မိပါတယ်။ ကိုယ့်ဘာသာ သာသနာကို ကမ္ဘာ့အလယ်မှာအားလုံးသိအောင် ချပြနိုင်တဲ့အတွက်လည်း ဝမ်းမြောက်မိတယ်။ အဂ္ဂါမိပတိသာသနာ့ ဗိမာန်တော်ကြီး ဆိုရင်လည်း သံဃာတော်အပါး ၉၀၀ နဲ့ လူပရိသတ် ၁၂၀၀ ဝင်ဆံ့တယ်လို့ သိရပြီး ခမ်းနားထည်ဝါစွာ တည်ဆောက်ထားတဲ့အတွက် မြင်ရတာ အင်မတန်မှ ဝမ်းသာပီတိ ဖြစ်မိပါတယ်။ သာသနာတော် အတွက်လည်း အထောက်အပံ့ ဖြစ်ပါတယ်။ ဗုဒ္ဓဥယျာဉ်တော် အတွင်းက သာသနိကအဆောက် အအုံတွေကိုလည်း ပန်းပု၊ ပန်းချီက အစ ရှေးမူမပျက်အောင် ကျွမ်းကျင် ပညာရှင်တွေနဲ့ အဆင့်အတန်း မြင့်မားစွာ တည်ဆောက်ထားတာကို တွေ့ရတယ်။ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တည်ထားကိုးကွယ်တဲ့ ရည်ရွယ်ချက်ကလည်း အင်မတန်မှကောင်းပါတယ်။

**ဒေါ်နွေးထွေးဦး (ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့)**

ဒီဘုရားကြီးကို ဘုရားဖွင့်ပွဲမှာ စပြီးမြင်ဖူးတာပါ။ ကျွန်မတို့က ရွှေတိဂုံဘုရား၊ ကျိုက်ထီးရိုးဘုရားပဲ တွေ့မြင်ဖူးမြော်ဖူးတာပါ။ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်တွေအနက် ကမ္ဘာမှာ ဉာဏ်တော်အမြင့်ဆုံးဘုရား ဖြစ်တာကြောင့် အခုလို ကိုယ်တိုင်ကိုယ်ကျ လာရောက်ဖူးမြော်တဲ့အခါ ရင်ထဲမှာ အလွန်ဝမ်းသာပီတိ ဖြစ်မိပါတယ်။ ဘုရားကြီးနဲ့ သာသနိကအဆောက်အအုံတွေက ဗိသုကာလက်ရာနဲ့ ပတ်သက်ပြီး ဘုရားကြီးမဖွင့်ခင်ကတည်းက ရှင်းလင်းပြသထားတာကိုလည်း ရုပ်မြင်သံကြားက အစီအစဉ်တွေ၊ သတင်းစာတွေမှာ တွေ့မြင်ရပါတယ်။ ဘုရားကြီး တည်ဆောက်ပူဇော်ဖို့ စကျင်ကျောက်တော်တွေ ပင့်ဆောင်ရာမှာ အခက်အခဲအမျိုးမျိုးကို ကျော်လွှားပြီး ပင့်ဆောင်ခဲ့ပုံ အဆင့်ဆင့်ကို မြင်တွေ့ရတော့ နိုင်ငံတကာအဆင့်လည်း မီတယ်။ ပြီးတော့ ဗိသုကာလက်ရာတွေကလည်း ပြောစရာမလိုလောက်အောင် ရှေးမူမပျက်ဘဲ ဆန်းသစ်စွာပြုလုပ်ထားတာကိုတွေ့ရတယ်။ မြန်မာနိုင်ငံက အင်ဂျင်နီယာတွေရော ဘုရားကြီးကို တည်ဆောက်ပေးတဲ့ ပုဂ္ဂိုလ်တွေအားလုံးကို ဂုဏ်ယူလေးစားမိသလို ကျေးဇူးလည်း တင်ပါတယ်။ အနယ်နယ်အရပ်ရပ်က ဘုရားဖူးပြည်သူတွေ ဘုရားကြီးမှာ လာရောက် ဖူးမြော်ကြတာတွေကို တွေ့ရတော့ တစ်နေရာတည်းမှာ ဆုံတွေ့ခွင့်ရပြီး ရင်းနှီးခွင့်လည်း ရတော့ ပိုပြီးဝမ်းသာကြည်နူးမိပါတယ်။ ဘုရားကြီးကို လာရောက်မဖူးမြော်ရသေးတဲ့ အနယ်နယ်အရပ်ရပ်က ပြည်သူတွေအားလုံးကို လာရောက်ဖူးမြော်စေချင်ပါတယ်။ ဘုရားကြီးအတွင်း ဖုန်းတွေ၊ ကင်မရာတွေနဲ့ ကားဝင်ကြေးတွေကိုလည်း သင့်တင့်တဲ့ ဈေးနှုန်းနဲ့ပဲ ကောက်ခံစေချင်ပါတယ်။ ပြည်သူတွေကို သက်သက်သာသာ ဖြစ်စေချင်တယ်။ ကျွန်မတို့ ပြည်သူတွေကလည်း အခုလို ကြည်ညိုသပ္ပာယ်စရာကောင်းပြီး ခမ်းနားထည်ဝါတဲ့ ဘုရားကြီးကို စည်းကမ်းရှိစွာ ဖူးမြော်ပြီး ဝိုင်းဝန်းထိန်းသိမ်းစေချင်သလို တာဝန်ရှိသူတွေကလည်း ဘုရားကြီးအစွန့်ရှည်အောင် ပြုပြင်ထိန်းသိမ်းမှုတွေ ပြုလုပ်ပေးစေချင်ပါတယ်။



**ဦးကိုငယ် ( ရွာရှည်စံပြကျေးရွာ၊ ဝမ်းတွင်းမြို့နယ်)**

ဒီဘုရားကြီး စတင်တည်ဆောက်ပူဇော်တဲ့ အချိန်ကစပြီး တည်ဆောက်ပူဇော် အောင်မြင်ပြီးတဲ့အချိန်မှာ လာရောက်ဖူးမြော်မယ်ဆိုပြီး အားခဲထားခဲ့တာ အခုမှပဲ လာရောက်ဖူးမြော်ဖြစ်တာပါ။ ဘုရားကြီးကို ဖူးမြော်ချင်လွန်းလို့ မိသားစုတွေနဲ့ အိမ်နီးနားက မိတ်ဆွေတွေစုပေါင်းပြီး ကားနဲ့ မနက်စောစော လာရောက်ဖူးမြော်ကြတာဖြစ်ပါတယ်။ အခုလို ကိုယ်တိုင်ကိုယ်ကျ ဖူးမြော်ရတဲ့ အတွက်လည်း အင်မတန်မှ ဝမ်းသာပီတိဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်တွေအနက် ဉာဏ်တော်အမြင့်ဆုံးဘုရားကို မြန်မာနိုင်ငံမှာ တည်ဆောက်ပူဇော်ထားတော့ ကမ္ဘာ့အလယ်မှာ မြန်မာနိုင်ငံသားတစ်ယောက် အနေနဲ့ရော ဗုဒ္ဓဘာသာဝင်တစ်ယောက် အနေနဲ့ပါ ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ အခုလို ဘုရားကြီးကို အများပြည်သူတွေ ဖူးမြော်ကြည်ညိုလို့ ရအောင် တည်ဆောက်ပူဇော်ခဲ့တဲ့ နိုင်ငံတော်က တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ အလှူရှင်တွေအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။

**ဦးစိုးငြိမ်းထက် (လက်ထောက်ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့)**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ရဲ့ စီမံပေးမှုနဲ့အတူ ရန်ကုန်တိုင်းဒေသကြီးရဲ့ ဌာနဆိုင်ရာ ၁၉ ခု နဲ့ ခရိုင် ရှစ်ခရိုင်မှာရှိတဲ့ ဌာနဆိုင်ရာ ဝန်ထမ်းတွေ၊ ဝန်ထမ်းမိသားစုတွေ စုစုပေါင်း လူဦးရေ ၈၀၀ ခန့်နဲ့ မာရဝိဇယဘုရားကြီးကို လာရောက်ဖူးမြော်ရခြင်းဖြစ်ပါတယ်။ ဘုရားကြီးကို ကိုယ်တိုင်ကိုယ်ကျ ဖူးမြော်လိုက်တဲ့အတွက် တစ်ခါမှမခံစားဖူးတဲ့ ကြည်ညိုသပ္ပာယ်မှုမျိုးကို ခံစားရတယ်။ ဘုရားဖူးပြည်သူတွေ ဘုရားဖူးလာရင်း ရင်ပြင်တော်၊ ရေပန်းအဝိုင်းတွေနဲ့ ကျောက်စာရုံစေတီတွေမှာ ပျော်ရွှင်ကြည်နူးစွာ ဓာတ်ပုံတွေရိုက်နေတာတွေ မြင်ရတော့ စိတ်ထဲမှာ အလွန်ကြည်နူး ဝမ်းသာဖြစ်ရပါတယ်။ ဒီဘုရားကြီးကို ဆရာတော်ဘုရားကြီးတွေရဲ့ ဩဝါဒတွေခံယူပြီး နိုင်ငံတော်ဝန်ကြီးချုပ်ကြီးရဲ့ လမ်းညွှန်ချက်တွေနဲ့အတူ ပြည်သူတွေ၊ တပ်မတော်သားတွေ၊ ဝန်ထမ်းတွေ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့တာကြောင့် ကမ္ဘာ့အလယ်မှာ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်တွေအနက် ဉာဏ်တော်အမြင့်ဆုံး ဘုရားကြီးတစ်ဆူ ပေါ်ထွန်းလာတာကို အင်မတန်မှ ဂုဏ်ယူဝမ်းမြောက်မိသလို မြန်မာနိုင်ငံသား တစ်ယောက်အနေနဲ့လည်း ဂုဏ်ယူမိပါတယ်။ သာမန်ရုံးပိတ်ရက်တွေနဲ့ အများပြည်သူရုံးပိတ်ရက်တွေမှာ ဝန်ကြီးချုပ်ရဲ့ စီမံမှုနဲ့ ရန်ကုန်တိုင်းဒေသကြီး အတွင်းမှာရှိတဲ့ ဌာနဆိုင်ရာ ဝန်ထမ်းတွေနဲ့ ဝန်ထမ်းမိသားစုတွေကို ဆက်လက်ပို့ဆောင်ပေးသွားမယ်လို့လည်း သိရပါတယ်။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ ဌာနဆိုင်ရာ ဝန်ထမ်းတွေနဲ့ ဝန်ထမ်းမိသားစုဝင်တွေကို ဒီတစ်ပတ် ရုံးပိတ်ရက်နှစ်ရက်မှာ စုစုပေါင်း ဦးရေ ၁၇၀၀ ခန့်ကိုလည်း ပို့ဆောင်ဖူးမြော်စေခဲ့ပြီး ဖြစ်ပါတယ်။ ဒါ့အပြင် ရန်ကုန်မှာ ရှိတဲ့ ပြည်သူတွေကလည်း ဖူးမြော်ချင်တယ်ဆိုတဲ့ သတင်းတွေ ကြားရတယ်။ ဒါကြောင့် နောက်တစ်ခေါက်တွေမှာ ဝန်ထမ်းနဲ့ ဝန်ထမ်း မိသားစုဝင်များအပြင် ပြည်သူတွေကိုပါ ပို့ဆောင်ပေးသွားမှာဖြစ်ပါတယ်။ မာရဝိဇယ ဘုရားကြီးကို ကိုယ်တိုင် လာရောက်ဖူးမြော်ပြီး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းများနဲ့ တရားဘာဝနာများ ပွားများကြပါလို့ တိုက်တွန်းချင်ပါတယ်။


ဒေါ်နွေးထွေးဦး

**ဦးလှမောင် ( ညောင်လေးပင်မြို့)**

မာရဝိဇယ ဗုဒ္ဓကျောက်ဆစ်ရုပ်ပွားတော်မြတ်ကြီးကို တီဗွီမှာ မြင်ကတည်းက သွားရောက်ဖူးမြော်မယ်လို့ အားခဲထားခဲ့တာပါ။ ဒါကြောင့် ဒီနေ့မှာမိသားစုတွေနဲ့ လာရောက်ဖူးမြော်တာပါ။ ကိုယ်တိုင်ကိုယ်ကျ ဖူးမြော်ကြည်ညိုရတဲ့အခါမှာလည်း စိတ်ထဲမှာ အင်မတန်မှ ဝမ်းသာကြည်နူးပီတိဖြစ်ရပါတယ်။ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးက ခမ်းနားထည်ဝါပြီး ကြည်ညိုသပ္ပာယ်စရာ ကောင်းလှပါတယ်။ ဗုဒ္ဓဥယျာဉ်တော်အတွင်း သာသနိကအဆောက်အအုံတွေ ကျောက်စာတွေကို ကြည့်ရှုလေ့လာဖူးမြော်ရင်း မောလာလို့ ဇရပ်မှာခဏဝင်နားတော့ ဘုရားဖူးပြည်သူတွေအတွက် ရေသန့်ဘူးကြီးတွေနဲ့ သောက်ရေ လှူဒါန်းထားတာကို တွေ့ပါတယ်။ အင်မတန်မှကောင်းပါတယ်။ ရေအကျိုး ၁၀ ပါးကိုလည်း မတောင်းဘဲ ပြည့်ကြပါစေလို့ ဆုတောင်းပေးပါတယ်။ အနယ်နယ်အရပ်ရပ်က ဓမ္မမိတ်ဆွေအပေါင်းကိုလည်း မာရဝိဇယ ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးကို လာရောက်ဖူးမြော် ကုသိုလ်ယူကြဖို့ ဖိတ်ခေါ်ချင်ပါတယ်။

**တွေ့ဆုံမေးမြန်း - ဟိန်းမင်းစိုး၊ ဂျိုင်းလော၊ ဓာတ်ပုံ - လုလင်ငယ်**

## ထူးခြားသည့်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၃**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဖိလစ်ပိုင်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း "ဟိုက်ကွေး" သည် အနောက် - အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၆ နာရီအတွင်း ထိုင်ဝမ်ကျွန်းကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**




# ပယင်း - ကျန်းမာခြင်း၊ လှပခြင်းတို့အတွက် ရတနာ

## တွေ့ဆုံမေးမြန်း-ငုရွှေဝါ၊ ဓာတ်ပုံ- ယော်ဆောင်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၉) ရပ်တွင် စီးပွားရေးကဏ္ဍ၌ ပါဝင်သော "တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး" ဆိုသည့် ဦးတည်ချက်နှင့်အညီ ကချင်ပြည်နယ်အတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများ ဟန်ချက်ညီညီ ဆောင်ရွက်လျက်ရှိသည်။**



ကချင်ပြည်နယ်တွင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများအနေဖြင့် ၂၀၁၆ ခုနှစ်မှ ၂၀၂၃ခုနှစ် ဇူလိုင်လအထိ ထုတ်လုပ်မှုလုပ်ငန်း ၄၇၆ ခု၊ ရောင်းဝယ်မှုလုပ်ငန်း ၂၃၈ ခု၊ ဝန်ဆောင်မှုလုပ်ငန်း ၁၀၅ ခု၊ အခြားလုပ်ငန်း ၄၅ ခု စုစုပေါင်း ၈၆၄ ခုကို SME Member Card များ ထုတ်ပေးထားကြောင်း ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ သိရသည်။ ပြည်နယ်အတွင်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် MSME အေဂျင်စီကိုလည်း ဖွဲ့စည်းကာ စနစ်တကျကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်ဖွံ့ဖြိုးတက်ရေးအတွက် အရေးပါသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးကို ရည်ရွယ်ကာ ကချင်ပြည်နယ်တွင်လည်း ကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်နေသည့် လုပ်ငန်းများအနက် ဒေသအတွင်း ထွက်ရှိသည့် သဘာဝပယင်းကျောက်များမှ ရရှိသော အဆီအနှစ်များကို သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ မူပိုင်ခွင့်နည်းပညာတို့နှင့် စနစ်တကျစီမံပေါင်းစပ် လုပ်ကိုင်လျက်ရှိသည့် မြစ်ကြီးနားမြို့ရှိ "ရွှေအုပ်ဆောင်း" လူသုံးကုန်၊ ကျန်းမာရေးနှင့် အလှအပဆိုင်ရာ ထုတ်ကုန်လုပ်ငန်းကို သွားရောက်တွေ့ဆုံမေးမြန်းမှုအား ပြန်လည်မျှဝေဖော်ပြလိုပါသည်။

### ရောင်းအားကောင်းထုတ်ကုန်များ

"ရွှေအုပ်ဆောင်း" လူသုံးကုန်၊ ကျန်းမာရေးနှင့် အလှအပဆိုင်ရာ ထုတ်ကုန်လုပ်ငန်းကို ပယင်းနှင့် ကျောက်မျက်ရတနာ အရောင်းဆိုင်လုပ်ငန်းမှ စတင်လည်ပတ်ခဲ့ခြင်းဖြစ်သည်။ ဈေးကွက်မှတစ်ဆင့် ပယင်းသုံးစွဲသူများ၏ အားပေးတိုက်တွန်းမှုများကြောင့်လည်းကောင်း၊ ကိုယ်တိုင်အသုံးပြုရာမှ ကျန်းမာရေးအတွက် အကျိုးရှိခြင်းကို တွေ့ရှိရခြင်းကြောင့် လည်းကောင်း ပယင်းခေါင်းအုံးများ စတင်ထုတ်လုပ်ရောင်းချခဲ့ပြီး ကျန်းမာရေးအထောက်အကူပြု ဆက်စပ်ပစ္စည်းများကိုလည်း ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။ ကိုဗစ်-၁၉ ကပ်ရောဂါ ကာလအတွင်း ပယင်းရှူလိမ်းဆေးနှင့် ဒဏ်ကျေလိမ်းဆေးဆီသည် ပစ္စည်းလက်ကျန်မရှိသည်အထိ ရောင်းချနိုင်ခဲ့ကြောင်း




လည်း သိရသည်။

ထို့အပြင် လူသုံးကုန်ပစ္စည်းများဖြစ်သည့် ပယင်းမျက်နှာသစ်ဆပ်ပြာ၊ ပယင်းခေါင်းလျှော်ရည်၊ ပယင်းသနပ်ခါး၊ ပယင်းမျက်နှာလိမ်းခရင်မ် စသည်တို့ကိုလည်း ပယင်းအဆီအနှစ်များဖြင့် ထုတ်လုပ်နေကြောင်း သိခွင့်ရခဲ့သည်။ ထိုသို့ထုတ်ကုန်များ ဆောင်ရွက်ရာတွင် ပယင်းအချောထည်များမှ အဆီအနှစ်ထုတ်ယူခြင်းမျိုးမဟုတ်ဘဲ ပယင်းကို သွေးရာမှ ထွက်ရှိလာသော စွန့်ပစ်ရမည့် (အကြေစ)များကို အသုံးဝင်ပစ္စည်းဖြစ်အောင် ပြန်လည်အသုံးပြုနိုင်ခြင်းဖြင့် တန်ဖိုးရှိသောရတနာမှ လူသားတို့အတွက် ပိုမိုအသုံးတည့်သည့် အရာဖြစ်အောင် ပိုမိုစွမ်းဆောင်နိုင်ပြီး ထုတ်ကုန်လုပ်ငန်းတစ်ခု ဆောင်ရွက်ခဲ့ခြင်းပင်ဖြစ်သည်။



ရွှေအုပ်ဆောင်းတည်ထောင်သူ ဒေါ်မိုးနီနီလွင်(ယာ)။

### ပယင်း၏ဂုဏ်သတ္တိ

ထို့အတူ ကျန်းမာရေးအနေဖြင့် ပယင်းတွင် ပါဝင်သော Succinic Acid သည် ခန္ဓာကိုယ်အတွင်းရှိ ဇီဝကမ္မဖြစ်စဉ်အတွက် လှုံ့ဆော်မှုပေးနိုင်သည့် ဂုဏ်သတ္တိရှိပြီး ပျက်စီးနေသော ဆဲလ်များကို ပြုပြင်ပေးခြင်း၊ သွေးလည်ပတ်မှုအားကောင်းစေခြင်းတို့ကြောင့် အသက်အရွယ်ကြီးရင့်မှုကို ကာကွယ်နိုင်စွမ်းရှိကြောင်းလည်း သိရသည်။

ရွှေအုပ်ဆောင်း ကျန်းမာရေးနှင့် အလှအပဆိုင်ရာထုတ်ကုန်ပစ္စည်းများကို ပယင်းအမှုန့်ဖြင့် ထုတ်လုပ်ခြင်း မဟုတ်ဘဲ ပယင်းအဆီ ၁၀၀ ရာခိုင်နှုန်းဖြင့် ထုတ်လုပ်ခြင်းဖြစ်ကာ အဆင့်တစ်ခုစီတိုင်း စနစ်တကျ ထုတ်လုပ်ရောင်းချလျက်ရှိသည်။ ပြည်တွင်းဈေးကွက်အတွင်း ရောင်းချမှုများနှင့်ပတ်သက်၍ ဆန်းသစ်သော ထုတ်ကုန်ဖြစ်သည်နှင့်အညီ ထုပ်ပိုးမှုမှအစ ကုန်ပစ္စည်းအရည်အသွေးကို စံချိန်စံညွှန်းများဖြင့် ထုတ်လုပ်နိုင်ခဲ့ခြင်းကြောင့် ဈေးကွက်ဝင်မျက်နှာပန်းလှလျက်ရှိကြောင်း၊ တိုင်းရင်းဆေးမှတ်ပုံတင်ပြီး ဆေးဝါးများ၊ လူသုံးကုန် ပစ္စည်းများ၊ ကျန်းမာရေးနှင့် အလှပဆိုင်ရာပစ္စည်းများ စုစုပေါင်းထုတ်ကုန်ပစ္စည်း ၁၈ မျိုးအထိရှိကြောင်း Founder ဖြစ်သူ ကချင်ပြည်နယ် MSME အသင်းဝင် ဒေါ်မိုးနီနီလွင်က ပြောကြားသည်။

> "ဆန်းသစ်သော ထုတ်ကုန်ဖြစ်သည်နှင့်အညီ ထုပ်ပိုးမှုမှအစ ကုန်ပစ္စည်းအရည်အသွေးကို စံချိန်စံညွှန်းများဖြင့် ထုတ်လုပ်နိုင်ခဲ့ခြင်းကြောင့် ဈေးကွက်ဝင် မျက်နှာပန်းလှလျက်ရှိကြောင်း၊ တိုင်းရင်းဆေးမှတ်ပုံတင်ပြီး ဆေးဝါးများ၊ လူသုံးကုန်ပစ္စည်းများ၊ ကျန်းမာရေးနှင့် အလှအပဆိုင်ရာပစ္စည်းများ စုစုပေါင်းထုတ်ကုန်ပစ္စည်း ၁၈ မျိုးအထိရှိ"

### နည်းပညာအကူအညီရယူ

ပယင်းမှတစ်ဆင့် ဆန်းသစ်သော ထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်ရေးအတွက် သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ ၂၀၁၇ ခုနှစ်တွင် နည်းပညာအကူအညီ စတင်ယူခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် Reflux Extraction ပယင်းမှ အဆီထုတ်လုပ်မှုလုပ်ငန်း စတင်အောင်မြင်လာခဲ့သည်။ ရွှေအုပ်ဆောင်း လုပ်ငန်းမှ ထွက်ရှိသည့် ထုတ်ကုန်များသည် ကချင်ပြည်နယ်သာမက နိုင်ငံတော်အဆင့် ပြပွဲများတွင်လည်း ပါဝင်ပြသနိုင်ခဲ့ပြီး နိုင်ငံတော်အဆင့် MSME ထုတ်ကုန်ဆု ရရှိခဲ့သည့်အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် တက်ဟုန်းခရိုင်၌ ကျင်းပသော China–Myanmar Innovation and Entrepreneurship Competition ပြိုင်ပွဲတွင်လည်း ဆုများရရှိသည်အထိ အောင်မြင်မှုရရှိနေသော ထုတ်ကုန်လုပ်ငန်းတစ်ခုလည်း ဖြစ်သည်။

ထို့အပြင် ပြည်နယ်အတွင်း လူမှုအကျိုးပြုလုပ်ငန်းများတွင် ပါဝင်လှူဒါန်းလျက်ရှိရာ အထူးသဖြင့် သက်ကြီးဘိုးဘွားများ၊ ယာယီတိုက်ပွဲရှောင်စခန်းများ၊ မျက်မမြင်ကျောင်းများ၊ အားကစားကဏ္ဍ တိုးတက်မြင့်မားရေး စသည်တို့တွင် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လှူဒါန်းခြင်း၊ လေ့လာရေးအဖွဲ့များအား အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာများ မျှဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။

နိုင်ငံတော်က ဦးတည်ချက်များ ချမှတ်ကာ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးနေမှုများအပေါ် တစ်ပိုင်တစ်နိုင်လုပ်ငန်းမှ လုပ်ငန်းသစ်များ ထူထောင်ဆောင်ရွက်ကြမည့် နိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် MSME အသင်းဝင်များဖြစ်အောင် ဆောင်ရွက်ပြီး နိုင်ငံတော်အစိုးရ ၏ ပံ့ပိုးကူညီမှုဖြင့် လုပ်ငန်းတူသူအချင်းချင်း ပူးပေါင်းဆောင်ရွက်လျှင် နိုင်ငံအတွင်း MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံ့စီးပွားကဏ္ဍကို မြှင့်တင်ရာရောက်ကြောင်း၊ စည်းလုံးညီညွတ်စွာ အောင်မြင်အောင် ကြိုးစားဆောင်ရွက်ခြင်းဖြင့် ပြည်ပပို့ကုန်ကဏ္ဍ တိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း အဆိုပါ ရွှေအုပ်ဆောင်း ကျန်းမာရေးနှင့် အလှအပဆိုင်ရာပစ္စည်း ထုတ်ကုန်လုပ်ငန်းပိုင်ရှင်က ၎င်း၏ခံယူချက်နှင့် ဆောင်ရွက်မှုကို ဆက်လက်ပြောပြသည်။

ကချင်ပြည်နယ်အတွင်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး စနစ်တကျ ဆောင်ရွက်နေသည့် လုပ်ငန်းများအနက်မှ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုစေမည့် လုပ်ငန်းများ အောင်မြင်အောင် ကြိုးစားဆောင်ရွက်နေသော ရွှေအုပ်ဆောင်းကျန်းမာရေးနှင့် အလှအပဆိုင်ရာ ပယင်းထုတ်ကုန်လုပ်ငန်း အကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဝါးခယ်မမြို့နယ်၌ နယူးဧရာ(၁) စပ်မျိုးစပါးစိုက်ခင်းကြည့်ရှု

**ဝါးခယ်မ စက်တင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း နှင့်အဖွဲ့သည် စက်တင်ဘာ ၂ ရက်က ဝါးခယ်မမြို့နယ် ကြာဖြူကျေးရွာတွင် နယူးဧရာ(၁)စပ်မျိုးစပါး စိုက်ပျိုးထားရှိမှုအခြေအနေများကို လာရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

အဆိုပါ နယူးဧရာ(၁)စပ်မျိုးစပါး စိုက်ပျိုးထားမှုများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဝါးခယ်မမြို့နယ် ကြာဖြူကျေးရွာတွင် တောင်သူဦးဝင်းဗိုလ် လုပ်ကိုင်ခွင့်ရရှိထားသော ကြာဖြူကွင်း အမှတ်- ၁၀၀၀(က)၊ ဦးပိုင်အမှတ်- ၁၇(က)/၁၂ လယ်မြေ ခြောက်ကေတွင် နယူးဧရာ(၁)စပ်မျိုးစပါး စိုက်ပျိုးထားရှိမှုအခြေအနေများကို လာရောက်ကြည့်ရှုရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဇော်သန်း၊ စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးကျော်သိန်းထွန်းနှင့် တောင်သူဦးဝင်းဗိုလ်တို့က နယူးဧရာ(၁) မျိုးစတင်လုပ်ကိုင်စဉ်နှင့် ပေါင်းနုတ်ခြင်း၊ ဓာတ်မြေဩဇာကြဲပတ်ခြင်းနှင့် အထွက်နှုန်းကောင်းမွန်စေရန် ဆောင်ရွက်ထားမှုအခြေအနေများကို အဆင့်ဆင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**ဟိန်းထက်လင်း(ပြန်/ဆက်)**



# စိုက်ပျိုးမွေးမြူရေးထွက်ကုန်မှ ထုတ်ကုန်ထုတ်လုပ်နိုင်ရေး MSME လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်သွားစေလို

**ဥတ္တရသီရိ စက်တင်ဘာ ၃**

နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးဇေယျာလင်းသည် ဥတ္တရခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သန်းဇော်ထူး၊ ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းခိုင်ဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ ခရိုင်/မြို့နယ် အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ် MSME အသင်းအဖွဲ့ဝင်များနှင့်အတူ ဥတ္တရခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၂ ရက်က တွေ့ဆုံဆောင်ရွက်သည်။

အဆိုပါ တွေ့ဆုံပွဲတွင် နေပြည်တော်ကောင်စီအဖွဲ့ဝင်က နိုင်ငံတော်အကြီးကဲ၏ လမ်းညွှန်မှာကြားချက်များအား သက်ဆိုင်ရာ ဌာနများအနေဖြင့် ကျေးလက်နေပြည်သူများ သိရှိနားလည်အောင် ထိထိရောက်ရောက် ရှင်းလင်းဆွေးနွေး ဆောင်ရွက်ပေးစေလိုကြောင်း၊ ကျေးရွာအတွင်း စိုက်ပျိုးရေးကဏ္ဍများနှင့် ပတ်သက်၍ ပန်းတိုင်အထွက်နှုန်း ရရှိစေရေး ကြိုးစားဆောင်ရွက်ရန်နှင့် ဒေသတွင်း ဝမ်းစာဖူလုံမှု အခြေအနေများအား အနီးစပ်ဆုံး တွက်ချက် တင်ပြသွားစေလိုကြောင်း၊ စိုက်ပျိုးမွေးမြူရေး ထွက်ကုန်မှ ထုတ်ကုန်ထုတ်လုပ်နိုင်ရေး MSME လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်သွားစေလိုကြောင်း၊ One Region One Product ပေါ်ထွန်းလာစေရေး သက်ဆိုင်ရာဌာနများမှ လုပ်ငန်းရှင်များ ပေါ်ထွက်လာအောင် စည်းရုံးလက်တွဲ ခေါ်ယူသွားရန် လိုအပ်ပါကြောင်း။

ကုန်ဈေးနှုန်းများ တည်ငြိမ်မှုရှိစေရေးနှင့် ဒေသခံတောင်သူများ ဈေးကွက်ရရှိစေရေးအတွက် ဆောင်ရွက်ပေးရန်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်စက်မှု နည်းပညာ အထက်တန်းကျောင်းများ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ဒေသခံပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး ဆွေးနွေး ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ခွင့်ပြုချထားပေးသည့် လမ်းတံတားများနှင့် စပ်လျဉ်း၍ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် စိစစ်ကြပ်မတ် ဆောင်ရွက်ရန်လိုကြောင်းနှင့် နောင်လာမည့် ဘဏ္ဍာနှစ်အတွက် ကွင်းဆင်းစိစစ်ဆောင်ရွက်ရာတွင်လည်း ဦးစားပေးအလိုက်ပြင်ဆင်ရမည့်လုပ်ငန်းများနှင့် အသစ်တိုးချဲ့ဆောင်ရွက်ရမည့် လုပ်ငန်းများအား ဒေသအကျိုးပြုအပေါ်မူတည်၍ စနစ်တကျ ကွင်းဆင်းစိစစ်ပြီး နေပြည်တော်ကောင်စီနှင့် သက်ဆိုင်ရာဦးစီးဌာနများသို့ အချိန်မီတင်ပြမှုလိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ခရိုင်အဆင့် ဌာနဆိုင်ရာများမှ သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအား ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြကြရာ အဖွဲ့ဝင်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပြီး အစည်းအဝေးအပြီးတွင် နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများသည် ဆန်စက်လုပ်ငန်းရှင်များအသင်းမှ အသက်သာဆုံးဈေးနှုန်းဖြင့် ဥတ္တရခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ဝန်ထမ်းများအား တစ်ဦးလျှင် ဆန် ၁၀ ပြည်နှုန်း ရောင်းချပေးမှု အခြေအနေများအား ကြည့်ရှုသည်။

**အောင်မျိုးဝင်း(ပြန်/ဆက်)**



# မော်လမြိုင်ကျွန်းမြို့နယ်၌ အခွန်ဆိုင်ရာဥပဒေများ ရှင်းလင်း

**မော်လမြိုင်ကျွန်း စက်တင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် အတွင်းရှိ ဟိုတယ်/ တည်းခိုခန်းလုပ်ငန်းရှင်များ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ ရွှေဆိုင်လုပ်ငန်းရှင်များ၊ လက်ကိုင်ဖုန်းနှင့် ဆက်စပ်ပစ္စည်းအရောင်းဆိုင်လုပ်ငန်းရှင်များ၊ ရုပ်သံမီဒီယာလုပ်ငန်းရှင်များ၊ ယင်းလုပ်ငန်းငါးမျိုးနှင့် သက်ဆိုင်သည့် လုပ်ငန်းရှင်များအား အခွန်ဆိုင်ရာဥပဒေများ ရှင်းလင်းခြင်းကို စက်တင်ဘာ ၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မော်ရောအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသီဟဇော်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စုစုလှိုင်က ပြည်တွင်းအခွန်များဦးစီးဌာန၏ လိုက်နာကျင့်သုံးနေသော အခွန်ဆိုင်ရာဥပဒေများ၊ တာဝန်ယူကောက်ခံလျက်ရှိသော အခွန်အမျိုးအစားများ၊ လုပ်ငန်းရှင်များနှင့် စားသုံးသူပြည်သူများ လိုက်နာဆောင်ရွက်ရန်အချက်များကို ဆွေးနွေးပြောကြားသည်။ ထို့နောက် အခွန်ဆိုင်ရာ ဥပဒေရှင်းလင်းပွဲသို့ တက်ရောက်လာကြသော မြို့နယ်အတွင်းရှိ အခွန်ထမ်းလုပ်ငန်းရှင်များက သိလိုသည်များကို မေးမြန်းကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။**ရဲကိုမောင်(ပြန်/ဆက်)**

# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် "လှပသာယာ ပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

**နေပြည်တော် စက်တင်ဘာ ၃**

၂၀၂၄ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲအား "လှပသာယာ ပြည်မြန်မာ"ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ အဆိုပါပြိုင်ပွဲကို မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုများနှင့် ရိုးရာယဉ်ကျေးမှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့် သင်္ကေတ၊ နေရာဒေသနှင့် လူပုဂ္ဂိုလ်များစသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသော ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများသာ ဖြစ်ရမည်။ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ x ၁၅ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ယှဉ်ပြိုင်နိုင်ပြီး Hard Copy နှင့် Soft Copy (CD) ကို တစ်ပါတည်း ပူးတွဲပေးပို့ရမည်ဖြစ်ပါသည်။ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်း ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရခဲ့ဖူးသည့် ဓာတ်ပုံများ၊ ပုံနှိပ်ထုတ်ဝေပြီးသောဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများတွင် ပြိုင်ပွဲဝင်သူအမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံ၏အကြောင်းအရာ၊ ရိုက်ကူးသည့်နေရာဒေသတို့ကို ဓာတ်ပုံများ၏ နောက်ကျော၌ သီးခြားစက္ကူဖြင့်ရေးကပ်၍ ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၃၁ - ၁၀- ၂၀၂၃ ရက်နေ့ ညနေ(၄)နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး (ထုတ်လုပ်)၊ ထုတ်လုပ်ရေးဌာနခွဲ(ရန်ကုန်)၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ် (၂၂/၂၄)၊ ပန်းဆိုးတန်းလမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁- ၈၃၇၁၃၄၂၊ ၀၁-၈၃၈၄၈၁၃ တို့သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများအား ပြိုင်ပွဲဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မင်းလှမြို့နယ် မလွန်ကျေးရွာ၌ သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာ (မွမ်းမံ)သင်တန်းဆင်း

**အထက်မင်းလှ စက်တင်ဘာ ၃**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် မလွန်ကျေးရွာ၌ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရန် ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိရာ ပြည်တွင်းထွက် ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့်သီးနှံ အခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာ (မွမ်းမံ) သင်တန်းဆင်းပွဲကို မလွန်ကျေးရွာ စာကြောဘုန်းကြီးကျောင်းဓမ္မာရုံ၌ ဩဂုတ် ၃၁ ရက်က ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မင်းလှမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်းအောင်က အမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်သည့် သင်တန်းသားသင်တန်းသူ ငါးဦးအား စားသောက်ကုန်ထုတ်လုပ်သည့် ကုန်ကြမ်းပစ္စည်းများ ပေးအပ်သည်။ ထို့နောက် ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးလင်းထက်အောင်က သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်း လက်မှတ်များ ပေးအပ်ခဲ့သည်။

အဆိုပါသီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာ (မွမ်းမံ)သင်တန်းသို့ မလွန်ကျေးရွာနှင့် ညောင်ပင်ကျင်းကျေးရွာမှ သင်တန်းသား သင်တန်းသူ ၁၅ ဦး တက်ရောက်သင်ကြားခဲ့ပြီး သင်တန်းကို ဩဂုတ် ၂၅ ရက်မှ ၃၁ ရက်အထိ စာတွေ့လက်တွေ့ အခမဲ့ သင်ကြားပို့ချပေးခဲ့ခြင်းဖြစ်သည်။

**ဇာဇာ(အထက်မင်းလှ)**

# နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး လယ်ဝေးခရိုင်အတွင်းရှိ သမိုင်းဝင်ဘုရား၊ စေတီများတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှုအားပေး

**နေပြည်တော် စက်တင်ဘာ ၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ခရီးသွားပြည်သူများ၊ ဘုရားဖူးလာရောက်ကြမည့် ရဟန်းသံဃာတော်များ၊ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်ရေးအတွက် ဘုရား၊ စေတီ၊ ပုထိုးများတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်လျက်ရှိရာ ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများသည် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ သမိုင်းဝင် ရန်အောင်မြင် ရွှေလက်လှစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း၌ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာ နေပြည်သူများက သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေးနှင့် မိုးတွင်းကာလတွင် ခြင်များ မပေါက်ပွားနိုင်စေရေးတို့အတွက် စုပေါင်းသန့်ရှင်းရေး ကုသိုလ်ယူ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် ရန်အောင်မြင်ရွှေလက်လှစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်းရှိ မဟာဗောဓိညောင်ပင်အား ပြုပြင်နေမှု၊ လယ်ဝေးမြို့နယ်အတွင်းရှိ သမိုင်းဝင်ဖောင်တော်ချက်မ စေတီတော်ကြီးအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုနှင့် သမိုင်းဝင်ဖောင်တော်ချက်မစေတီတော်ကြီး ပရိဝုဏ်အတွင်းရှိ မင်္ဂလာကန်တော်အား ကြည့်ရှုစစ်ဆေးခြင်းများ ပြုလုပ်ပြီး ကန်အတွင်းရှိ ငါးများကို ငါးစာကျွေးကုသိုလ်ပြုခဲ့သည်။

ဆက်လက်၍ ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ဟိုတယ်ဇုန်တွင် ပတ်ဝန်းကျင် သန့်ရှင်းသာယာရေး၊ သစ်ပင်ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

နေပြည်တော်အတွင်းရှိ စေတီ ပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများတွင် စုပေါင်းသန့်ရှင်းရေး ကုသိုလ်ယူ ဆောင်ရွက်ခြင်း၊ ရပ်ကွက်၊ ကျေးရွာများနှင့် အခြေခံပညာ စာသင်ကျောင်းများ



ပတ်ဝန်းကျင်သန့်ရှင်း သာယာရေး၊ သစ်ပင်ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေးနှင့် မိုးတွင်းကာလတွင် ခြင်များ မပေါက်ပွားနိုင်စေရေးတို့အတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းတို့ကို အပတ်စဉ် (စနေနေ့တိုင်း) ပုံမှန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ပြန်/ဆက်)**

# အာဆီယံရင်းနှီးမြှုပ်နှံမှုဖိုရမ် ကုန်သည်/စက်မှုအသင်းချုပ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များတက်ရောက်

**ရန်ကုန် စက်တင်ဘာ ၃**

အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့၌ စက်တင်ဘာ ၂ ရက်က ကျင်းပသည့် အာဆီယံရင်းနှီးမြှုပ်နှံမှုဖိုရမ်(ASEAN Investment Forum)သို့ ကုန်သည်/စက်မှုအသင်းချုပ် ဥက္ကဋ္ဌ ဦးအေးဝင်း (Chair, ASEAN–BAC Myanmar) နှင့် ASEAN–BAC Myanmar အဖွဲ့ဝင်များဖြစ်ကြသော အသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဦးမိုးကျော်နှင့် Senior Executive Advisor ဦးဇော်မင်းဝင်း၊ ဗဟိုအလုပ်အမှုဆောင် ဦးဇေယျာသူရမွန်၊ အလုပ်အမှုဆောင် ဒေါ်ဖြူဖြူမြင့်နိုင်တို့ တက်ရောက်ကြသည်။




အခမ်းအနားတွင် အာဆီယံအတွင်းရေးမှူးချုပ် Dr. Kao Kim Hourn က အဖွင့်အမှာစကားပြောကြားပြီး အာဆီယံက ရာသီဥတုပြောင်းလဲမှုကို ကိုင်တွယ်ကာ ကာဗွန်နည်းပါးသည့် ရင်းနှီးမြှုပ်နှံမှုတွင် ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုကို ဦးစားပေးဆောင်ရွက်ရန်နှင့် အစိမ်းရောင် စက်မှုလုပ်ငန်းများတွင် ဒေသတွင်း ရင်းနှီးမြှုပ်နှံမှု လမ်းညွှန်ချက်များကို ဖော်ဆောင်ရန် အရေးကြီးကြောင်း မျှဝေခဲ့သည်။

ဖိုရမ်တွင် Sustainable Development Goals ဆီသို့ ရောက်ရှိရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ဦးစားပေးကဏ္ဍများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ရန် မဟာဗျူဟာများ၊ မူဝါဒရေးရာ အားကောင်းစေမည့် နည်းလမ်းများ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ၊ ကမ္ဘာလုံးဆိုင်ရာထောက်ပံ့ရေး ကွင်းဆက်နှင့် ရေရှည်တည်တံ့သော ရင်းနှီးမြှုပ်နှံမှုများကို အားပေးမည့်အကြံပြုချက်များကို ဆွေးနွေးကြသည်။

ထို့အပြင် ကျန်းမာရေးစနစ်များအတွက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကဏ္ဍ၌ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန DICA မှ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင် ပါဝင်တက်ရောက်ဆွေးနွေးသည်။

အာဆီယံ ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို အာဆီယံနိုင်ငံများမှ အကြီးအကဲများ၊ ဦးဆောင်စီးပွားရေး လုပ်ငန်းရှင်ကြီးများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ အဆင့်မြင့် ကိုယ်စားလှယ်များ၊ စီးပွားရေးကောင်စီများမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။

**မျိုးမင်းသူရ ၊ ဓာတ်ပုံ – ကုန်သည်/စက်မှုအသင်းချုပ်**

# တရားစီရင်ရေးဆိုင်ရာကိစ္စများတွင် ပြည်သူများ ယုံကြည်မှုရှိစေရေး၊ မှန်ကန်မှုရှိစေရေးနှင့် တရားမျှတမှုရှိစေရေးအတွက် ဆောင်ရွက်ကြရမည်

**မကွေး စက်တင်ဘာ ၃**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် တရားရေးဦးစီးမှူးများ၏ (၂၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မကွေးတိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမြင့်သိန်း၊ တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူးနှင့် ခရိုင်/မြို့နယ် တရားသူကြီးများ တက်ရောက်သည်။



ရှေးဦးစွာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲအခမ်းအနားတွင် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးမြင့်သိန်းက အဖွင့်အမှာစကားပြောကြားရာတွင် လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲတွင် ပြည်ထောင်စုတရားလွှတ်တော်တရားသူကြီးချုပ်၏ မှာကြားချက်များအား တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်တရားသူကြီးများ သိရှိနိုင်ရေးအတွက် ထပ်ဆင့်ရှင်းလင်းပွဲကို ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ တရားစီရင်ရေးဆိုင်ရာကိစ္စများတွင် ပြည်သူများ ယုံကြည်မှုရှိစေရေး၊ မှန်ကန်မှုရှိစေရေးနှင့် တရားမျှတမှုရှိစေရေးအတွက် ဆောင်ရွက်ကြရမည်ဖြစ်သလို နှောင့်နှေးမှုမရှိစေရေးအတွက် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။ **(ဝဲပုံ)**

ဆက်လက်၍ တိုင်းဒေသကြီးတရားလွှတ်တော်၊ တရားသူကြီး(၁) ဒေါ်မိမိမော်နှင့် တရားသူကြီး(၂) ဒေါ်သင်းသင်းချိုတို့က ပြည်ထောင်စုတရားလွှတ်တော် တရားသူကြီးများ၏ မှာကြားချက်များနှင့် တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များကို ထပ်ဆင့်ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးခင်မောင်မြင့်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ညွှန်ကြားချက်များအပေါ် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ လက်ရှိဆောင်ရွက်နေသည့်လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲအခမ်းအနားကို တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူးနှင့် တိုင်းဒေသကြီး/ခရိုင် မြို့နယ်တရားရုံးများမှ တရားသူကြီးများ စုစုပေါင်း ၇၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုစည်သူ(မကွေး)**

# စလင်းမြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဖြတ်သန်းသွားလာမှု ခေတ္တပြတ်တောက်

**စလင်း စက်တင်ဘာ ၃**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် စက်တင်ဘာ ၂ ရက် ညပိုင်းက မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ချောင်းရေများ ကျဆင်းခဲ့သဖြင့် စလင်း – ဆိပ်ဖြူကားလမ်းမပေါ်ရှိ ဥသျှစ်ကုန်းကျေးရွာ၊ စလင်းတညောင်ကျေးရွာနှင့် နွယ်တမယ်ကျေးရွာအနီးတို့တွင် ချောင်းရေကျမှုကြောင့် ဆက်သွယ်သွားလာမှု ခေတ္တပြတ်တောက်ခဲ့သည်။

ထိုသို့ ချောင်းရေကျမှုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်သိန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ စက်တင်ဘာ ၂ ရက်မှ စက်တင်ဘာ ၃ ရက်အထိ မိုးအဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် တောင်ကျချောင်းရေများစီးဆင်းကာ ယနေ့နံနက် ၈ နာရီခွဲမှစတင်ပြီး မိုင်တိုင်အမှတ် (၅၃/၃) မှ (၅၃/၀)ကြား ကားလမ်းမပေါ် တွင်အမြင့် သုံးပေခွဲခန့်၊ မိုင်တိုင်အမှတ်(၆၁/၅)မှ(၆၁/၇)ကြားတို့တွင် အမြင့် သုံးပေခန့် တောင်ကျချောင်းရေ ကျဆင်းမှုများကြောင့် ခရီးသွားယာဉ်များ လမ်းပန်းဆက်သွယ်ရေး ခေတ္တပြတ်တောက်မှုဖြစ်ပေါ်ခဲ့ပြီး မွန်းလွဲ ၁၂ နာရီခွဲတွင် ပုံမှန်အတိုင်း ဖြတ်သန်းသွားလာနေပြီဖြစ်ကြောင်း သိရသည်။

**မောင်လွင်(စလင်း)**

# ဇင်ဘာဘွေနိုင်ငံ၌ စက်တင်ဘာ ၄ ရက်တွင် ရွေးကောက်ခံသမ္မတ ကျမ်းသစ္စာကျိန်ဆိုပွဲ ကျင်းပမည်

**ဟာရာရေး စက်တင်ဘာ ၃**

ဇင်ဘာဘွေနိုင်ငံ၏ ရွေးကောက်ခံသမ္မတ အမ်မာဆင် အမ်နန်ဂါဝါသည် ၎င်း၏ ဒုတိယမြောက်သက်တမ်းအတွက် စက်တင်ဘာ ၄ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုသွားမည်ဖြစ်ကြောင်း ပြန်ကြားရေး၊ အများပြည်သူနှင့် အသံလွှင့်ဝန်ဆောင်မှုဝန်ကြီး မိုနီကာ မွတ်စ်ဗန်ဂ်ဝါက စက်တင်ဘာ ၂ ရက် နံနက်ပိုင်းတွင် ထုတ်ပြန်ကြေညာလိုက်သည်။

ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားကို ဇင်ဘာဘွေနိုင်ငံ၏မြို့တော် ဟာရာရေးရှိ လူ ၆၀၀၀၀ ဆံ့ အမျိုးသား အားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတစ်ခုတွင် မွတ်စ်ဗန်ဂ်ဝါက ထုတ်ပြန်ကြေညာခဲ့သည်။

ဇင်ဘာဘွေ ရွေးကောက်ပွဲကော်မရှင်၏ ထုတ်ပြန်ချက်အရ အမ်မာဆင် အမ်နန်ဂါဝါသည် ဩဂုတ် ၂၃ ရက်နှင့် ၂၄ ရက်က ကျင်းပခဲ့သည့် ရွေးကောက်ပွဲတွင် မဲစုစုပေါင်း၏ ၅၂ ဒသမ ၆ ရာခိုင်နှုန်းကို ရရှိပြီးနောက် ၎င်း၏ ဒုတိယနှင့် နောက်ဆုံးငါးနှစ်သက်တမ်း ထမ်းဆောင်ရန်အတွက် ပြန်လည်အရွေးချယ်ခံခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**




ရွေးကောက်ခံသမ္မတ အမ်မာဆင် အမ်နန်ဂါဝါ။



# အမေရိကန်နိုင်ငံရှိ စာသင်ကျောင်းများ၌ ကိုဗစ်-၁၉ ကာလအလွန် ရက်ရှည်ကျောင်းပျက်မှုများနှင့် ကြုံတွေ့နေရ

**နယူးယောက် စက်တင်ဘာ ၃**

အမေရိကန် ပြည်ထောင်စု၌ စာသင်နှစ်အသစ် စတင်ပြီဖြစ်ပြီး နိုင်ငံတစ်လွှား အများပြည်သူ စာသင်ကျောင်းများတွင် ကျောင်းသား ပျက်ကွက်မှုများနှင့် ရင်ဆိုင်တွေ့ကြုံနေရသည်။ ကပ်ရောဂါကာလကြောင့် ဖြစ်ပေါ်ခဲ့သည့် ကျောင်းပျက်မှုများမှာ သက်သာလာသည့်ဟန်မရှိဘဲ ပို၍ဆိုးရွားလာခဲ့သည်။

အနောက်ဘက် ကမ်းရိုးတန်းမှ အရှေ့ဘက်ကမ်းရိုးတန်း တစ်လျှောက် ကျေးလက်နှင့် မြို့ပြဒေသများရှိ အများပြည်သူ စာသင်ကျောင်းများတွင် ကျောင်းသားများ စာသင်ခန်းအတွင်း ပြန်လည် ရောက်ရှိလာစေရေး ရုန်းကန်နေရသည်။ ရက်ရှည်ကျောင်းပျက်မှုများကို ဖြေရှင်းရန် အချို့သော စာသင်ကျောင်းများတွင် ဖန်တီးမှုများ လုပ်ဆောင်ရမည်ဟု ပြည်တွင်းသတင်းများတွင် ဖော်ပြကြသည်။ ရက်ရှည်ကျောင်းပျက်မှုဆိုသည်မှာ စာသင်နှစ်တစ်နှစ်၏ ၁၀ ရာခိုင်နှုန်း ကျောင်းပျက်ကွက်ခြင်းပင် ဖြစ်သည်။

ရက်ပေါင်း ၁၈၀ ရှိသည့် စာသင်နှစ်တွင် တစ်လနီးပါး ကျောင်းသို့မလာဘဲ ပျက်ကွက်ခြင်းပင်ဖြစ်သည်။ ကယ်လီဖိုးနီးယားပြည်နယ် ဘိတ်ကာဖီးမြို့ရှိ မက်ကင်နလီ မူလတန်းကျောင်း၌ စာသင်ကျောင်းသို့ လမ်းလျှောက်သွားကြစို့ အစီအစဉ်ကို ပြီးခဲ့သည့် စက်တင်ဘာ ၁ ရက်က ပြုလုပ်ခဲ့ပြီး ကျောင်းသားမိဘများနှင့် မြို့ခံခေါင်းဆောင်များကို ဖိတ်ခေါ်ကာ ကျောင်းသားများနှင့်အတူ ကျောင်းသို့ လမ်းလျှောက်လာကြရန် ပြုလုပ်သည့်ပွဲဖြစ်သည်။ ရက်ရှည်ကျောင်းပျက်မှုကို ကုစားရန် ယခုလို အစီအစဉ် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ပြီးခဲ့သည့် စာသင်နှစ်တွင် အဆိုပါကျောင်းရှိ ကျောင်းသား ၄၅ ရာခိုင်နှုန်းမှာ ရက်ရှည်ကျောင်းပျက်ခဲ့သည်။

ကွန်နက်တီကယ် ပညာရေးဌာနက မိသားစုပေါင်း ၅၀၀၀ ကျော်ကို ကျောင်းပျက်မှုနှင့် ပတ်သက်၍ စစ်တမ်းကောက်ယူရာ ကျောင်းသားများ ဖျားနာခြင်းကြောင့် အိမ်မှာပင်ထားရခြင်းဖြစ်ပြီး ယင်းနောက်တွင် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် မိသားစုရေးရာ ကိစ္စများကြောင့် ကျောင်းပျက်မှုကို ဦးတည်ရခြင်းဖြစ်ကြောင်း ဖြေကြားခဲ့သည်။ **ဆင်ဟွာ**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ရှိ ပထမဆုံး မိုးပျံလမ်းမကြီး စတင်အသုံးပြု

**ဒါကာ စက်တင်ဘာ ၃**

ဘင်္ဂလားဒေ့ရှ်၏ အထင်ကရ အခြေခံအဆောက်အအုံ စီမံကိန်းများထဲမှတစ်ခုဖြစ်သည့် ဒါကာမြို့ရှိ ပထမဆုံး မိုးပျံလမ်းမကြီးကို စက်တင်ဘာ ၃ ရက်တွင် တစ်စိတ်တစ်ပိုင်း စတင်အသုံးပြုနိုင်ခဲ့ပြီး နိုင်ငံ၏ သယ်ယူပို့ဆောင်ရေး သမိုင်းမှတ်တိုင်တစ်ခု စိုက်ထူခဲ့သည်။

၁၉ ဒသမ ၇၃ ကီလိုမီတာ ရှည်လျားသည့် အဆိုပါ အမြန်လမ်းသစ်ကို တရုတ်နိုင်ငံ ရှန်တုန်းအမြန်လမ်း ကုမ္ပဏီများအုပ်စု၊ တရုတ်အဆင့်မြင့်ဆောက်လုပ်ရေးကော်ပိုရေးရှင်းနှင့် ထိုင်းကုမ္ပဏီတို့ပူးပေါင်း၍ ရင်းနှီးမြှုပ်နှံတည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

စက်တင်ဘာ ၂ ရက်က ကျင်းပသည့် အဆိုပါ အမြန်လမ်းဖွင့်ပွဲတွင် ဝန်ကြီးချုပ် ရှိတ်ခ် ဟာဆီနာက ယင်းအမြန်လမ်းသစ်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ မြို့ပြသယ်ယူပို့ဆောင်ရေးစနစ်အတွက် မှတ်တိုင်သစ်တစ်ခုဟု ပြောကြားသည်။

ဒါကာမြို့ခံများနှင့် နိုင်ငံတစ်ဝန်းရှိ ပြည်သူများအတွက် အမြန်လမ်းကို လက်ဆောင်အဖြစ် ပေးအပ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယင်းမှာ မြို့တော်နှင့် ကျန်ဒေသများ အကြား လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်မည်ဖြစ်ကြောင်း၊ အမြန်လမ်း ဖောက်လုပ်ရာတွင် ပါဝင်သူအားလုံးကို ကျေးဇူးတင်ကြောင်း ၎င်းကဆိုသည်။ **ဆင်ဟွာ**



# ဩဂုတ်လတွင် အီရတ်နိုင်ငံ၏ ရေနံစိမ်းစည်တင်ပို့မှု ၁၀၆ သန်းကျော်ရှိ

**ဘဂ္ဂဒက် စက်တင်ဘာ ၃**

အီရတ်နိုင်ငံသည် ဩဂုတ်လတွင် ရေနံစိမ်းစည်ပေါင်း ၁၀၆ ဒသမ ၁၂ သန်း တင်ပို့နိုင်ခဲ့ပြီး ဝင်ငွေ အမေရိကန် ဒေါ်လာ ၈ ဒသမ ၈၅ ဘီလီယံရရှိခဲ့ကြောင်း ရေနံဝန်ကြီးဌာနက စက်တင်ဘာ ၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဩဂုတ်လတွင် အီရတ်ရေနံစိမ်း၏ ပျမ်းမျှ ဈေးနှုန်းမှာ တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၃ ဒသမ ၃၅ ဒေါ်လာဖြစ်ကြောင်း ရေနံဈေးကွက်ရှာဖွေရေးအဖွဲ့အစည်း၏ ကိန်းဂဏန်း အချက်အလက်များကိုကိုးကား၍ဝန်ကြီးဌာနက ပြောသည်။

ဘာဆရာဆိပ်ကမ်းမှတစ်ဆင့် အီရတ်နိုင်ငံ အလယ်ပိုင်းနှင့် တောင်ပိုင်းရှိ ရေနံမြေများမှ ရေနံစည် ၁၀၅ ဒသမ ၂၃ သန်းခန့်ကို တင်ပို့နိုင်ခဲ့ကြောင်းနှင့် နိုင်ငံမြောက်ပိုင်း နီနာဗီရ်ပြည်နယ်ရှိ ကေယာယာရေနံမြေမှ ရေနံစည် ၄၂၁၁၈၆ နှင့် ရေနံစည် ၄၆၄၇၂၅ ကို အဆိုပါ လအတွင်း အိမ်နီးချင်း ဂျော်ဒန်နိုင်ငံသို့ ပို့ဆောင်နိုင်ခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အီရတ်နိုင်ငံ၏ စီးပွားရေးသည် နိုင်ငံ့ဝင်ငွေ၏ ၉၀ ရာခိုင်နှုန်းကျော်ရှိသော ရေနံစိမ်းတင်ပို့မှုအပေါ် ကြီးမားစွာ မှီခိုနေရကြောင်း သိရသည်။ **ဆင်ဟွာ**



# အိန္ဒိယနိုင်ငံ အရှေ့ပိုင်း၌ မိုးကြိုးပစ်မှုကြောင့် ၁၀ ဦး သေဆုံး

**နယူးဒေလီ စက်တင်ဘာ ၃**

အိန္ဒိယနိုင်ငံ အရှေ့ပိုင်း ဩဒိသပြည်နယ်၌ စက်တင်ဘာ ၂ ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး မိုးကြိုးပစ်မှုကြောင့် ၁၀ ဦး သေဆုံးကာ သုံးဦး ဒဏ်ရာရရှိခဲ့သည်ဟု ပြည်နယ်အစိုးရ အဆင့်မြင့် အရာရှိကြီးတစ်ဦးက စက်တင်ဘာ ၃ ရက်တွင် ပြောသည်။ ခူဒ္ဒါခရိုင်၌ မိုးကြိုးပစ်မှုကြောင့် လေးဦး သေဆုံးခဲ့ပြီး ဘိုလန်ဂီယာမှ နှစ်ဦး၊ အန်ဂူး၊ ဘူဒွေ၊ ဂျက်ဂက်ဆင်ပူနှင့် ဒန်ကနယ်တို့မှ တစ်ဦးစီသေဆုံးခဲ့ကြောင်း သိရသည်။

ခူဒ္ဒါခရိုင်မှ သုံးဦးမှာလည်း မိုးကြိုးပစ်မှုကြောင့် ဒဏ်ရာပြင်းပြင်းထန်ထန်ရရှိခဲ့သည်။ ဩဒိသပြည်နယ် ကမ်းရိုးတန်းဒေသရှိ ဘူဘန်နက်စ်ဝါနှင့် ကာတက်ခ်မြို့တို့တွင် စက်တင်ဘာ ၂ ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့သည်။

လာမည့်လေးရက်အတွင်း ပြည်နယ်အတွင်း ဒေသအများအပြားတွင် အလားတူ အခြေအနေမျိုး ဆက်လက်ဖြစ်ပေါ်မည်ဟု အိန္ဒိယ မိုးလေဝသဌာနက ခန့်မှန်းထားသည်။ မိုးကြိုးများပစ်ခတ်စဉ် ပြည်သူများအနေဖြင့် လုံခြုံစိတ်ချရသည့် ခိုလှုံရာနေရာများတွင် နေထိုင်ကြရန်လည်း အိန္ဒိယမိုးလေဝသဌာနက သတိပေးထားသည်။ **ဆင်ဟွာ**

# ဘရစ်ဇ်(BRICS) အဖွဲ့ဝင် တိုးချဲ့မှုက ကောဝင်ရီး မိုးကြိုးခြင်းဖြစ်လာနိုင်မလား

**နှယ်နီလင်း**

**ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကတို့ပါဝင်သည့် အဓိက ထွန်းသစ်စ စီးပွားရေးနိုင်ငံများအုပ်စု ဘရစ်ဇ်(BRICS)သည် နောက်ထပ်အဖွဲ့ဝင်နိုင်ငံ ခြောက်နိုင်ငံကို ဝင်ခွင့်ပေးခြင်းဖြင့် ၎င်းတို့၏ အဖွဲ့ဝင် နှစ်ဆကျော် တိုးလာတော့မည်ဖြစ်သည်။**




BRICS ခေါင်းဆောင်များနှင့် မဟာမိတ်ခြောက်နိုင်ငံမှ ကိုယ်စားလှယ်များအား ဩဂုတ် ၂၄ ရက်က ဂျိုဟန်နက်စ်ဘာ့ဂ်၌ ကျင်းပသည့် BRICS ထိပ်သီးအစည်းအဝေးတွင် တွေ့ရစဉ်။

တောင်အာဖရိက ဂျိုဟန်နက်စ်ဘာ့ဂ်၌ ကျင်းပခဲ့သည့် (၁၅)ကြိမ်မြောက် ဘရစ်ဇ် (BRICS) အဖွဲ့ဝင်နိုင်ငံများ ထိပ်သီးအစည်းအဝေးတွင် သမိုင်းဝင် ချဲ့ထွင်မှုအဖြစ် အာဂျင်တီးနား၊ အီဂျစ်၊ အီသီယိုးပီးယား၊ အီရန်၊ ဆော်ဒီအာရေဗျနှင့် အာရပ်စော်ဘွားများပြည်ထောင်စုတို့သည် ၎င်းတို့၏အဖွဲ့ဝင် နိုင်ငံများအဖြစ် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်ပါဝင်လာတော့မည်ဖြစ်သည်။

BRICS အဖွဲ့ဝင်နိုင်ငံ တိုးချဲ့မှုသည် လျင်မြန်စွာ ပြောင်းလဲနေသော ကမ္ဘာ့အခင်းအကျင်းတွင် ကမ္ဘာ့စီးပွားရေး သံခင်း တမန်ခင်းနှင့် နိုင်ငံရေး ရင်ကြားစေ့ရေးကို တိုးမြင့်လာစေသည်ဟု ဝါရင့်နိုင်ငံရေး လေ့လာသုံးသပ်သူတစ်ဦးက ပြောသည်။

**မိတ်ဖက်ဆက်ဆံရေးရှိ**

BRICS အဖွဲ့ဝင်ပါဝင်သည့် အဖွဲ့ဝင် အဟောင်းရော အသစ်ရော အပါအဝင် ကမ္ဘာ့တောင်ဘက်ခြမ်း နိုင်ငံအများစုသည် လုံးဝအမေရိကန် ဆန့်ကျင်ရေး နိုင်ငံများ မဟုတ်သော်လည်း အများစုမှာ အမေရိကန်နှင့် ရင်းနှီးသော မိတ်ဖက်ဆက်ဆံရေးရှိသည့်နိုင်ငံများဖြစ်သည်။ ၎င်းတို့အနက် နိုင်ငံနှစ်ခု၏ ပိုင်နက်မြေပေါ်တွင် အမေရိကန်တပ်စခန်းများပင် တည်ရှိနေသည်။ သို့သော်လည်း အချို့သော အဖွဲ့ဝင်နိုင်ငံများသည် လက်ရှိ အမေရိကန် ဦးဆောင်မှုအောက်မှ နက်နဲသော ကွာဟချက်များနှင့် ချို့ယွင်းချက်များကို ဖြည့်ဆည်းပေးနိုင်သော ပထဝီဝင်စီးပွားရေး အဆောက်အအုံများကို အစားထိုးတီထွင်ဖန်တီးလိုကြသည်ဟု ကွင်စီအင်စတီကျူ၏ လေ့လာရေး ဒါရိုက်တာနှင့် အကြီးတန်း သုတေသန အဖွဲ့ဝင် ဆာရန်ရှီဒိုးက ဆိုသည်။

**ဝင်ရိုးစုံကမ္ဘာသစ်ဆီသို့**

ကောဝင်ရီး သို့မဟုတ် ဒွိဝင်ရီးမှသည် ဗဟုဝင်ရီး (ဝင်ရိုးစုံကမ္ဘာသစ်) ဆီသို့ ကူးပြောင်းလာခြင်းသည် အလယ်ပိုင်းဒေသနိုင်ငံများ၏ ပါဝါချိန်ခွင်လျှာကို ထိန်းညှိပေးနိုင်ရန် တွန်းအားတစ်ရပ် ဖြစ်လာစေနိုင်သည်မှာ သံသယဖြစ်ဖွယ် မရှိကြောင်း အဘူဒါဘီအခြေစိုက်သတင်း အေဂျင်စီ အန်ဝါ ဂါဂတ်ရှ် သံတမန် အကယ်ဒမီ၏ ညွှန်ကြားရေးမှူးချုပ် နီကိုလေး မလဒီနော့ဗ်က ဆိုသည်။

ထို့အပြင် အာရပ်စော်ဘွားများ ပြည်ထောင်စု(ယူအေအီး)သည် BRICS နှင့် လိုက်လျောညီထွေရှိခြင်းအားဖြင့် ၎င်းအတွက် အရေးပါသောလမ်းကြောင်း တွေ့ရှိခြင်းပင်ဖြစ်ကြောင်း၊ စီးပွားရေး မက်လုံးများထက် ဤမဟာဗျူဟာ မြောက် ညှိနှိုင်းမှုသည် ၎င်း၏ ပထဝီနိုင်ငံရေး ဩဇာလွှမ်းမိုးမှုကို အားကောင်းလာစေရန်နှင့် ဘက်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေး ကြိုးပမ်းမှုများကို မြှင့်တင်ရန် ယူအေအီး၏ မျှော်မှန်းချက်များကို မီးမောင်းထိုးပြနေခြင်းဖြစ်ကြောင်း ၎င်းက အလေးအနက် ပြောကြားခဲ့သည်။

BRICS စတင်ဖွဲ့စည်းချိန်မှစ၍ တစ်ဆယ့်ခုနစ်နှစ်တာကာလအတွင်း စီးပွားရေး၊ နိုင်ငံရေးနှင့် ယဉ်ကျေးမှုနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှု၏ အသီးအပွင့်ရလဒ်များကို မြင်တွေ့ခဲ့ရပြီး ပွင့်လင်းမြင်သာမှု၊ အားလုံးပါဝင်မှုနှင့် win-win ပူးပေါင်းဆောင်ရွက်မှု စိတ်ဓာတ်ဖြင့် ဆက်လက် ကြီးပွားတိုးတက်ခဲ့သည်။

**သမိုင်းဝင်မှုနှင့် နောက်ထပ်ခြေလှမ်းသစ်**

BRICS ချဲ့ထွင်မှုသည် ပူးပေါင်းဆောင်ရွက်မှုအတွက် သမိုင်းဝင်မှုနှင့် နောက်ထပ်ခြေလှမ်းသစ် တစ်ခုအတွက် ကိုယ်စားပြုလိမ့်မည်ဟု ကျွမ်းကျင်သူများက ယုံကြည်ကြသည်။

BRICS အဖွဲ့ဝင်နိုင်ငံများက ကိုယ်စားပြုသည့် ထွန်းသစ်စနိုင်ငံများ၏ စီးပွားရေး မြင့်တက်လာမှုသည် ကမ္ဘာ့အခင်းအကျင်းကို အခြေခံကျကျ ပြောင်းလဲစေသည်။ သမိုင်းဝင် ချဲ့ထွင်မှုနှင့်အတူ BRICS ယန္တရားသည် ကမ္ဘာလုံးဆိုင်ရာ၊ အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ပိုမိုတရားမျှတပြီး သာတူညီမျှရှိသော ဦးတည်ရာဆီသို့ ဦးတည်မောင်းနှင်ရာတွင် ပိုမိုအားကောင်းလာကာ ကမ္ဘာကြီးအား ပိုမိုသေချာမှုနှင့် တည်ငြိမ်မှုတို့ကို ပေါင်းစပ်ပေးမည်ဖြစ်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်ပြောကြားသည်။

ထွန်းသစ်စဈေးကွက်များနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် BRICS နှင့် ပူးပေါင်းခြင်းသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် စီးပွားရေးလွတ်လပ်မှုကို အကာအကွယ်ပေးရင်း ဖွံ့ဖြိုးတိုးတက်မှုကို အတူတကွလျှောက်လှမ်းနိုင်စေမည်ဖြစ်ကြောင်း၊ ယင်းက မိတ်ဖက်နိုင်ငံများအတွက် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတွင် တန်းတူညီမျှမှုနှင့် ဂုဏ်သိက္ခာရှိရှိ ပါဝင်ဆောင်ရွက်နိုင်ခွင့် ရရှိစေခဲ့ခြင်းပင်ဖြစ်ကြောင်း ဘိုလီးဗီးယား နိုင်ငံခြားရေးဝန်ကြီးဟောင်း ဖာနန်ဒို ဟွာနာကျူနီက ပြောသည်။

**ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွန်းအား**

BRICS အဖွဲ့ဝင်နိုင်ငံများသည် စစ်မှန်သော နိုင်ငံစုံဝါဒကို ကျင့်သုံးကြပြီး ကုလသမဂ္ဂနှင့် နိုင်ငံတကာစနစ်ကိုအဓိကထား ထိန်းသိမ်းရန်၊ ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့၏အဓိကကျသော ဘက်စုံကုန်သွယ်မှုစနစ်ကို ပံ့ပိုးကူညီရန်နှင့် ခိုင်မာအားကောင်းစေရန်၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အင်အားစုများကို ပိုမိုခိုင်မာစေမည်ဟု ကျွမ်းကျင်သူများက ယုံကြည်ကြသည်။

BRICS ၏ အဓိကရည်ရွယ်ချက်မှာ အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုအဆင့်ကို တိုးမြှင့်ရန်ဖြစ်ပြီး BRICS သည် ၂၀၀၆ ခုနှစ် ပထမအကြိမ် အစည်းအဝေးမှစပြီး ၎င်းတို့၏ ရည်မှန်းချက်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း တောင်အာဖရိကသမ္မတ စီးပွားရေး အကြံပေးကောင်စီအဖွဲ့ဝင် ကန်းနစ်ခရီယာမာ က ပြောကြားသည်။

ဆော်ဒီနိုင်ငံရေး လေ့လာသုံးသပ်သူ အာမတ် အီဗရာဟင်မ်ကလည်း BRICS ပူးပေါင်းဆောင်ရွက်မှု ယန္တရားအောက်တွင် ထွန်းသစ်စဈေးကွက်များနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများသည် အားကောင်းမောင်းသန် ဆက်လက်ကြီးထွားလာမည်ဖြစ်ပြီး ဝင်ရိုးပေါင်းစုံကမ္ဘာကြီး၏ ဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားပေးကာ တစ်ဖက်သတ်ဝါဒကို ထိထိရောက်ရောက် တန်ပြန်တိုက်ခိုက်မည်ဟု ယုံကြည်သည်။ ထို့ကြောင့် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးကို အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း သုံးသပ်ပြောကြားထားသည်။

ထို့ကြောင့် BRICS အဖွဲ့ဝင်နိုင်ငံများ တိုးချဲ့ခြင်းသည် စီးပွားရေး၊ ဘဏ္ဍာရေးနှင့် နိုင်ငံရေး အကျပ်အတည်းများနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်ရန် အင်အားတစ်ရပ်အဖြစ် ၎င်း၏ အဖွဲ့ဝင်များ၏ စွမ်းရည်များကို ပိုမိုမြှင့်တင်သွားနိုင်ဖွယ်ရှိသည်။

**ကိုးကား - ဆင်ဟွာ**

- ❖ **သမိုင်းဝင် ချဲ့ထွင်မှုနှင့်အတူ BRICS ယန္တရားသည် ကမ္ဘာလုံးဆိုင်ရာ၊ အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ပိုမိုတရားမျှတပြီး သာတူညီမျှရှိသော ဦးတည်ရာဆီသို့ ဦးတည်မောင်းနှင်ရာတွင် ပိုမိုအားကောင်းလာကာ ကမ္ဘာကြီးအား ပိုမိုသေချာမှုနှင့် တည်ငြိမ်မှုတို့ကို ပေါင်းစပ်ပေးမည်ဖြစ်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်**
- ❖ **BRICS အဖွဲ့ဝင်နိုင်ငံများသည် စစ်မှန်သော နိုင်ငံစုံဝါဒကို ကျင့်သုံးကြပြီး ကုလသမဂ္ဂနှင့် နိုင်ငံတကာစနစ်ကို အဓိကထားထိန်းသိမ်းရန်၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အဓိကကျသော ဘက်စုံကုန်သွယ်မှုစနစ်ကို ပံ့ပိုးကူညီရန်နှင့် ခိုင်မာအားကောင်းစေရန်၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အင်အားစုများကို ပိုမိုခိုင်မာစေမည်**

# ဖူကူရှီးမား စွန့်ပစ်ရေနှင့် နောက်ဆက်တွဲအကျိုးဆက်များ

တက္ကသိုလ်မောင်ရှုပ

ဂျပန်နိုင်ငံအနေနဲ့ ရေဒီယိုသတ္တိကြွပစ္စည်းတွေပါဝင်နေတဲ့ ရေတွေကို သိုလှောင်ကန်မှာ ထိန်းသိမ်းထားပြီး ပြန်လည်သန့်စင်ခဲ့တဲ့ ပြုပြင်ပြီးရေတွေကို ၂၄-၈-၂၀၂၃ ရက်နေ့ ဂျပန်စံတော်ချိန် ၁၃:၀၃ နာရီကစပြီး ပစိဖိတ်သမုဒ္ဒရာပင်လယ်ပြင်အတွင်း ပြန်လည်စွန့်ပစ်ခဲ့ပါတယ်။

ဒီလိုပြန်လည်စွန့်ပစ်သွားမယ့် ကိစ္စကိုလည်း ဂျပန်အစိုးရဟာ ၂၀၂၁ ခုနှစ် ဧပြီလ ၁၃ ရက်နေ့ကတည်းက ဆုံးဖြတ်ချက်ချမှတ်ထားခဲ့တာ ဖြစ်ပါတယ်။ ဒီပြုပြင်ပြီး ရေတန်ချိန်ပေါင်း ၁ ဒသမ ၃ သန်းကို ရေလှောင်ကန်ပေါင်း ၁၀၀၀ မှာ သိုလှောင်ထားတာဖြစ်ပြီး နေ့စဉ်နဲ့အမျှလည်း ထပ်မံထွက်ရှိနေတဲ့အတွက် သိုလှောင်နိုင်မယ့်ပမာဏဟာ ပြည့်တော့မှာဖြစ်လို့ အခုလိုဆုံးဖြတ်ခဲ့ရတာဖြစ်တယ်လို့ ဂျပန်အစိုးရက သတင်းထုတ်ပြန်ခဲ့ပါတယ်။ ဂျပန်အစိုးရက အခုလို ပြန်လည်သန့်စင်ပြီးတဲ့ရေတွေကို ပင်လယ်ပြင်အတွင်း စတင်စွန့်ပစ်ပြီး နာရီအနည်းငယ်အကြာမှာ တရုတ်နိုင်ငံဟာ ဂျပန်နိုင်ငံကနေ ပင်လယ်ရေထွက်အစားအစာ တင်သွင်းမှုအားလုံးကို ရပ်ဆိုင်းကြောင်း ကြေညာခဲ့ပါတယ်။ ဟောင်ကောင်ကလည်း ဂျပန်နိုင်ငံရဲ့ ပြည်နယ် ၁၀ ခုက ပင်လယ်ရေထွက်အစားအစာတွေ တင်သွင်းမှုကို ပိတ်ပင်ကြောင်း အဲဒီနေ့မှာပဲ ကြေညာခဲ့ပါတယ်။

## ဖြစ်စဉ်အစ

၂၀၁၁ ခုနှစ် မတ်လ ၁၁ ရက်နေ့က ဂျပန်နိုင်ငံအရှေ့မြောက်ပိုင်း ပစိဖိတ်ကမ်းလွန်ကို ဗဟိုပြုပြီး အင်အားအလွန်ပြင်းထန်တဲ့ ရစ်ချ်တာစကေး အဆင့် ၉ ရှိ မြေငလျင်ကြီး လှုပ်ခတ်ခဲ့ပါတယ်။ မြေငလျင်ရဲ့ ပြင်းအားပမာဏကိုကကြီးမားတာရယ်၊ ငလျင်ကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာတဲ့ ဆူနာမီရေလှိုင်းကြီးတွေကြောင့် လူပေါင်း ၁၃၀၀၀ ကျော် အသက်ဆုံးရှုံးခဲ့ရပြီး ၂၅၀၀ ကျော် ပျောက်ဆုံးခဲ့ပါတယ်။ ငလျင်ရဲ့ဒဏ်ကို အများဆုံးခံစားခဲ့ရတဲ့ တိုဟိုကုဒေသ (Tohoku region) ဟာလည်း အပျက်အစီး အများဆုံးကြုံတွေ့ခဲ့ရပါတယ်။



၂၀၁၁ မြေငလျင်နှင့် ဆူနာမီကြောင့် ပျက်စီးခဲ့သည့် ဖူကူရှီးမားအဏုမြူ ဓာတ်ပေါင်းဖိုတစ်လုံးကို တွေ့ရစဉ်။

အပျက်အစီးတွေထဲမှာ အန္တရာယ်အကြီးမားဆုံး အပျက်အစီးကတော့ ဖူကူရှီးမားခရိုင်အတွင်းမှာရှိတဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနေတဲ့ အဏုမြူဓာတ်ပေါင်းဖိုအချို့ ထိခိုက်ခဲ့ခြင်းပဲဖြစ်ပါတယ်။

ဖူကူရှီးမားခရိုင် အိုကူးမမြို့ (Okuma) မှာရှိတဲ့ ဒိုင်အိချီအဏုမြူဓာတ်အားပေးစက်ရုံမှာ ဓာတ်ပေါင်းဖိုခြောက်လုံးရှိတဲ့အနက် ဓာတ်ပေါင်းဖိုလေးလုံးဟာ ငလျင်နဲ့ ဆူနာမီဒဏ်ကြောင့် ပျက်စီးမှုဖြစ်ခဲ့ပါတယ်။ ငလျင်လှုပ်တာနဲ့ ဒိုင်အိချီ အဏုမြူဓာတ်အားပေးစက်ရုံ ဓာတ်ပေါင်းဖိုမှာ လည်ပတ်နေတဲ့ အဏုမြူဓာတ်ပြိုကွဲခြင်းဖြစ်စဉ် (fission reactions) တွေဟာ အလိုအလျောက်ရပ်ဆိုင်းခဲ့ပါတယ်။

လျှပ်စစ်မီး ပျက်သွားတဲ့အတွက် ဓာတ်ပေါင်းဖိုအတွင်းပိုင်းက လောင်စာတွေ အပူချိန်မြင့်မားနေတာကို အအေးခံတဲ့စနစ် ဆက်လက်မောင်းနှင်နိုင်စေဖို့ ဒီဇယ်နဲ့မောင်းနှင်တဲ့ မီးအားပေးစက်တွေလည်း ပွင့်လာခဲ့ပါတယ်။ သို့သော် ငလျင်ကြောင့် ဖြစ်ပေါ်လာတဲ့ ဆူနာမီရေလှိုင်းကြီးတွေဟာ ၄၆ ပေအထိမြင့်မားတဲ့အတွက်ရေတားနံရံတွေကို ကျော်လွန်ရောက်ရှိလာပြီး ဓာတ်ပေါင်းဖိုလေးခုအတွင်း ရေတွေဝင်ရောက်ခဲ့ပါတယ်။

အကျိုးဆက်အဖြစ် ဒီဇယ်နဲ့ မောင်းနှင်တဲ့ မီးအားပေးစက်တွေ ပျက်စီးသွားတဲ့အတွက် အအေးခံစနစ် ပျက်စီးသွားပြီး အဏုမြူပျော်ကျမှု (nuclear meltdown)၊ ဟိုက်ဒြိုဂျင်ပေါက်ကွဲမှု (hydrogen explosion) တွေ ဖြစ်ပွားခဲ့ပြီး ဓာတ်ပေါင်းဖိုသုံးခုမှာ အဏုမြူဓာတ်ကြွပစ္စည်းတွေ စိမ့်ထွက်မှု ဖြစ်ပေါ်ခဲ့ရပါတယ်။ ပျက်စီးသွားတဲ့ ဓာတ်ပေါင်းဖိုတွေကနေ ရေဒီယိုသတ္တိကြွပစ္စည်းတွေ လေထုထဲကို ပျံ့လွင့်ခဲ့တဲ့အတွက် အနီးတစ်ဝိုက်ဒေသမှာ နေထိုင်ကြတဲ့ ဒေသခံပြည်သူ ၁၅၄၀၀၀ ကျော်ကို အန္တရာယ်ကင်းလွတ်ရာဒေသဆီ ရွှေ့ပြောင်းပေးခဲ့ရသလို ဓာတ်ပေါင်းဖိုထဲ ဝင်ရောက်လာတဲ့ ရေတွေမှာလည်း ရေဒီယိုသတ္တိကြွ အိုင်ဆိုတုပ်တွေ စိမ့်ဝင်ခဲ့ပြီး အချို့ရေတွေလည်း ပစိဖိတ်သမုဒ္ဒရာထဲ ပြန်လည်စီးဝင်ရောက်ရှိခဲ့ပါတယ်။ ဒီဖြစ်စဉ်ကြီးဟာ ဂျပန်နိုင်ငံအတွက် ရေရှည် ရင်ဆိုင်ကိုင်တွယ်ဖြေရှင်းရမယ့်ပြဿနာရဲ့ မူလအစ ဖြစ်လာခဲ့ပါတယ်။

## ဂျပန်အစိုးရ၏ ကိုင်တွယ်ဆောင်ရွက်မှုများ

ဂျပန်နိုင်ငံဟာ ရေဒီယိုသတ္တိကြွပစ္စည်းတွေ ပါဝင်နေတဲ့ရေတွေ ပင်လယ်ပြင်ထဲစီးဝင်နေမှု ရပ်တန့်စေဖို့ ဓာတ်ပေါင်းဖိုအနီးတစ်ဝိုက် ကမ်းရိုးတန်းမှာ ရေခဲနံရံ (Ice Wall) လို့ခေါ်တဲ့ အေးခဲထားတဲ့ မြေကြီးတွေနဲ့ ၁ ဒသမ ၅ ကီလိုမီတာအရှည်ရှိတဲ့ ရေတားနံရံကို ဆောက်လုပ်ခဲ့ပါတယ်။ ဂျပန်အစိုးရဟာ ပျက်စီးသွားတဲ့ အဏုမြူဓာတ်ပေါင်းဖိုတွေဆီက လောင်စာတောင့်တွေကို အအေးပေးနိုင်ဖို့ ရေနဲ့အမြဲဖျန်းနေရပါတယ်။ ဒီအအေးခံတဲ့ ရေတွေဟာ အဏုမြူလောင်စာနဲ့ ထိတွေ့ပြီးနောက်မှာ ရေဒီယိုသတ္တိကြွပစ္စည်းတွေ ရောနှောပါဝင်လာပါတယ်။

ဂျပန်အစိုးရဟာ ဒီရေဒီယိုသတ္တိကြွရေ (contaminated water) တွေကို ဖူကူရှီးမားဓာတ်ပေါင်းဖို အနီးတစ်ဝိုက်မှာ ရေလှောင်ကန်ကြီးတွေဆောက်ပြီး သိုလှောင်ထားရပါတယ်။ ပြီးတော့မှ သိုလှောင်ထားတဲ့ရေတွေကို Multi-nuclide removal equipment စက်ကြီးတွေအသုံးပြုပြီး Advanced Liquid Processing System (ALPS) နည်းစနစ်တွေနဲ့ ရေဒီယိုသတ္တိကြွပစ္စည်းတွေကို ဖယ်ထုတ်ခဲ့ပါတယ်။

ဖယ်ထုတ်လို့မရတဲ့ ထရစ်တြီယံ (Tritium) ပစ္စည်းကလွဲလို့ ကျန်ရေဒီယိုသတ္တိကြွပစ္စည်းတွေကို ဖယ်ရှားပြီးတဲ့ရေ(Treated water)ကိုလည်း သိုလှောင်ကန်တွေမှာပဲ ဆက်လက်သိုလှောင်ထားပါတယ်။ ထရစ်တြီယံပစ္စည်းကလည်း ပမာဏသိပ်မများရင် အငွေ့ပျံသွားနိုင်လို့ သဘာဝပတ်ဝန်းကျင်နဲ့ လူသားတွေရဲ့ ကျန်းမာရေးကို မထိခိုက်စေနိုင်ဘူးလို့ ပညာရှင်တွေက ထောက်ပြပါတယ်။

ဖူကူရှီးမားဓာတ်ပေါင်းဖိုမှာ ရေဒီယိုသတ္တိကြွရေ တန်ချိန်ပေါင်း ၁ ဒသမ ၃ သန်းကို လှောင်ကန်ပေါင်း ၁၀၀၀ ကျော်နဲ့ သိုလှောင်ထားရသလို ၂၀၁၁ မြေငလျင်ကြောင့် ပျက်စီးသွားတဲ့ ဓာတ်ပေါင်းဖိုသုံးခုကို အအေးခံနေရတဲ့ လုပ်ငန်းစဉ်ကနေ နေ့စဉ် ရေဒီယိုသတ္တိကြွရေတန်ချိန် ၁၅၀ ထွက်ရှိနေပါတယ်။ လှောင်ကန်တွေရဲ့ ရေသိုလှောင်နိုင်မှုပမာဏက တန်ချိန် ၁ ဒသမ ၃၇ သန်းသာရှိတာကြောင့် လှောင်ကန်တွေပြည့်တော့မယ့်အခြေအနေမှာ ရှိနေပါတယ်။ ဒါကြောင့် ဂျပန်အစိုးရဟာ ပြန်လည်ပြုပြင်သန့်စင်ပြီးတဲ့ရေတွေကို ပင်လယ်ပြင်ထဲကို ပြန်လည်စွန့်ပစ်ဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။

ပြန်လည် စွန့်ပစ်ရာမှာလည်း ပြန်လည်သန့်စင်ပြီးတဲ့ရေ မက်ထရစ်တန် ၄၆၀ ကို ပင်လယ်ရေ မက်ထရစ်တန် ၃၄၀၀၀၀ နဲ့ရောနှောပြီးမှ ပင်လယ်ရေအောက် ပိုက်လိုင်းကနေ တစ်ဆင့် ပြန်လည်စွန့်ပစ်တာဖြစ်ပါတယ်။ *စာမျက်နှာ ၁၇ သို့*

❖ **ဖူကူရှီးမားဓာတ်ပေါင်းဖိုမှာ ရေဒီယိုသတ္တိကြွရေ တန်ချိန်ပေါင်း ၁ ဒသမ ၃ သန်းကို လှောင်ကန်ပေါင်း ၁၀၀၀ ကျော်နဲ့ သိုလှောင်ထားရသလို ၂၀၁၁ မြေငလျင်ကြောင့် ပျက်စီးသွားတဲ့ဓာတ်ပေါင်းဖိုသုံးခုကို အအေးခံနေရတဲ့ လုပ်ငန်းစဉ်ကနေ နေ့စဉ် ရေဒီယိုသတ္တိကြွရေတန်ချိန် ၁၅၀ ထွက်ရှိနေပါတယ်။ လှောင်ကန်တွေရဲ့ ရေသိုလှောင်နိုင်မှု ပမာဏက တန်ချိန် ၁ ဒသမ ၃၇ သန်းသာရှိတာကြောင့် လှောင်ကန်တွေပြည့်တော့မယ့် အခြေအနေမှာ ရှိနေပါတယ်။ ဒါကြောင့် ဂျပန်အစိုးရဟာ ပြန်လည်ပြုပြင်သန့်စင်ပြီးတဲ့ရေတွေကို ပင်လယ်ပြင်ထဲကို ပြန်လည်စွန့်ပစ်ဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်**



မြေငလျင်နှင့် ဆူနာမီကြောင့် ပျက်စီးခဲ့သည့် ဖူကူရှီးမားအဏုမြူဓာတ်ပေါင်းဖိုအနီးတစ်ဝိုက်တွင် ဂျပန်အစိုးရက ရေဒီယိုသတ္တိကြွရေများနှင့် သန့်စင်ပြီးရေများကို ရေလှောင်ကန်ကြီးများဖြင့် စနစ်တကျသိုလှောင်ထားသည်ကို တွေ့ရစဉ်။

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ ထန်းတပင်၊ တွံတေးနှင့် ဆိပ်ကြီးခနောင်တိုမြို့နယ်များ၏ ဒေသဖွံ့ဖြိုးရေးကွင်းဆင်းကြည့်ရှုစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ယမန်နေ့ နံနက်ပိုင်းက ထန်းတပင်မြို့နယ်၊ တွံတေးမြို့နယ်နှင့် ဆိပ်ကြီးခနောင်တိုမြို့နယ်များ၏ ဒေသဖွံ့ဖြိုးရေးများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ထန်းတပင်မြို့နယ် အနောက်ပိုင်းတက္ကသိုလ်သို့ ရောက်ရှိရာ ပါမောက္ခချုပ်ဆရာမကြီးနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများက ကျောင်းဝင်းအတွင်း မြက်ပင်ချုံနွယ်များ ရှင်းလင်းပြီး ရေစီးရေလာကောင်းမွန်ရေး သန့်ရှင်းရေး ဆောင်ရွက်ပေးနေမှု အခြေအနေများ ရှင်းလင်းတင်ပြမှုအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားပြီး ပင်မဆောင်အတွင်းနှင့် ဘွဲ့နှင်းသဘင်ခန်းမကိုလည်းကောင်း၊ ကျောင်းဝင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်နေမှု၊ စက်ယန္တရားကြီးများဖြင့် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးနေမှုနှင့် ကျောင်းဘောလုံးကွင်း ပြန်လည်ပြုပြင်ရန် အခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ (ယာပုံ)

ထို့နောက် တွံတေးမြို့နယ် မိုင်တိုင် ၇/၁ နှင့် ၇ /၂ တွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီးငွေလုံးငွေရင်းတို့ဖြင့် အကျယ် ၂၄ ပေရှိ လှိုင်သာယာ - ဒလ- တွံတေးလမ်း ကတ္တရာရေပိတ်လွှာလောင်းခြင်းလုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။ ရှင်းလင်းဆောင်တွင် တိုင်းဒေသကြီးလမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထင်ကျော်က လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီးငွေလုံးငွေရင်းဖြင့် ကံဘဲ့ - ဒလ - ပျော်ဘွယ်လေးလမ်း လုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရေရှည်အသုံးပြုနိုင်ရေး စနစ်တကျဆောင်ရွက်ကြရန် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင်အဖွဲ့သည် ဆိပ်ကြီးခနောင်တိုမြို့နယ် ပြည်သူ့ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်ရောက်နေသော လူနာများနှင့် ဆေးရုံစောင့်များအား ထောက်ပံ့ငွေများပေးအပ်၍ ဆေးရုံဝင်းအတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေး မြို့နယ်မှ တာဝန်ရှိသူများက ဝိုင်းဝန်းဆောင်ရွက်ပေးရန် မှာကြားသည်။



ယင်းနောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မြို့နယ်ရှိ ပြည်သူများသောက်ရေလုံလောက်စွာရရှိရေးအတွက် တစ်နေ့လျှင် လီတာ ၂၇၀၀၀ ထွက်ရှိသည့် ရေသန့်စက် လည်ပတ်မှုနှင့် ဒီရေအတက်အကျရှိပြီး အ.ထ.က ရိုးချောင်းမှ မြို့တွင်းသို့ရေဝင်ရောက်သဖြင့် ရေတံခါးတပ်ဆင်မည့်နေရာကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ဆန်းကျော်ဦး(ပြန်/ဆက်)**

## အနုညာတစီရင်ဆုံးဖြတ်ခြင်း အဆင့်မြင့်သင်တန်း အမှတ်စဉ်(၁)နှင့်(၂) သင်တန်းဆင်း

**ရန်ကုန် စက်တင်ဘာ ၃**

မြန်မာအပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်း(MIAC)မှ ဖွင့်လှစ်ပို့ချခဲ့သော အနုညာတစီရင်ဆုံးဖြတ်ခြင်း အဆင့်မြင့်သင်တန်း အမှတ်စဉ်(၁)နှင့်(၂) သင်တန်းဆင်းပွဲကို ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်၌ စက်တင်ဘာ ၂ ရက်ကကျင်းပရာ MIAC(ဗဟို)ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ တိုင်း၊ ခရိုင်အလုပ်အမှုဆောင်များ၊ သင်တန်းနည်းပြဆရာကြီး ဆရာမကြီးများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် MIAC အသင်းတည်ထောင်သူနှင့် ဗဟိုဥက္ကဋ္ဌ ဦးအဲလ်ဘတ်ဇော်မင်းက အမှာစကားပြောကြားပြီးနောက် သင်တန်းတာဝန်ခံ ဦးကျူးခေါင်က သင်တန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ MIAC(ဗဟို)ဘဏ္ဍာရေးမှူးနှင့် ခရိုင်ရုံးများဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌ ဦးရဲညွန့်က မုဒိတာစကားပြောကြားကာ သင်တန်းနည်းပြဆရာကြီး ဆရာမကြီးများက ဝမ်းမြောက်ဂုဏ်ပြုစကား ပြောကြားကြသည်။ ထို့နောက် သင်တန်းသား သင်တန်းသူများအား MIAC(ဗဟို) ဥက္ကဋ္ဌနှင့် ဆရာကြီး ဆရာမကြီးများက သင်တန်းပြီးမြောက်ကြောင်း အသိအမှတ်ပြုလက်မှတ်များ တစ်ဦးချင်းချီးမြှင့်ပေးအပ်ခဲ့ကြသည်။ **မောင်မောင်(လှျပ်စစ်)**

*စာမျက်နှာ ၁၆ မှ*

အခုပထမအကြိမ် ပြန်လည်စွန့်ပစ်မှုမှာ ပြန်လည်သန့်စင်ပြီး ရေတန်ချိန် ၃၂၀၀၀ ကို ၂၀၂၄ ခုနှစ် မတ်လကုန်မှာ စွန့်ပစ်သွားနိုင်ဖို့ ရည်မှန်းထားရှိပါတယ်။ ဒီပမာဏဟာ သိုလှောင်ထားတဲ့ ရေကန်ပေါင်း ၁၀၀၀ အနက်က ၁၀ ကန်ကိုသာ စွန့်ပစ်နိုင်ခြင်းဖြစ်ပါတယ်။ ဒါကြောင့် ရေလှောင်ကန်ပေါင်း ၁၀၀၀ က သိုလှောင်ထားတဲ့ရေတွေကို စွန့်ပစ်နိုင်ဖို့က ဆယ်စုနှစ်ပေါင်းများစွာ အချိန်ယူဆောင်ရွက်သွားရမယ့်လုပ်ငန်းဖြစ်တာကို တွေ့မြင်နိုင်ပါတယ်။

အခုစွန့်ပစ်တဲ့ ပြန်လည်သန့်စင်ပြီးတဲ့ ရေတွေမှာပါဝင်တဲ့ ရေဒီယိုသတ္တိကြွမှုအဆင့်ဟာ ပုံမှန်သောက်သုံးရေမှာ ပါဝင်တဲ့အဆင့်ထက် လျော့နည်းကြောင်း၊ ဂျပန်အစိုးရအနေနဲ့ ပြည်တွင်းစံနှုန်းတွေနဲ့ နိုင်ငံတကာစည်းမျဉ်းသတ်မှတ်ချက်တွေထက် ကျော်လွန်ပြီး လုံခြုံမှုအာမခံချက်ပေးနိုင်မယ့်နည်းလမ်းတွေနဲ့ ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ပြန်လည်သန့်စင်ရာမှာ ဖယ်ထုတ်လို့မရတဲ့ ထရစ်တြီယံ(Tritium)ဓာတ်သတ္တုကလည်း ပင်လယ်ရေနဲ့ရောပြီး အရည်ပျော်သွားမှာဖြစ်တဲ့အတွက် ထရစ်တြီယံအကြွင်းအကျန်ဟာ လူသားတွေရဲ့ ကျန်းမာရေးနဲ့ သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှု မရှိသလောက်နည်းပါးတယ်လို့ ဂျပန်အစိုးရက ပြောကြားခဲ့ပါတယ်။

ဒါ့အပြင် ၂၀၂၃ ခုနှစ် ဇူလိုင်လအတွင်း ဂျပန်နိုင်ငံကို လာရောက်ခဲ့တဲ့ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ (IAEA) ရဲ့ ညွှန်ကြားရေးမှူးချုပ် Mr. Rafael Grossi ကလည်း အဏုမြူဓာတ်ပေါင်းဖိုမှ ပြန်လည်သန့်စင်ပြီးတဲ့ရေတွေကို ပင်လယ်ပြင်အတွင်း ပြန်လည်စွန့်ပစ်မယ့် ဂျပန်အစိုးရရဲ့ အစီအစဉ်ဟာ "အပြည်ပြည်ဆိုင်ရာ




ဂျပန်နိုင်ငံ ဖူကူရှီးမားအဏုမြူဓာတ်ပေါင်းဖိုမှ ပြန်လည်သန့်စင်ပြီးရေများ ပြန်လည်စွန့်ပစ်သည့်အစီအစဉ်ကို တောင်ကိုရီးယားနိုင်ငံတွင် ကန့်ကွက်မှုများ ပြုလုပ်နေစဉ်။

လုံခြုံစိတ်ချရမှု စံချိန်စံညွှန်းများနှင့် ညီညွတ်မှုရှိကြောင်း၊ သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုမှာ မရှိသလောက်ဖြစ်ကြောင်း" ပြောကြားခဲ့ပါတယ်။ IAEA ရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာထဲမှာလည်း ဒီအချက်ကို အလေးထားဖော်ပြခဲ့ပါတယ်။

ဒါပေမယ့် IAEA အနေနဲ့ သဘာဝပတ်ဝန်းကျင် စောင့်ကြည့်စစ်ဆေးမှုလုပ်ငန်းစဉ်တွေကို ပြန်လည်စွန့်ပစ်ရေလုပ်ငန်းစဉ်ပြီးစီးသွားတဲ့အထိ လုပ်ဆောင်သွားမယ်လို့ ကတိပြုပြောကြားခဲ့ပါတယ်။ ဂျပန်နိုင်ငံရဲ့ အစီအစဉ်အပေါ် နိုင်ငံအချို့က လုံခြုံစိတ်ချရမှု စံချိန်စံညွှန်းတွေနဲ့ကိုက်ညီကြောင်း ထောက်ခံပြောကြားကြပေမယ့် ဂျပန်ပြည်တွင်းမှာရော အိမ်နီးချင်းနိုင်ငံအချို့မှာပါ ကန့်ကွက်မှုတွေ ထွက်ပေါ်လာခဲ့ပါတယ်။

### ပြည်တွင်းပြည်ပ ကန့်ကွက်မှုများ

ဂျပန်နိုင်ငံရဲ့ ဆုံးဖြတ်ချက်နဲ့ ပတ်သက်ပြီး အိမ်နီးချင်းနိုင်ငံတွေက ကန့်ကွက်မှုတွေ ပြုလုပ်ခဲ့ကြပါတယ်။ တရုတ်နိုင်ငံနဲ့ ဟောင်ကောင်ဒေသတို့ဟာ ဂျပန်နိုင်ငံရဲ့ ပြန်လည်သန့်စင်ပြီးတဲ့ရေတွေကို ပစိဖိတ်သမုဒ္ဒရာအတွင်း ပြန်လည်စွန့်ပစ်တဲ့ အစီအစဉ်အပေါ် အပြင်းအထန် ကန့်ကွက်လျက်ရှိပါတယ်။ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် Wang Wenbin က ဂျပန်နိုင်ငံရဲ့အစီအစဉ်ဟာ ဂျပန်နိုင်ငံရဲ့ ကိုယ်ကျိုးကြည့်မှုနဲ့ တာဝန်မဲ့မှုကို ဖော်ပြနေပြီး နိုင်ငံတကာနဲ့ အပြည့်အဝ ညှိနှိုင်းတိုင်ပင်ခြင်းမရှိခဲ့ကြောင်း၊ လူသားအားလုံးရဲ့ ရေရှည်လူနေမှုဘဝထက် ဂျပန်နိုင်ငံရဲ့အကျိုးကိုသာ ကြည့်ပြီး ဆောင်ရွက်တဲ့လုပ်ရပ်ဖြစ်ကြောင်း၊ ကုလသမဂ္ဂပင်လယ်ပြင်ဥပဒေ ကွန်ဗင်းရှင်း (UNCLOS) အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ဂျပန်နိုင်ငံအနေနဲ့ ကွန်ဗင်းရှင်းပါ အချက်တွေကို လိုက်နာဖို့လိုအပ်ကြောင်း၊ ပင်လယ်ပြင်ဟာ ဂျပန်နိုင်ငံရဲ့ ပုဂ္ဂလိက အမှိုက်စွန့်ပစ်ဖို့ နေရာမဟုတ်ကြောင်း၊ ရေဒီယိုသတ္တိကြွပြီး ပြန်လည်သန့်စင်ထားတဲ့ရေတွေကို ပင်လယ်ပြင်အတွင်း စွန့်ပစ်တာဟာ နောင်မှာအစဉ်အလာတစ်ခုဖြစ်သွားနိုင်ကြောင်း ပြောကြားခဲ့ပါတယ်။

ဂျပန်နိုင်ငံက ပြန်လည်သန့်စင်ပြီးတဲ့ရေတွေကို ပင်လယ်အတွင်း ပြန်လည်စွန့်ပစ်မှု စတင်ခဲ့တဲ့နေ့မှာပဲ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနဟာ တရုတ်နိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးကို ဆင့်ခေါ်ပြီး ကန့်ကွက်မှုပြုလုပ်ခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ ဂျပန်နိုင်ငံက တင်သွင်းလာတဲ့ ရေထွက်ကုန်ပစ္စည်းမှန်သမျှကို ပိတ်ပင်ကြောင်းကိုလည်း ကြေညာခဲ့ပါတယ်။ တရုတ်နိုင်ငံဟာ ဂျပန်နိုင်ငံက ပြန်လည်သန့်စင်ပြီးရေတွေ ပင်လယ်ပြင်အတွင်း စွန့်ပစ်မယ့်ကိစ္စကို အစဉ်တစိုက်ကန့်ကွက်ခဲ့သလို ၂၀၂၃ ခုနှစ် ဇူလိုင်လကစပြီး ဂျပန်နိုင်ငံက တင်သွင်းလာတဲ့ ရေထွက်ပစ္စည်းတွေကို ရေဒီယိုသတ္တိကြွမှုစစ်ဆေးခြင်း(Radiation test) တွေ ပိုမိုတင်းတင်းကျပ်ကျပ် ပြုလုပ်လာခဲ့ပါတယ်။

ဂျပန်နိုင်ငံက ပြန်လည်သန့်စင်ပြီးရေတွေ ပင်လယ်ပြင်အတွင်း စွန့်ပစ်မယ့်ကိစ္စကို ၂၀၂၁ ခုနှစ်မှာ စတင်ကြေညာစဉ် အဲဒီအချိန်က တောင်ကိုရီးယားအစိုးရကလည်း ကန့်ကွက်ခဲ့ပါတယ်။ အိမ်နီးချင်းနိုင်ငံတွေရဲ့ လုံခြုံရေးနဲ့ ပင်လယ်ရေကြောင်း သဘာဝပတ်ဝန်းကျင်ကို အန္တရာယ်ဖြစ်စေမယ့် အခြေအနေတွေဖြစ်ပေါ်လာနိုင်တဲ့အတွက် ဂျပန်နိုင်ငံရဲ့ ဆုံးဖြတ်ချက်ကိုလုံးဝလက်မခံနိုင်ကြောင်း တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနက ဆိုးလ်မြို့မှာရှိတဲ့ ဂျပန်သံအမတ်ကြီးကို ဆင့်ခေါ်ကန့်ကွက်ခဲ့ပါတယ်။

ဂျပန်နိုင်ငံအနေနဲ့ ၎င်းနဲ့အနီးဆုံး အိမ်နီးချင်းဖြစ်ပြီး ပင်လယ်ချင်း ထိစပ်နေတဲ့ တောင်ကိုရီးယားနိုင်ငံနဲ့ ညှိနှိုင်းခြင်းမရှိဘဲ တစ်ဖက်သတ်ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်းအပေါ် ကန့်ကွက်ကြောင်း ပြောကြားခဲ့ပါတယ်။ ဒါ့အပြင် ဂျပန်နိုင်ငံရဲ့ အခုလိုလုပ်ဆောင်မယ့် ကိစ္စအပေါ် ပင်လယ်ပြင်ဥပဒေဆိုင်ရာ နိုင်ငံတကာတရားရုံး (International Tribunal for the Law of the Sea) ကို တင်ပြသွားဖို့လည်း ထိုစဉ်က သမ္မတ မွန်ဂျေအင်းက ညွှန်ကြားခဲ့တယ်လို့ သိရပါတယ်။

သို့သော်လည်း တောင်ကိုရီးယားနိုင်ငံမှာ အစိုးရအဖွဲ့ အပြောင်းအလဲဖြစ်ပြီး ၂၀၂၂ ခုနှစ် မေလမှာ သမ္မတဖြစ်လာတဲ့ Yoon Suk Yeol က ဂျပန်နိုင်ငံနဲ့ ဆက်ဆံရေးကောင်းမွန်ဖို့ ကြိုးပမ်းလာခဲ့ပါတယ်။ နှစ်နိုင်ငံအကြား ဆက်ဆံရေးမှာ အဖုအထစ်အဖြစ်ရှိနေခဲ့တဲ့ စစ်အတွင်း အဓမ္မလုပ်အားခိုင်းစေမှု၊ လိင်ပိုင်းဆိုင်ရာ ဖျော်ဖြေရေးလုပ်ငန်းတွေမှာ အမျိုးသမီးတွေကို အသုံးချမှု (Comfort Women) စတဲ့ကိစ္စတွေမှာတောင် သမ္မတ Yoon Suk Yeol ဘက်က အလျှော့ပေးမှုတွေ ပြုလုပ်ခဲ့တာကို တွေ့ရပါတယ်။

မြောက်ကိုရီးယားနိုင်ငံရဲ့ ဒုံးကျည်စမ်းသပ်ပစ်လွှတ် ခြိမ်းခြောက်မှုတွေကို တောင်ကိုရီးယားနိုင်ငံက ဂျပန်နဲ့အတူလက်တွဲပြီး ကာကွယ်နိုင်ဖို့လို့အကြောင်းပြခဲ့ပေမယ့် တောင်ကိုရီးယားသမ္မတ Yoon Suk Yeol ရဲ့ ဂျပန်အပေါ် အလျှော့ပေးမှုတွေကို တောင်ကိုရီးယား ပြည်သူတွေက အမြင်မကြည်ဖြစ်ခဲ့ကြပါတယ်။ ၂၀၂၃ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့မှာ ဂျပန်နိုင်ငံက ပြန်လည်သန့်စင်ပြီးတဲ့ ရေတွေ ပင်လယ်ပြင်အတွင်း ပြန်လည်စွန့်ပစ်တဲ့အခါမှာလည်း တောင်ကိုရီးယားနိုင်ငံက ဂျပန်ရဲ့ဆောင်ရွက်မှုဟာ နိုင်ငံတကာ လုံခြုံစိတ်ချရမှု စံချိန်စံညွှန်းတွေနဲ့ ကိုက်ညီတယ်လို့တောင် ပြောကြားခဲ့တာကို တွေ့ရပါတယ်။ သို့သော်လည်း တောင်ကိုရီးယားနိုင်ငံသားတွေကတော့ ဂျပန်ရဲ့လုပ်ရပ်ကို ကန့်ကွက်ဖို့ ဆိုးလ်မြို့မှာရှိတဲ့ ဂျပန်သံရုံးရှေ့မှာ ဆန္ဒပြခဲ့ကြတဲ့အပြင် သံရုံးဝင်းအတွင်း ဝင်ရောက်ဖို့ကြိုးစားခဲ့ကြလို့ ဆန္ဒပြသူ ၁၆ ဦးကို တောင်ကိုရီးယားရဲတပ်ဖွဲ့က ထိန်းသိမ်းခဲ့ရပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

# မုတ္တမပင်လယ်ကွေ့ဒေသရှိ အနီးရောင်စာရင်းဝင် ရေပျော်ငှက်မျိုးစိတ်များစစ်တမ်း

**မြန်လင်းမောင်**

မုတ္တမပင်လယ်ကွေ့ဒေသသည် ကမ္ဘာပေါ်တွင် အရေးကြီးဆုံးနှင့် ထူးခြားလှသည့် ဒီရေအတက်အကျရှိသော ရေဝပ်ဒေသများအနက် တစ်ခုအပါအဝင်ဖြစ်သည်။ ထို့ကြောင့် ၂၀၁၇ ခုနှစ်တွင် မုတ္တမပင်လယ်ကွေ့ဒေသကို ရမ်ဆာဒေသအဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည်။ မုတ္တမပင်လယ်ကွေ့ဒေသတွင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့် အရေးပါသော သက်ရှိမျိုးစိတ်များ မှီခိုရှင်သန်ရာအသိုက်အမြုံ၊ စီးပွားရေးအရ အရေးပါသည့် ရေလုပ်ငန်းများ ဆောင်ရွက်ရာနေရာနှင့် သဘာဝသယံဇာတအရင်းအမြစ်များအပေါ် မှီခိုနေရသည့် ဒေသခံပြည်သူများ၏ အားထားရာနေရာလည်းဖြစ်သည်။

မုတ္တမပင်လယ်ကွေ့ဒေသသည် ရမ်ဆာစံနှုန်းသတ်မှတ်ချက်များနှင့် များစွာကိုက်ညီမှုရှိသည့်အတွက် ၂၀၁၇ ခုနှစ် မေလတွင် မုတ္တမပင်လယ်ကွေ့ဒေသ မြောက်ဘက်ပိုင်းဖြစ်သည့် မွန်ပြည်နယ်ကျိုက်ထိုနှင့် ဘီးလင်းမြို့နယ်တို့ရှိ ဧရိယာဟက်တာပေါင်း ၄၂၅၀၀ ကိုလည်းကောင်း၊ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် သထုံ၊ ပေါင်နှင့် ပဲခူးတိုင်းဒေသကြီးရှိ သနပ်ပင်၊ ကဝမြို့နယ်တို့ရှိ ဟက်တာပေါင်း ၁၁၈၅၃၀ ကိုလည်းကောင်း ရမ်ဆာကွန်ဗင်းရှင်းမှ တရားဝင် အသိအမှတ်ပြုပေးခဲ့သည့်အတွက် မုတ္တမပင်လယ်ကွေ့ဒေသနှင့် ဆက်စပ်နေသည့် ဧရိယာများတွင် ရမ်ဆာ(ရေဝပ်ဒေသ) စုစုပေါင်းအကျယ်အဝန်း ဧရိယာ ၁၆၁၀၃၀ ဟက်တာရှိကြောင်း သိရသည်။

**၂၀၂၃ ရေပျော်ငှက်မျိုးစိတ်စာရင်း**

၂၀၂၃ ခုနှစ် အစောပိုင်းကာလအတွင်း မုတ္တမပင်လယ်ကွေ့စီမံကိန်းမှ မုတ္တမပင်လယ်ကွေ့ဒေသ၌ လာရောက်ကျက်စားသည့် ရေပျော်ငှက်မျိုးစိတ်စာရင်းကောက်ယူမှုများ ဆောင်ရွက်ခဲ့ရာ ငှက်မျိုးစိတ် ၅၃ မျိုး၏ စုစုပေါင်းငှက်ကောင်ရေ ၆၀၀၀၀ ခန့် စစ်တမ်းကောက်ယူတွေ့ရှိခဲ့ကြောင်း ဩဂုတ် ၂ ရက်က ထုတ်ပြန်ထားသည်။ ငှက်ကောင်ရေစစ်တမ်းကောက်ယူရေးအဖွဲ့၏ တွေ့ရှိချက်အရ မြန်မာနိုင်ငံသို့ လာရောက် ဆောင်းခိုကျက်စားလေ့ရှိသော မျိုးသုဉ်းလုနီးပါးအန္တရာယ်ရှိသည့် ရေညှောင့်နှုတ်ဝိုင်းငှက်မျိုးစိတ်ကို ၂၀၂၂ ခုနှစ်က စုစုပေါင်း




ကောင်ရေ ၈၀ ခန့် မှတ်တမ်းတင်တွေ့ရှိခဲ့သော်လည်း ယခုနှစ်အတွင်း စုစုပေါင်း ၁၆ ကောင်မှ ၂၅ ကောင်ခန့်သာ လာရောက်ကျက်စားကြောင်း တွေ့ရှိရသဖြင့် ကောင်ရေများစွာကျဆင်းသွားကြောင်း သိရသည်။ အဆိုပါ စစ်တမ်းအရ မုတ္တမပင်လယ်ကွေ့ဒေသ၌ အခြားသော မျိုးသုဉ်းအန္တရာယ်ကျရောက်နေသည့် အနီးရောင်စာရင်းဝင် ငှက်မျိုးစိတ်များဖြစ်သည့် နေ့ဘုငှက် ၈၁ ကောင်၊ နော်မန်ခြေစိမ်း ၁၅ကောင်၊ ဘဲပို့ချပ် ၁၆ ကောင်၊ နှုတ်သီးရှည်မြီးမည်း ကောင်ရေ ၂၀၄၀၊ နှုတ်သီးရှည်ညို ၉၁ ကောင်၊ နှုတ်သီးကောက်ကြီး ၁၀၇၂ ကောင်၊ ပျံဖြူနားမည်း ၁၈၃ ကောင်၊ နေ့ဘုနီ ၂၁ ကောင်၊ ဒီလုံးလည်နီ ၄၈၇၄ ကောင်၊ ရေညှောင့်နှုတ်သီးကောက် ၂၄၅၅ ကောင်၊ ခရုစုပ်ခေါင်းမည်း ၁၄၄ ကောင်၊ ငှက်ကျားလေးကောင်ကို ၂၀၂၃ ခုနှစ် အစောပိုင်းကာလအတွင်း တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ကြောင်း သိရသည်။

**၂၀၂၂ ရေပျော်ငှက်မျိုးစိတ်စာရင်း**

ထို့အတူ မုတ္တမပင်လယ်ကွေ့ဒေသတွင် လာရောက်ကျက်စားသည့် ၂၀၂၂ ခုနှစ် ရေပျော်ငှက်မျိုးစိတ် စစ်တမ်းတွင် ငှက်မျိုးစိတ် ၄၅ မျိုး၊ စုစုပေါင်း ငှက်ကောင်ရေ ၄၇၄၉၀ မှတ်တမ်းတင်နိုင်ခဲ့ပြီး မျိုးသုဉ်းအန္တရာယ်ကျရောက်နေသည့် ငှက်မျိုးစိတ်များအနက် ရေညှောင့်နှုတ်ဝိုင်းငှက်ကောင်ရေ ၈၀၊ နေ့ဘုငှက် ၁၆၅ ကောင်၊ နှုတ်သီးကောက်ကြီး ၃၁၃ ကောင်၊ နော်မန်ခြေစိမ်းရှစ်ကောင်၊ အမြီးကျား ဂေါ့ဒွစ်သုံးကောင်၊ ခရုစုပ်ခေါင်းမည်း ၁၂ ကောင်နှင့် ငှက်ကျား ၁၃ ကောင် တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ကြောင်း သိရသည်။

**၂၀၂၃ ခုနှစ် အစောပိုင်းကာလအတွင်း မုတ္တမပင်လယ်ကွေ့စီမံကိန်းမှ မုတ္တမပင်လယ်ကွေ့ဒေသ၌ လာရောက်ကျက်စားသည့် ရေပျော်ငှက်မျိုးစိတ်စာရင်း ကောက်ယူမှုများ ဆောင်ရွက်ခဲ့ရာ ငှက်မျိုးစိတ် ၅၃ မျိုး၏ စုစုပေါင်း ငှက်ကောင်ရေ ၆၀၀၀၀ ခန့် စစ်တမ်းကောက်ယူတွေ့ရှိခဲ့**

**အဓိကတွေ့ရှိချက်များ**

မုတ္တမပင်လယ်ကွေ့ဒေသရှိ ရေပျော်ငှက်များသည် ယခင်နှစ်များနှင့် နှိုင်းယှဉ်ပါက အကောင်ရေများ သိသိသာသာကျဆင်းလာသည်ကို လေ့လာသိရှိနိုင်သည်။ ထိုသို့အကောင်ရေ ကျဆင်းလာရသည့် အကြောင်းအရင်းများမှာ ကျက်စားရာနေရာများ လျော့ပါးပျောက်ကွယ်လာခြင်း၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းခြင်း၊ စိုက်ပျိုးရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ နောက်ဆက်တွဲပြဿနာများ ဖြစ်ပေါ်ခြင်း၊ အမဲလိုက်ခြင်း သို့မဟုတ် အဆိပ်ချဖမ်းဆီးခြင်း၊ ဒေသမျိုးရင်းမဟုတ်သော မျိုးစိတ်များ ဝင်ရောက်လာခြင်း စသည်တို့ကြောင့် ဖြစ်သည်။

ထို့ကြောင့် ရေပျော်ငှက်များ ရေရှည်တည်မြဲနိုင်ရန် ရေဝပ်ဒေသများနှင့် ရေပျော်ငှက်များ ကျက်စားရာနေရာများအား ထိန်းသိမ်းကာကွယ်ခြင်း၊ ရေပျော်ငှက်များ တရားမဝင်ဖမ်းဆီးရောင်းချမှုများအား သတင်းပေးခြင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းပြီး ကင်းလှည့်စစ်ဆေးမှုများ ပြုလုပ်ခြင်း စသည့်လုပ်ငန်းစဉ်များတွင် တက်တက်ကြွကြွ ပါဝင်ခြင်းဖြင့် ရေပျော်ငှက်များကို စုပေါင်းထိန်းသိမ်းနိုင်မည်ဖြစ်သည်။

ကိုးကား –
Monitoring of migratory shorebirds in the Gulf of Mottama Ramsar Site

# ထမံသီတောတွင် ရှားပါးဘင်္ဂလားကျားများကို ထိန်းသိမ်းထား

**ညိမ်းသူ (သတင်းစဉ်)**

**စစ်ကိုင်း** တိုင်းဒေသကြီး ခန္တီးခရိုင်အတွင်းတည်ရှိသည့် ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ရှားပါးမျိုးစိတ်ဝင် ဘင်္ဂလားကျားများကို သစ်တောဦးစီးဌာန သဘာဝပတ်ဝန်းကျင်နှင့် သားငှက်ထိန်းသိမ်းရေးဌာနက ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း သိရသည်။



ထမံသီသစ်တောတွင် ထိန်းသိမ်းကာကွယ်ထားသည့် ရှားပါးဘင်္ဂလားကျားတစ်ကောင်ကို တွေ့ရစဉ်။

မြန်မာနိုင်ငံမြောက်ပိုင်းရှိ ထမံသီတောရိုင်း တိရစ္ဆာန်ဘေးမဲ့တောနှင့် တောင်ဘက်ပိုင်းရှိ တနင်္သာရီတိုင်းဒေသကြီး သဘာဝကြိုးဝိုင်းတို့တွင် ရှားပါးမျိုးစိတ်ဝင်ကျားများ နေထိုင်ကျက်စားလျက်ရှိသည်။ ခန္တီးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်အတွင်း တည်ရှိသည့် ထမံသီ တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောသည် ၈၃၀ ဒသမ ၄ စတုရန်းမိုင် (၅၃၁၄၅၆ ဧက) ကျယ်ဝန်းပြီး ၁၉၇၄ ခုနှစ် မေလတွင် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအဖြစ် သတ်မှတ်ခဲ့သည်။ ၁၉၉၄ ခုနှစ် စက်တင်ဘာလ ၁ ရက်က ဟုမ္မလင်းမြို့၌ တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအုပ်ချုပ်ရေးမှူးရုံးဖွင့်လှစ်၍ ထိန်းသိမ်းရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၈ ရက်က တမံသီ တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအား အာဆီယံအမွေအနှစ် ဥယျာဉ်အဖြစ် အတည်ပြု သတ်မှတ်ခဲ့သည်။

"ရှားပါးတိရစ္ဆာန်ဖြစ်တဲ့ ကျားဆိုရင် မြန်မာနိုင်ငံ မြောက်ဖျား ဟူးကောင်းချိုင့်ဝှမ်းဘေးမဲ့တောနဲ့ ထမံသီဘေးမဲ့တောဆိုပြီးရှိတယ်။ ထမံသီမှာတော့ ပြီးခဲ့တဲ့နှစ်ကတည်းက ကင်မရာတွေ တပ်ဆင်ခဲ့တာမှာ ကျားသွားလာမှုပုံရိပ် တွေရရှိခဲ့တယ်။ ဧရိယာ ၄ စတုရန်းကီလိုမီတာ တစ်ပွိုင့်ကို ကင်မရာနှစ်လုံးနဲ့ ၁၅ ပွိုင့် တပ်ဆင်ခဲ့တယ်။ သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS) ပညာရှင်တွေ ခန့်မှန်းထားတာတော့ ကျားကောင်ရေ ၁၅ ကောင်ကနေ ၂၀ အထိ ကျက်စားနေတယ်လို့ ဆိုပါတယ်။ အတိအကျ ခန့်မှန်းဖို့ဆိုရင် နည်းပညာပိုင်းဆိုင်ရာလည်းလိုပါတယ်။ ပြီးတော့ သဘာဝပတ်ဝန်းကျင်နဲ့ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းမှုမှာ ဒေသခံပြည်သူများအားလုံး ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားဖို့လည်း လိုပါတယ်" ဟု ဘေးမဲ့တောအုပ်ချုပ်ရေးမှူး ဦးဝင်းလှိုင်က ပြောသည်။

ကမ္ဘာပေါ်တွင် သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့မှုကို ထောက်ပံ့ပေးလျက်ရှိသည့် တောရိုင်းတိရစ္ဆာန်များနှင့် ငှက်မျိုးစိတ်များ လူတို့ပယောဂနှင့် သဘာဝဘေးအန္တရာယ်တို့ကြောင့် လျော့နည်းပျောက်ကွယ်လျက်ရှိရာ မြန်မာနိုင်ငံတွင် ရှားပါးစာရင်းဝင်ဖြစ်သည့် ကျားမျိုးစိတ်များကို ကာကွယ်ထိန်းသိမ်းလျက်ရှိသည်။ ကျားတစ်ကောင်လျှင် ကီလိုမီတာ ၂၅၀ မှ ၃၀၀ အတွင်း ကျက်စားလေ့ရှိပြီး မြန်မာပြည်မြောက်ပိုင်းတွင် ထမံသီတောနှင့် ဟူးကောင်းချိုင့်ဝှမ်း ဒေသတို့တွင် ဘင်္ဂလားကျားများ ကျက်စားလေ့ရှိ၍ မြန်မာပြည်တောင်ဘက်ပိုင်း တနင်္သာရီတိုင်းဒေသကြီး သဘာဝကြိုးဝိုင်း၌ အင်ဒိုချိုင်းနားကျားများ ကျက်စားလျက်ရှိကြောင်း သိရသည်။ ကျားများ၏ ကိုယ်တွင်းအင်္ဂါ၊ အရိုးနှင့် အရေသည် ကမ္ဘာ့တောရိုင်းတိရစ္ဆာန် မှောင်ခိုဈေးကွက်ဝင်လျက်ရှိသဖြင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS)အနေဖြင့် ကျားကျက်စားရာ နိုင်ငံပေါင်း ၁၃ နိုင်ငံနှင့် ပူးပေါင်း၍ ရှားပါးတိရစ္ဆာန်နှင့် ငှက်မျိုးစိတ်များ ထိန်းသိမ်းကာကွယ်ရေးကို ပူးပေါင်းလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ဓာတ်ပုံ–ကနူး**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၅-၉-၂၂ တနင်္လာနေ့

**MRTV**

- ၀၆:၀၀ မင်္ဂလာနံနက်ခင်း
- နံနက်ခင်းသတင်း
- MRTV National News
- Economic Review
- This Week's Special Interest
- ပြည်တွင်းသတင်း
- ပြည်တွင်းသတင်း၊ နိုင်ငံခြားသတင်း

**mitv**

- 07:01 Evergreen Classic: Sone Taw Myaing (Takkatho Lae Lae)
- 07:11 Bago: A City Of Famous Historic Pagoda
- 07:32 Myanmar Marionette
- 08:01 News
- 08:26 Global Updates, Rest your way healthy
- 08:35 Sri Ksetra, Field of Fortune & Glory (Part-1)
- 08:54 Dat Taw Gyaik Waterfall
- 09:01 His Life and His Art, Myanmarpyi Thein Tan- The Legendary Musician (Epi- 1) 1945-1960
- 09:32 Discovering Tribes: Yin Net Tribe - Their Life and Customs
- 09:42 Chinlone and the dreams of the player
- 10:01 News
- 10:26 Number and Name more than 800 islands in Tanintharyi Region

**MRTV NRC**

**MRTV News**

- ပြည်တွင်းသတင်း (LIVE)
- Weekly Selected News
- ပြည်တွင်းသတင်း (LIVE)
- နိုင်ငံခြားသတင်း (LIVE)
- MRTV National News
- ပြည်တွင်းသတင်း (LIVE)
- နိုင်ငံခြားသတင်း (LIVE)
- ပြည်တွင်းသတင်း (LIVE)
- ပြည်တွင်းသတင်း (LIVE)

**MRTV Parliament**

- "PR SYSTEM"
- Economic Review

**MRTV Farmer Channel**

- June Tour of Our South Garden! Garden Answer
- Raise chickens for sale. How to raise newly hatched chicks with high efficiency.
- How To Steer and Bury Pumpkin Vines
- Busy Day on the Farm

**MRTV Sports**

- Sports Diary
- MNL 2022 Match (Replay)
- SPORTS MAX

Education Channel




# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၃

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

မိုး/ဇလ


**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီမွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာသစ် တစ်ဦးတွေ့ရှိ

(၃-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၂-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၈၂၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာသစ် (၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၃) ရာခိုင်နှုန်း ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

# သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃ - ၉ - ၂၀၂၂

စက်သုံးဆီ(လက်လီဈေးနှုန်းများ)


| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၁၅ ကျပ် | ၂၄၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၉၀ ကျပ် | ၂၅၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၂၆၀ ကျပ် | ၂၃၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၃၇၀ ကျပ် | ၂၄၂၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၅၀၀ | ၉၄၀၀ | ၉၄၀ | ၈၈၇၆၅၀၀ |
| MTSH | ၃၂၀၀ | ၃၁၅၀ | ၈၇၉၂ | ၂၇၈၀၃၉၀၀ |
| MCB | ၈၁၀၀ | ၈၀၀၀ | ၄၇၃ | ၃၇၈၅၀၀၀ |
| FPB | ၁၇၀၀ | ၁၇၀၀ | ၃၅၄၄ | ၆၀၂၄၈၀၀ |
| TMH | ၂၄၅၀ | ၂၄၅၀ | ၅၅၀ | ၁၃၄၇၅၀၀ |
| EFR | ၂၃၀၀ | ၂၃၀၀ | ၈၈၇ | ၂၀၄၀၁၀၀ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၄၃၅ | ၂၁၃၁၅၀၀ |
| MAEPC | ၁၉၀၀ | ၁၉၀၀ | ၁၆၈၇ | ၃၂၀၅၃၀၀ |

ညီညီ - စုစည်းသည်



ပျော်ရွှင်လေ့လာအင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ Model Auxiliary Verbs or Model Verbs တွေအကြောင်း ဖော်ပြတဲ့နေရာမှာ can နဲ့ could အကြောင်း နားလည်သဘောပေါက်စေဖို့ နမူနာဝါကျများနဲ့ ပြည့်ပြည့်စုံစုံလေးရှင်းပြပေးလိုက်ပါတယ်။ ဒါ့အပြင် စကားပြောပိုင်းမှာလည်း "Immigrant Life–IV" နိုင်ငံခြားတိုင်းပြည်တစ်ခုခုမှ တခြားနိုင်ငံတစ်ခုခုသို့ ရွှေ့ပြောင်းအခြေချနေထိုင်သူတွေရဲ့ ဘဝတစ်စိတ်တစ်ဒေသအကြောင်း ဘယ်ပုံဘယ်နည်းပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို Shortest way to talk about "Immigrant Life–IV" ဆိုပြီး ဖော်ပြလိုက်ပါတယ်။ ဒါ့အပြင် Vocabulary အပိုင်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့အဓိပ္ပာယ်တူ (Synonyms) စကားလုံးတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်များနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

ဒီတစ်ပတ်မှာတော့ can နဲ့ could တို့ရဲ့ အဓိပ္ပာယ်၊ အသုံးပြုပုံ၊ ဝါကျရေးဖွဲ့စည်းပုံတွေကို နားလည်သဘောပေါက်အောင် နမူနာဝါကျများနဲ့တကွ ရှင်းလင်းဖော်ပြလိုက်ပါတယ်။

✓ **Can and Could**

I can do something = I know how to do it or it is possible for me to do it.

တစ်ခုခုကို လုပ်နိုင်တယ်၊ လုပ်တတ်တယ်၊ ဘယ်လိုလုပ်ရမလဲဆိုတာသိတယ်ဆိုရင် Can နဲ့သုံးနိုင်ပါတယ်။ သူ့ရဲ့ အငြင်းပုံစံကတော့ Can't = Cannot ပဲဖြစ်ပါတယ်။ ဒီ Can / Can't ရဲ့နောက်မှာ Verb Infinitive ပဲ လိုက်ပါတယ်။

**Can + infinitive (can do/ can play/ can come etc):**

**Positive**

| | | |
|---|---|---|
| I/we/you/they/ he/she/it | can | do/play/see/ come etc . |

**Negative**

| | | |
|---|---|---|
| I/we/you/they/ he/she/it | cannot (can't) | do/play/see/ come etc . |

**Question**

| | | |
|---|---|---|
| Can | I/we/you/they/ he/she/it | do?/play?/see?/ come? etc . |

ဥပမာ –

- I **can play** the piano. My brother **can play** the piano too.
- Sarah **can speak** Italian but she **can't speak** Spanish.
- **Can** you **swim**? Yes, but I'm not a very good swimmer.
- **Can** you **change** twenty pounds? I'm sorry. I **can't**.
- I'm having a party next week but Paul and Jenny **can't come.**

✓ For the past (yesterday/last week etc.) we use could/ couldn't:

အတိတ်ကာလအကြောင်းပြောရင် could/ couldn't တို့ကို သုံးနိုင်ပါတယ်။ သူ့ရဲ့ အငြင်းနဲ့ မေးခွန်းပုံစံတွေကတော့ can ဖွဲ့စည်းပုံအတိုင်းပဲဖြစ်ပါတယ်။ ဥပမာ –

- When I was young, I **could run** very fast.
- Before Anna came to Britain, she **couldn't understand** much English. Now she **can understand** everything.
- I was tired last night but I **couldn't sleep**.
- I had a party last week but Paul and Jenny **couldn't come.**

**Can you …? / Could you …? / Can I …? / Could I …?**

✓ **when we ask people to do things:**

လူတွေကို တစ်ခုခုလုပ်ပေးဖို့ ပြောတဲ့အခါမှာသော်လည်းကောင်း

- Can you open the door, please? (or) Could you open the door, please?
- Can you wait a moment, please? (or) Could you wait a moment, please?

✓ **to ask for something:**

တစ်ခုခုတောင်းဆိုတဲ့အခါမှာသော်လည်းကောင်း

- (in a shop) Can I have these postcards, please? (or) Could I have these postcards, please?

✓ **is it OK to do something?:**

(လုပ်) ပေးနိုင်မလား? (လုပ်) ပေးရင် အဆင်ပြေမလား?

- Tom, can I borrow your umbrella? (or) Tom, could I borrow your umbrella?
- (on the phone) Hello, can I speak to Gerry, please? (or) Could I speak to Gerry, please?

**ယခင်အပတ်လေ့ကျင့်ခန်းမှ အဖြေများ**

**Exercise (1) မှအဖြေများ**

1. I might go to the cinema.
2. I might see you tomorrow.
3. Ann might forget to phone.
4. It might snow today.
5. I might be late tonight.
6. Mary might not be here.
7. I might not have time to meet you.

**Exercise (2) မှအဖြေများ**


1. I'm not sure. I might go to Italy.
2. I don't know. I might go away.
3. I'm not sure. I might see her on Monday.
4. I don't know. I might have fish.
5. I'm not sure. I might take a taxi.
6. I haven't decided yet. I might buy a new car.

## VOCABULARY (SYNONYMS)

| | | | | |
|---|---|---|---|---|
| 1. tested | = | tried | (စမ်းသပ်သည်) |
| 2. thief | = | burglar | (ဖောက်ထွင်းသူခိုး) |
| 3. thrust | = | push | (အင်အားဖြင့်တွန်းသည်) |
| 4. tranquil | = | calm | (ငြိမ်သက်အေးချမ်းသော) |
| 5. transparent | = | clear | (ကြည်လင်သော) |

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about "Immigrant Life – IV"

ဒီတစ်ပတ်မှာတော့ "Immigrant Life–IV" နိုင်ငံခြားတိုင်းပြည်တစ်ခုခုမှ တခြားတိုင်းပြည်တစ်ခုခုသို့ ရွှေ့ပြောင်းအခြေချနေထိုင်သူများရဲ့ ဘဝတစ်စိတ်တစ်ဒေသအကြောင်း ဘယ်ပုံဘယ်နည်း ပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို Shortest way to talk about "Immigrant Life–IV" ဆိုပြီး ဖော်ပြလိုက်ပါတယ်။

**Conversation**

**Immigrant Life Part –4**

**Asking for Information**

**Laura:** Hello, Can I have a map of the town, please?

**Tourist Information Officer:** Of course. Here you go.

**Laura:** Can you show me where we are on the map?

**Tourist Information Officer:** We are right here, in the Liberty City. Where do you want to go?

**Laura:** **Downtown.** Can you give me some information about the transportation available here?

**Tourist Information Officer:** Of course. You can use the metrobus, metrorail or metro–mover.

**Laura:** Well, I think I'm going to choose the metro bus. How much does a monthly pass cost?

**Tourist Information Officer:** It's $ 112.5.

**Laura:** **Okay.** I'll take it. And what line do I need to reach downtown?

**Tourist Information Officer:** You should take line 21. The buses run every 15 minutes.

**Laura:** Great. How long does it take to reach there?

**Tourist Information Officer:** It takes 35 minutes.

**Laura:** Thanks

**Tourist Information Officer:** Don't mention it.

**Language Focus**

**Can I have …?**

၁။ ရနိုင်မလားဆိုတဲ့ သဘောမျိုးနဲ့ တစ်ခုခုတောင်းဆိုတဲ့အခါမှာ ဒီလို Can I have …? ဆိုတဲ့ပုံစံမျိုးနဲ့ ပြောနိုင်ပါတယ်။ သူ့ရဲ့နောက်မှာ please ဆိုတဲ့ စကားလုံးကိုလည်း ထည့်သုံးလေ့ရှိပါတယ်။ ဥပမာ –

- Can I have a map of the town, please?

**Can you show me…?**

၂။ လူတွေကို တစ်ခုခုလုပ်ခိုင်းတဲ့အခါမှာလည်း Can နဲ့သုံးနိုင်ပါတယ်။ မင်းငါ့ကို ပြနိုင်မလားဆိုတဲ့သဘောမျိုးသုံးရင် Can you show me …? ဆိုပြီး သုံးနိုင်ပါတယ်။ ဥပမာ –

- Can you show me where we are on the map?
- Can you give me some information about the transportation available here?

**I'll take it**

၃။ ဒါလေးကတော့နေ့စဉ်သုံးအင်္ဂလိပ်စကားပြောမှာ ခဏခဏ တွေ့ရပါတယ်။ အဓိပ္ပာယ်ကတော့ ကျွန်တော်ယူမယ်ဆိုတဲ့သဘောမျိုးပါပဲ။ ဥပမာ –

- A: How much is this T–shirt?
  B: It's only $ 20.
  A: I'll take it.

**How long does it take…?**

၄။ ဘယ်လောက်ကြာလဲဆိုပြီး မေးတဲ့အခါမှာ အသုံးများတဲ့ စကားပြောပုံစံတစ်ခုကတော့ How long does it take ပဲဖြစ်ပါတယ်။ ဒီမှာကတော့ အဲဒီကိုရောက်ဖို့ဘယ်လောက်ကြာလဲဆိုပြီးမေးထားတဲ့ပုံစံမျိုးနဲ့ သုံးထားပါတယ်။ ကြည့်ရအောင်ပါ။

- How long does it take to reach there?

**The buses run**

၅။ ဘတ်စ်ကားပြေးဆွဲတဲ့အခါမှာ ဘယ်လိုမျိုးပြောလဲဆိုရင် run နဲ့ သုံးလေ့ရှိပါတယ်။ ဥပမာ ဘတ်စ်ကားက ၁၀ မိနစ်ကြာတစ်ခါပြေးဆွဲတယ်လို့ပြောရင် –

- The bus runs every 10 minutes.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် တန်ဖိုးသင့်အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ပြည်သူများအားရောင်းချပေးနေမှု ကြည့်ရှုအားပေး

**မုံရွာ စက်တင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ မုံရွာခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၂ ရက်က မုံရွာမြို့ မဟာလယ်တီကျောင်းတိုက်ကြီးသို့ ရောက်ရှိရာ ပင့်သံဃာဆရာတော်ကြီးများထံ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောင်းတိုက်ကြီးတွင် သီတင်းသုံးတော်မူကြသော ဆရာတော်၊သံဃာတော်များ ဝါတွင်းကာလအတွင်း စိတ်နှလုံးချမ်းမြေ့စွာဖြင့် တရားဘာဝနာများ ကျင့်ကြံအားထုတ်ပွားများနိုင်စေရန်အတွက် ကျောင်းတိုက်ကြီးပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်စေရေးတို့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ လယ်တီရပ်ကွက်ရှိ ပြည်ထောင်စုဈေးကြီးတွင် စားသုံးသူရေးရာဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ဆန်ကုန်သည်ကြီးများအသင်း၊ ဆီကုန်သည်နှင့် ထုတ်လုပ်ရောင်းချသူများအသင်း၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းနှင့် အသား၊ ငါး၊ ကြက်ဥ မွေးမြူထုတ်လုပ်ရောင်းချသူများအသင်းတို့ ပူးပေါင်း၍ ဒေသခံပြည်သူများ အခြေခံစားသောက်ကုန်များအား ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရေးအတွက် ဆန်၊ ဆီ၊ ကြက်သား၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်များ ရောင်းချပေးနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ရောင်းချပေးမှုကို မုံရွာမြို့ပေါ်ရှိဈေးများ၊ ရပ်ကွက်များနှင့်ရုံးဝန်ထမ်းအိမ်ရာများတွင် အပတ်စဉ် စနေနေ့တိုင်း လိုက်လံရောင်းချပေးလျက်ရှိကြောင်းနှင့် အလားတူရောင်းချမှုများကို တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အားလုံးတွင် ပြည်သူများအား သက်သာသောဈေးနှုန်းဖြင့် အခြေခံစားသောက်ကုန်များ ရောင်းချပေးသည်။



ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လယ်တီရပ်ကွက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းအိမ်ရာအတွင်း စိုက်ပျိုးထားသော Home Garden စိုက်ခင်း လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

---

◆ *ကျောဖုံးမှ*

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ရေအရင်းအမြစ်နှင့် ရေဝေရေလဲဒေသများထိန်းသိမ်းရန်၊ ဂေဟစနစ် တည်ငြိမ်မှုရှိစေရန်၊ ဒေသခံပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော သစ်၊ ထင်း၊ ဝါး စသည့်သစ်တောထွက်ပစ္စည်းများ ဖြည့်ဆည်းပေးနိုင် ရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းနိုင်ရန်နှင့် ရာသီဥတုသာယာမျှတစေပြီး စိုက်ပျိုးရေးလုပ်ငန်းများကို အထောက်အကူပြုစေရန် ရည်ရွယ်၍ ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများကို ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

ကောင်းခါးကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းအားဖြင့် အဆိုပါ ဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော ယမနေ၊ ထောက်ကြံ့၊ ထင်းရှူး၊ ယင်းတိုက်၊ တောင်တမာ စသည့်အဖိုးတန်သစ်မျိုးများနှင့် ချဉ်ယုတ်၊ သဖန်း၊ ကတွတ်၊ မက်ခေါက်၊ ညံ၊ သစ်အယ်၊ ချယ်ရီရိုင်း၊ လက်ပံဒေသမျိုးရင်းသစ်မျိုးများကို ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ မျိုးသုဉ်းပျောက်ကွယ်နိုင်သည့် အပင်မျိုးစိတ်များနှင့် တောရိုင်းတိရစ္ဆာန်များအား ကာကွယ်နိုင်ခြင်း၊ နေထိုင်ကျက်စားလျက်ရှိသော သမင်၊ ဒရယ်၊ ချေ၊ တောဝက်၊ တောကြောင်၊ တောကြက် စသည့်တောရိုင်းတိရစ္ဆာန်များ၏ နေရင်းဒေသတိုးပွားလာနိုင်ခြင်းနှင့် နမ့်တဲဝမ်းချောင်း၏ ရေဝေရေလဲဧရိယာအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

---

# မြန်မာ ယူ-၂၃ အသင်း အာရှဖလား ယူ - ၂၃ ခြေစစ်ပွဲကျင်းပမည့် တောင်ကိုရီးယားနိုင်ငံ၌ စတင်လေ့ကျင့်

**ရန်ကုန် စက်တင်ဘာ ၃**

မြန်မာ ယူ-၂၃ အသင်းသည် ၂၀၂၄ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲ အုပ်စု (ခ) ပွဲစဉ်များ လက်ခံကျင်းပမည့် တောင်ကိုရီးယားနိုင်ငံသို့ ရောက်ရှိနေပြီဖြစ်ပြီး လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

မြန်မာ ယူ-၂၃ အသင်းသည် စက်တင်ဘာ ၂ ရက်တွင် ရန်ကုန်မြို့မှ ထွက်ခွာပြီး စက်တင်ဘာ ၃ ရက်နံနက်ပိုင်းတွင် တောင်ကိုရီးယားနိုင်ငံ ချန်ဝမ်မြို့သို့ ရောက်ရှိကာ ညနေပိုင်းတွင် စတင်လေ့ကျင့်ခဲ့ခြင်းဖြစ်သည်။ ခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၃ အသင်းကို နည်းပြချုပ်အဖြစ် ဦးအောင်နိုင်က ကိုင်တွယ်လျက်ရှိသည်။ ခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၃ အသင်းတွင် အမာခံကစားသမားအစုံအလင်ပါဝင်လာပြီး အာဆီယံ ယူ-၂၃ ပြိုင်ပွဲတွင် ကလပ်ပွဲစဉ်များနှင့် တိုက်ဆိုင်နေသဖြင့် မပါဝင်နိုင်သည့် ဟိန်းထက်အောင်၊ ဇော်ဝင်းသိန်း၊ ဥက္ကာနိုင်နှင့် ရန်ကျော်စိုးတို့လည်း ပါဝင်လာသည်။

မြန်မာ ယူ-၂၃ အသင်းတွင် ဂိုးသမား-ပြည့်ဖြိုးသူ (ရတနာပုံ)၊ ဟိန်းထက်စိုး (ရှောဝတီ)၊ နေလင်းထက် (ဟံသာဝတီ)၊ နောက်တန်း-မင်းခန့် (ရခိုင်ယူနိုက်တက်)၊ ကောင်းထက်ပိုင်၊ သက်ဟိန်းစိုး၊ နောင်နောင်စိုး (ရတနာပုံ)၊ မိုးဆွေအောင်၊ လန်းဆန်းအောင် (အား/ကာသိပ္ပံ)၊ ရှင်းသန့်အောင် (ဟံသာဝတီ)၊ ထူးမြတ်ခန့် (ကချင်ယူနိုက်တက်)၊ လတ်ဝေဘုန်း (ရှောဝတီ)၊ ဉာဏ်လင်းထက် (ရန်ကုန်)၊ အလယ်တန်း-အောင်မျိုးခန့် (ရတနာပုံ)၊ အာကာကျော် (မဟာယူနိုက်တက်)၊ ရန်ကျော်စိုး၊ ဇော်ဝင်းသိန်း၊ ဥက္ကာနိုင် (ရန်ကုန်)၊ စိုးမင်းဦး (မြဝတီ)၊ ခွန်ကျော်ဇင်ဟိန်း (ဟံသာဝတီ)၊ ရှေ့တန်း - ချစ်အေးနှင့် မိုးဆွေ (ရတနာပုံ)၊ ဟိန်းထက်အောင် (နီဂျီရီဆမ်ဘီလန်-မလေးရှား) တို့ ပါဝင်ကြသည်။

ခြေစစ်ပွဲ အုပ်စု (ခ) ပွဲစဉ်များကို စက်တင်ဘာ ၆ ရက်မှ ၁၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် တောင်ကိုရီးယား၊ ကာတာ၊ ကာဂျစ္စတန်အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး အုပ်စုပထမပွဲအဖြစ် စက်တင်ဘာ ၆ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် ကာဂျစ္စတန်အသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။ **ရဲရင့်လွင်**

---

# ပထမဆုံးလေးပွဲတွင် လေးပွဲစလုံးဂိုးသွင်းယူနိုင်သည့် တတိယမြောက် ရီးရဲမက်ဒရစ်ကစားသမားဖြစ်လာသည့် ဘယ်လင်ဂမ်



ရီးရဲမက်ဒရစ် ကွင်းလယ်ကစားသမား ဘယ်လင်ဂမ်သည် ဘာနေဗျူးကွင်း၌ ဂီတာဖေးကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော ပွဲစဉ်တွင် အသင်းအတွက် အနိုင်ဂိုးကို နာကျင်အချိန်ပိုတွင် သွင်းယူပေးနိုင်ခဲ့သည်။ ပွဲချိန်ပြီးဆုံးခါနီးသည်အထိ တစ်ဖက်တစ်ဂိုးစီ သရေကျနေပြီး နာကျင်အချိန်ပို ငါးမိနစ်အရောက်တွင် ဘယ်လင်ဂမ်က ရီးရဲမက်ဒရစ်အသင်းအတွက် သွင်းယူပေးနိုင်ခဲ့ခြင်း ဖြစ်သည်။

**ပထမဆုံးအင်္ဂလန်ကစားသမား**

၎င်း၏ အဆိုပါသွင်းဂိုးကြောင့် ရီးရဲမက်ဒရစ်အသင်းသည် လာလီဂါပွဲစဉ် (၄) အပြီးတွင် ရာနှုန်းပြည့်နိုင်ပွဲနှင့်အတူ အမှတ်ပေးဇယားကို ဆက်လက် ဦးဆောင်နိုင်ခဲ့သည်။ ထို့ပြင် ၎င်းသည် ဩဂုတ်လတွင် တစ်လတာ လာလီဂါ အကောင်းဆုံးကစားသမားဆု ဆွတ်ခူးနိုင်သည့် ပထမဆုံးအင်္ဂလန်ကစားသမားလည်း ဖြစ်လာခဲ့သည်။

**ပထမဆုံးလေးပွဲ ဂိုးသွင်းယူ**

ဘယ်လင်ဂမ်သည် ယခုသွင်းဂိုးကြောင့် ယခုနှစ်ရာသီ၏ ငါးဂိုးမြောက်ကို သွင်းယူရရှိခဲ့သည်။ ထို့ပြင် ၎င်းသည် ရီးရဲမက်ဒရစ်အသင်း သမိုင်းတစ်လျှောက် ၁၉၆၀ ပြည့်နှစ်တွင် ပီပီလ်လို၊ ၂၀၀၉ ခုနှစ်တွင် ခရစ္စတီယာနိုရော်နယ်ဒို တို့ပြီးနောက် ပထမဆုံးလေးပွဲတွင် လေးပွဲစလုံးဂိုးသွင်းယူနိုင်သည့် တတိယမြောက် ကစားသမား ဖြစ်လာခဲ့သည်။ **အောင်ဇော်**

---

○ *ကျောဖုံးမှ*

စွမ်းဆောင်နိုင်ခဲ့သော်လည်း ယခုပွဲစဉ်တွင် ခြေစွမ်းပြသနိုင်ခြင်းမရှိဘဲ လီဗာပူးအသင်းကို ဂိုးပြတ်ရှုံးနိမ့်ခဲ့ခြင်း ဖြစ်သည်။

ပုံမှန်ခြေစွမ်းပြသထားနိုင်သည့် အိမ်ရှင်လီဗာပူးအသင်းကလည်း ရရှိလာသည့်အခွင့်အရေးများကို အမိအရအသုံးချကာ သွင်းဂိုးများအဖြစ် ပြောင်းလဲနိုင်ခဲ့သည်။ လီဗာပူးအသင်းသည် ပရီမီယာလိဂ် ပွဲစဉ် (၄) အပြီးတွင် သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ ရှုံးပွဲမရှိ ရလဒ်ရရှိထားသည်။ ပြိုင်ဘက် အက်စ်တွန်ဗီလာအသင်းက နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံး ရလဒ်ရရှိထားသည်။ လီဗာပူးအသင်းအတွက် သွင်းဂိုးများကို ဇိုဘော့စ်လိုင်၊ ကက်ရှ်နှင့် ဆာလာတို့က သွင်းယူပေးနိုင်ခဲ့သည်။

ခရစ္စတယ်ပဲလေ့စ်နှင့် ဝုဖ်အသင်းပွဲစဉ်တွင် ပဲလေ့စ်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဒုတိယပိုင်း ပွဲချိန် ၅၆ မိနစ်တွင် ခရစ္စတယ်ပဲလေ့စ်အသင်း ဦးဆောင်ဂိုးရရှိပြီးနောက် ပွဲမှာမြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် ပိုပြီးအကြိတ်အနယ်ရှိလာခဲ့သည်။ ပဲလေ့စ်အသင်းအတွက် သွင်းဂိုးများကို အီဒွေါဒ်နှင့် အီဇီတို့က သွင်းယူပေးပြီး ဝုဖ်အသင်းအတွက် ချေပဂိုးများကို ဟွမ်နှင့် ကွန်ဟာက သွင်းယူပေးခဲ့သည်။

ပဲလေ့စ်သည် ပွဲစဉ် (၄) အပြီးတွင် နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရလဒ်ရရှိထားသည်။ ဝုဖ်အသင်းက တစ်ပွဲနိုင်၊ သုံးပွဲ ရှုံးနိမ့်ထားသည်။ အာဆင်နယ်နှင့် မန်ယူတို့ပွဲတွင် နှစ်သင်းစလုံး အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ပြီး ပထမပိုင်းတွင် တစ်ဂိုးစီသရေဖြစ်ခဲ့ကာ ပွဲအပြီးတွင် အာဆင်နယ်က သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ **အောင်ဇော်**

---

# သာယာဝတီမြို့နယ်၌ ရွှေဆွဲကြိုးဖြတ်၍ လုယက်ထွက်ပြေးသူအား ဖမ်းဆီးရမိ

**သာယာဝတီ စက်တင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ စက်တင်ဘာ ၃ ရက် နံနက် ၁၀ နာရီက ဈေးပိုင်းရပ်ကွက် ဈေးလမ်း သမ္မာဆန္ဒဓမ္မာရုံရှေ့တွင် မယဉ်မာနွယ် (၂၇ နှစ်) အထည်ချုပ်လုပ်သား သခွပ်ကုန်းရပ်ကွက် သုံးဆယ်မြို့နေသူသည် သာယာဝတီမြို့မဈေးအတွင်းမှ ဈေးဝယ်ပြီး ပြန်လာစဉ် ၎င်း၏နောက်မှ လူတစ်ဦးက SMASH အမျိုးအစား အနက်ရောင်ဆိုင်ကယ်ဖြင့် ရောက်ရှိလာပြီး မယဉ်မာနွယ်၏ ဝဲဘက်ပုခုံးကို ရိုက်၍ နာကျင်ဒဏ်ရာရရှိစဉ် ယဉ်မာနွယ်၏လည်ပင်းတွင်ဆွဲထားသော အလေးချိန် ငါးမူးသားခန့်ရှိ သံကြိုးကွင်းဆက်ပုံ ရွှေဆွဲကြိုးကို ဆွဲဖြတ်ယူပြီး မောင်းနှင်ထွက်ပြေးသွားရာ မယဉ်မာနွယ်မှာ လမ်းဘေးလဲကျသွားခဲ့ပြီး ပွန်းခြစ်ဒဏ်ရာများ ရရှိခဲ့သည်။

အဆိုပါဖြစ်စဉ်ကို သတင်းရလျှင်ရချင်း မြို့မစခန်းမှူး ဒုတိယရဲမှူးမျိုးသန့်စိန်နှင့် ရဲတပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူမှာ ရန်ကုန် - ပြည်လမ်းအတိုင်း သုံးဆယ်မြို့ဘက်သို့ မောင်းနှင်သွားခဲ့ကြောင်း သိရှိရသဖြင့် ပိတ်ဆို့ရှာဖွေစစ်ဆေးခဲ့ရာ သုံးဆယ်မြို့ ဈေးလမ်း နာရီစင်အနီးတွင် ဆွဲကြိုးဖြတ်၍ ထွက်ပြေးသွားသူ သောင်းထိုက် (၄၈ နှစ်) မအူခုံရပ် အရှေ့သပြေကုန်းရပ်ကွက် သုံးဆယ်မြို့နေသူကို ဖမ်းဆီးရမိခဲ့ပြီး အမှုဖွင့်အရေးယူရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တာချီလိတ်၊ ကျောက်တလုံးကြီး၊ ကလော၊ သာကေတ၊ မြစ်ကြီးနားနှင့် ချမ်းမြသာစည်မြို့နယ်တို့မှ စိတ်ပြောင်းဆေးဝါးများနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၃**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁ ရက် ည ၉နာရီခန့်က တာချီလိတ်မြို့ ဆန်ဆိုင်း(ခ) ရပ်ကွက်အတွင်းတွင် စိုင်းဖွန်းမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်နှင့် အိုက်ခမ်းကောင်(ခ) ခမ်းကောင် မောင်းနှင်လာသည့် Crown မော်တော်ယာဉ်တို့ကို သတင်းအရ ရှာဖွေရာ Crown ယာဉ်ပေါ်မှ ငွေကျပ်သိန်း ၂၀၀၀ တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး အက်တက်စီဆေးပြား ၅၀၀၀ သိမ်းဆည်းရမိခဲ့သည်။



နေဒ်မိုင်(ခ)အင်ခွန်နေဒ်နှင့် ရဲဇော်ဖြိုး(ခ)ရဲဇော် တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

အလားတူ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁ ရက် နံနက် ၅ နာရီခွဲခန့်က ကျောက်တလုံးကြီးမြို့နယ် ကက္ကူကျေးရွာအုပ်စု ကျောင်းထိုကျေးရွာရှိ ခွန်အောင်သာ (၄၉)နှစ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းအား Mitsubishi အမျိုးအစား မော်တော်ယာဉ်နှင့်အတူ တွေ့ရှိပြီး နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၆၀၀၀ ကို လည်းကောင်း၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁ ရက် မွန်းလွဲ ၁ နာရီက သာကေတမြို့နယ် ၂/ မြောက်ရပ်ကွက် ထူပါရုံလမ်းမကြီးပေါ်တွင် မသင်္ကာဖွယ်တွေ့ရှိသူ မမိုးမိုးသန်း (၃၇)နှစ်အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကို လည်းကောင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၃၁ ရက် မွန်းတည့် ၁၂ နာရီက ကလောမြို့နယ် မြင်းမထိကျေးရွာအုပ်စု မြင်းမထိကျေးရွာအနီး ပင်လောင်း-အောင်ပန်းသွားကားလမ်းတွင် တင်ဇော်မိုး(ခ)ကိုပေါက်(၄၉)နှစ် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀၊ ဆေးခြောက် သုည ဒသမ ၄ ကီလိုကို လည်းကောင်း၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁ ရက် ညနေ ၄ နာရီက မြစ်ကြီးနားမြို့ ယုဇနရပ်ကွက် လင်းရောင်ခြည်လမ်းပေါ်တွင် နေဒ်မိုင်(ခ)အင်ခွန်နေဒ် မောင်းနှင်လာသည့်မော်တော်ဆိုင်ကယ်နှင့် ရဲဇော်ဖြိုး(ခ) ရဲဇော် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်တို့ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၀၉၀၀ ကို လည်းကောင်း။

စက်တင်ဘာ ၂ ရက် နံနက် ၈ နာရီခွဲတွင် ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက် ၄၇(A)လမ်း ၁၁၇ x ၁၁၈ လမ်းကြားရှိ မဇင်မင်းထွေး၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၂၈၀၊ စိတ်ပြောင်းဆေးဝါး ကက်တမင်း သုည ဒသမ ၆၅ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရားမဝင် စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၃**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၃၀ ရက်က ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က ဗန်းမော်မြို့နယ် စီဟဲ စုပေါင်းစစ်ဆေးရေးဂိတ်၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဗန်းမော်မြို့မှ မန္တလေးမြို့သို့ သွားရောက်မည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် လက်ဖက်ခြောက် (၁၃၃၀) ကီလိုဂရမ် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၃၂၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ ဝိုင်းမော်မြို့ ရွှေညောင်ပင်ကျေးရွာ၌ တရားမဝင် ရွှေတူးဖော်ရာတွင် အသုံးပြုသည့် (၈)လက်မခန့် ပိုက် ၁၂ ချောင်း၊ Changchai အင်ဂျင်တစ်လုံးနှင့် အလျား ၆ ပေ၊ အနံ(၂)ပေ ခန့်ရှိ အစိမ်းရောင်မျှောဖတ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀) တို့ကို မြန်မာ့သတ္တုတွင်းဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၈၂၀၀၀၀ ကို **(အပေါ်ယာပုံ)** ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၃၀ ရက်က မူဆယ်မြို့ ဆင်ဖြူစစ်ဆေးရေးဂိတ်အကျော် လမ်းဘေးတစ်နေရာတွင် စုပုံထားသော အကောက်ခွန်မဲ့ပစ္စည်းများဖြစ်သည့် Gootie Water Proof Coating (၄)ကီလိုဂရမ်အပါအဝင် ကုန်ပစ္စည်း၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၉၅၀၀၀)ကို လည်းကောင်း၊ ဩဂုတ် ၃၁ ရက်က ကျိုင်းတုံမြို့ ပန်ဥ/ပန်ဆန်းကျေးရွာအနီး၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Duckhams Top Quality Motor Oil ပုလင်း ၆၀၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၀၀၀၀၀၀)ကိုလည်းကောင်း၊ မယ်ယန်း ပူးပေါင်းစစ်ဆေးရေးစခန်း၌ တာချီလိတ်မြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ PUMPKIN တံဆိပ်ပါ Rotary Hammer လေးခု အပါအဝင် ကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၁၄၉၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၃၀၉၉၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၃၀ ရက်က မရမ်းချောင်းအမြဲတမ်းစစ်ဆေးရေးစခန်းမှ (၃) မိုင် (၂) ဖာလုံခန့်အကွာ မုပ္ပလင်-စွပ္ပနူး-အင်္ဂဘိုရောင်ကွင်းလမ်းအဝင် ရော်ဘာတောအတွင်း၌ ရပ်တန့်ထားသော လိုင်စင်မဲ့ Toyota Crown မော်တော်ယာဉ် တစ်စီးနှင့် Toyota Kluger မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄၀၀၀၀၀၀)ကို လည်းကောင်း၊ ဩဂုတ် ၃၁ ရက်တွင် မြန်မာစက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ သုံးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာနှင့် ကွဲလွဲစွာပါရှိလာသည့် ဓာတုပစ္စည်းဟု ယူဆရသော Toluene (၂၂၇၂၅) ကီလိုဂရမ် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၈၁၇၈၀၀၀)ကို လည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ လေးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် Koyo Base Oil (၁၀၀၇၂ ဒသမ ၄)ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၁၅၇၇၃၄)၊ သွင်းကုန်လိုင်စင် တင်ပြနိုင်ခြင်းမရှိသည့် FRP Fiberglass ပလတ်စတစ်ဆန်ခါ (၁၁၀၈၄) ကီလိုဂရမ် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၃၂၇၆၄၀၀) နှင့် သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် Porcelain Tiles အချပ် ၉၀၄၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၇၅၄၀၈၀)ကို လည်းကောင်း၊ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၊ နမ့်အွမ်ကျေးရွာအနီး ရောင်ကွင်းလမ်းတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ပစ္စည်းများဖြစ်သည့် DAILI အမှတ်တံဆိပ်ပါ တရုတ်နိုင်ငံထုတ် ဘီယာပုလင်း ၂၉၄၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၁၀၀၀၀) ကို





လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၈၇၇၆၂၁၄ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၃၁ ရက်က ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က သံလွင်တံတား (ဘားအံ) ပူးပေါင်းစစ်ဆေးရေးဂိတ်၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ တောင်ငူမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် YumYum ခေါက်ဆွဲခြောက် အထုပ် ၁၅၀၀၊ Lacta-soy ပဲနို့ဘူး (၄၈၀၀) အပါအဝင်ကုန်ပစ္စည်း ရှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၁၉၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Voxy တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄၁၉၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၃၁ ရက်က တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က ကော့သောင်းမြို့ တော်ဝင်လမ်း အေးရိပ်ငြိမ်ရပ်ကွက်၌ တရားမဝင် တင်သွင်းထားသည့် Wai Wai ခေါက်ဆွဲခြောက် အထုပ် ၁၈၀၀၊ Singha Beer ပုလင်း ၇၂၀ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၁၉)မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၁၃၇၉၆၁၁၄ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

❂ *ကျောဖုံးမှ*

သို့ဖြစ်ပါ၍ ညောင်ဦးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**ချင်းတွင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှု အခြေအနေ**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

မိုး/ဇလ

**အားကစားမြှင့်တင် စိတ်လန်းရှင် ဆန့်ကျင်မူးယစ်ဆေး**

# ၂၀၂၃ ခုနှစ် စက်တင်ဘာလ (ပထမ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိနိုင်ပါသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့် ရှိနိုင်ပါသည်။

**မိုးရွာသွန်းမှုအခြေအနေ**

တနင်္သာရီတိုင်းဒေသကြီးတွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၁ ဒီဂရီဖာရင်ဟိုက်မှ ၉၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)တို့တွင် ၉၁ ဒီဂရီဖာရင်ဟိုက်မှ ၁၀၀ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်ပါသည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၅၅ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၆၄ ဒီဂရီဖာရင်ဟိုက်မှ ၇၃ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်းနှင့်တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၄ ဒီဂရီဖာရင်ဟိုက်မှ ၈၃ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်ပါသည်။

**လေထုစိုထိုင်းဆအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ၇၅ ရာခိုင်နှုန်းမှ ၈၅ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၆ ရာခိုင်နှုန်းမှ ၉၆ ရာခိုင်နှုန်းအတွင်း အသီးသီး ရှိနိုင်ပါသည်။

**ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၂၄ မီလီမီတာမှ ၃၄ မီလီမီတာအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ၃၅ မီလီမီတာမှ ၄၅ မီလီမီတာအတွင်း အသီးသီး ရှိနိုင်ပါသည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ပြည့်ဝ)အခြေအနေ၊ မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် (စိုစွတ်)အခြေအနေနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် (ခြောက်သွေ့)အခြေအနေ အသီးသီးရှိနိုင်ပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

## စီးပွားရေးသတင်းများ

### ကျောက်ဆည်ခရိုင်၌ မိုးမြေပဲများ စတင်ရိတ်သိမ်းလျက်ရှိ

မန္တလေးတိုင်း ဒေသကြီး ကျောက်ဆည်ခရိုင်သည် စပါး၊ ပဲ၊ ပြောင်းနှင့် ဆီထွက်သီးနှံများကို အဓိကထား စိုက်ပျိုးလျက်ရှိပြီး ဆီထွက်သီးနှံများအနက် မိုးမြေပဲသီးနှံကို ကျောက်ဆည်မြို့နယ်တွင် ၉၂ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ဧက ၃၀၊ မြစ်သားမြို့နယ်တွင် ၅၂၅ ဧက စုစုပေါင်း ၆၄၈ ဧက စိုက်ပျိုးပြီးစီးကြောင်း စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။



မိုးမြေပဲကို မတ်လနှင့် ဧပြီလများတွင် စတင်စိုက်ပျိုးပြီး မျိုးအနေဖြင့် တစ်ဧကလျှင် မြေပဲအတောင့် စိုက်ပျိုးပါက လေးတင်းခန့် ကုန်ကျကြောင်း၊ အစေ့စိုက်ပျိုးပါက တစ်တင်းခွဲခန့် ကုန်ကျရာ တစ်ဧကကုန်ကျစရိတ်အနေဖြင့် မျိုး၊ ထွန်ယက်ခနှင့် လုပ်သားခ စုစုပေါင်း ကျပ် ၃၅၀၀၀၀-၄၀၀၀၀၀ ခန့် ကုန်ကျကြောင်း သိရသည်။

ယခုအချိန်တွင် မိုးမြေပဲများကို စတင်ရိတ်သိမ်းလျက်ရှိပြီး တစ်ဧက အထွက်နှုန်းအနေဖြင့် ၄၉-၅၀ တင်းခန့် ထွက်ရှိကြောင်း၊ မြေပဲဈေးနှုန်းအနေဖြင့် မြေပဲတောင့် တစ်တင်းလျှင် ကျပ် ၃၀၀၀၀၊ မြေပဲဆန် ၁၄ ပိဿာပါ တစ်တင်းလျှင် ကျပ် ၉၈၀၀၀၊ မြေပဲဆီ တစ်ပိဿာလျှင် ကျပ် ၁၅၅၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ မိုးမြေပဲစိုက်ပျိုးခြင်းသည် ကုန်ကျစရိတ်သက်သာပြီး အကျိုးအမြတ်များ ရရှိသည့်အပြင် ပြည်တွင်းစားသုံးဆီဖူလုံရုံသာမက မြေပဲပင်မှ ထွက်ရှိသော မြေပဲရိုးနှင့် မြေပဲမှော်များကိုလည်း ကျွဲ၊ နွား အစာအဖြစ် အသုံးပြုရသောကြောင့် မြေပဲစိုက်တောင်သူများအတွက် တွက်ခြေကိုက်သည့် သီးနှံတစ်မျိုးဖြစ်ကြောင်း သိရသည်။

**DOCA (မန္တလေး)**

### မိုးညိုမြို့နယ်တွင် မိုးကြိုနှမ်းများ ရိတ်သိမ်းလျက်ရှိပြီး အရောင်းအဝယ်ဖြစ်

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်၌ ယခုနှစ်တွင် မိုးနှမ်း ၂၉၅၄၈ ဧက စိုက်ပျိုးလျက်ရှိရာ မိုးကြိုနှမ်းများမှာ ဇူလိုင်လက စတင်ထွက်ရှိပြီး ယခုအချိန်တွင် နှမ်းများ လှိုင်လှိုင်ထွက်ပေါ်လျက်ရှိသည်။ တောင်သူများအနေဖြင့် ထွက်ရှိလာသောနှမ်းများကို စားသုံးဆီအတွက် အနည်းငယ်ချန်ထားပြီး ကျန်နှမ်းများကို နှမ်းအမျိုးအစားအလိုက်သော် လည်းကောင်း၊ အစိုဓာတ်အပေါ်မူတည်၍လည်းကောင်း ရောင်းချလျက်ရှိသည်။

၁၆ ပိဿာပါ တစ်တင်းလျှင် အနည်းဆုံး ကျပ် ၉၀၀၀၀ မှ အများဆုံး ကျပ် ၁၀၂၀၀၀ ဖြင့် တစ်နေ့လျှင် နှမ်းတင်းပေါင်း ၂၀၀ ခန့် မိုးညိုမြို့ရှိ ပွဲရုံများမှ ဝယ်ယူလျက်ရှိကြောင်း၊ ပွဲရုံများမှ ဝယ်ယူထားသော နှမ်းများကို အောင်လံပွဲရုံများသို့လည်းကောင်း၊ ပြည်မြို့ပွဲရုံများသို့ လည်းကောင်း တင်ပို့ရောင်းချလျက်ရှိသည့်အပြင် ကွင်းအရောက်ဆင်း၍ ဝယ်ယူကြသော မန္တလေးဒေသမှ ပွဲစားများထံသို့လည်း ပြန်လည်ရောင်းချလျက်ရှိကြောင်း သိရသည်။

**DOCA (ပဲခူး)**

### မုံရွာမြို့နယ်၌ ငှက်ပျောခြံများကို စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးလာ

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ငှက်ပျောခြံများ တိုးချဲ့စိုက်ပျိုးလာကြပြီး ဒေသခံများ၏ အိမ်ခြံဝင်းအတွင်း အပိုဝင်ငွေရရှိရန် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရာမှ စီးပွားဖြစ်စိုက်ပျိုးလာကြကြောင်း၊ ဒေသတွင်းစိုက်ပျိုးသည့် မျိုးများအနေဖြင့် ဖီးကြမ်းငှက်ပျော(ရိုးရိုး)နှင့် ဖီးကြမ်း(ကျောက်စိမ်း)မျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

စိုက်ပျိုးရာတွင် ငှက်ပျောသားတက်ပင်တစ်ပင်လျှင် ကျပ် ၃၅၀ နှုန်းဖြင့် ကနီမြို့နယ်မှ ဝယ်ယူပြီး တစ်ဧကလျှင် အပင်ရေ ၈၀၀ ခန့် စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးပြီး ၁၃ လသားအရွယ်တွင် ငှက်ပျောအခိုင် စတင်ထွက်ရှိ၍ တစ်ခိုင်လျှင် ၁၀ ဖီးခန့်ပါရှိရာ ရောင်းတန်းဝင် ငါးဖီး ခုတ်ယူရကြောင်း၊ မြေဆီမြေသားကောင်းမွန်မှုနှင့် ရေရရှိမှုအပေါ်မူတည်၍ ငှက်ပျောပင်သက်တမ်း ငါးနှစ်မှ ခုနစ်နှစ်ခန့်အထိ ရောင်းတန်းဝင်ငှက်ပျောခိုင်များ ထွက်ရှိကြောင်း၊ ထွက်ရှိသော ငှက်ပျောများကို မြို့ပေါ်ရှိ ကုန်သည်များက တစ်ဖီးလျှင် ကျပ် ၁၀၀၀-၁၂၀၀ နှုန်းဖြင့် ငှက်ပျောခြံအရောက်လာရောက်ဝယ်ယူကြပြီး မြို့တွင်းလက်လီဈေးများသို့လည်း ပြန်လည်ရောင်းချမှုများရှိသောကြောင့် ငှက်ပျောစိုက်တောင်သူများအနေဖြင့် ဈေးကောင်းရရှိပြီး အဆင်ပြေနေကြောင်း သိရသည်။ **DOCA(စစ်ကိုင်း)**

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

### မန္တလေးတိုင်းဒေသကြီးအတွင်း မိုးနေကြာ မျိုးစေ့ထုတ်စိုက်ခင်း ၇၇၃ ဧက စိုက်ပျိုးပြီးစီး

**မန္တလေး စက်တင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခြောက်ခု၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးနေကြာမျိုးစေ့ထုတ်စိုက်ကေ ၁၂၈၉ ဧက လျာထားသည့်အနက် ၇၇၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

နေကြာစိုက်ကေများ တိုးချဲ့စိုက်ပျိုးလာသည်နှင့်အမျှ လိုအပ်သည့် မျိုးစေ့များ ဖြန့်ဖြူးပေးနိုင်ရန်၊ ပြည်ပမှ စားအုန်းဆီတင်သွင်းမှု လျှော့ချနိုင်ရန်၊ ပြည်တွင်းဆီစားသုံးမှုဖူလုံစေရန်နှင့် ကျန်းမာရေးနှင့် ညီညွတ်သည့် နေကြာဆီများကို စားသုံးနိုင်ရန်အတွက် မိုးနေကြာမျိုးစေ့ထုတ်စိုက်ခင်းများကို မေလမှစတင်စိုက်ပျိုးမှုများ ပြုလုပ်ခဲ့ရာ ကျန်ရှိသည့် စိုက်ကေများကို ဩဂုတ်လအတွင်း အပြီးစိုက်ပျိုးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းမျိုးစေ့တာဝန်ခံက ပြောသည်။

"စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ နေကြာမျိုးစေ့ထုတ်စိုက်ပျိုးတဲ့ စိုက်ကေတွေကို ကွင်းဆင်းစစ်ဆေးခြင်းနဲ့အတူ အထွက်နှုန်းတိုးတက်စေရေးအတွက် နည်းပညာပေးခြင်းလုပ်ငန်းတွေကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ မိုးနေကြာကို စတင်စိုက်ပျိုးစဉ်ကနေ ရိတ်သိမ်းချိန်အထိ ရက်ပေါင်း ၈၀ ကနေ ၈၅ ရက် ကြာမြင့်ပါတယ်။ တောင်သူတွေအနေနဲ့ နေကြာကို သီးသန့်သီးညှပ်အဖြစ် ဝင်ငွေတိုးပွားစေဖို့ စိုက်ပျိုးကြပါတယ်။ ဆီထွက်သီးနှံတွေ မျိုးစေ့ထုတ်စိုက်ပျိုးရာမှာ နေကြာအပြင် မြေပဲ၊ နှမ်းစတဲ့ သီးနှံတွေကိုလည်း မျိုးစေ့ထုတ်စိုက်ကေတွေ စိုက်ပျိုးလျက်ရှိပါတယ်"ဟု ၎င်းက ပြောသည်။

နေကြာကို တိုင်းဒေသကြီးအတွင်း ဆီစားသုံးမှုဖူလုံစေရန်အတွက် နှစ်စဉ်စိုက်ပျိုးလျက်ရှိပြီး နေကြာဆီကို စားသုံးခြင်းဖြင့် နုပျိုစေခြင်း၊ အိုမင်းရင့်ရော်မှုကို နှေးစေခြင်း၊ ကင်ဆာဖြစ်ခြင်းကို ကာကွယ်ခြင်း၊ ကိုလက်စထရောကို လျှော့ကျစေခြင်း၊ ဒဏ်ရာအနာအကျက်မြန်ခြင်း၊ နှလုံးသွေးလမ်းကြောင်း ကျန်းမာစေခြင်းနှင့် ကိုယ်ခံအားမြင့်မားစေခြင်း စသည့် အကျိုးကျေးဇူးများရှိကြောင်း သိရသည်။ **မောင်အေးချမ်း**



## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

